အောင်မြင်စာပေ

# ဒေဝတ



ပုံကျော်

ပုံနှိပ်မှတ်တမ်း
၂၀၁၈ခုနှစ်၊ (ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။
ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြ -၀၀၀၇၇)၊ အမှတ် (၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ။
အောင်မြင့်စာပေ (မြ -၀၀၂၇၆)၊ အမှတ် (၇) သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။










## အခန်း(၁)

"အမယ်လေး...ကယ်ကြပါ...ကျွန်မကို ကယ်ကြပါ..."

မြတ်စွာဘုရား...။

ဒါ...ဒါ...ဘယ်ကအသံလဲ။

မေမြတ်မိုး bathtub ထဲတွင် အသာမှေးကာ ရေစိမ်နေရာမှ အလန့်
ဘကြား အမြန်ခုန်ထွက်လိုက်တယ်။

ရင်ထဲမှာ တဝုန်းဝုန်း ဖြစ်နေမိတယ်။

မိန်းကလေးတစ်ယောက်ရဲ့...အသက်အန္တရာယ်အတွက် ကြောက်
ကြက်ဖွယ်ရာ ချောက်ချောက်ချားချား အော်ဟစ်လိုက်တဲ့အသံ...။

အသံက တိုးသဲ့လှပေမယ့် ဟော့ဒီအနီးတစ်ဝိုက်က ကြားလိုက်

ရတာ။

အသေအချာ ပြောရရင်...

ဟော့ဒီ ရေချိုးခန်းထဲက...။

မေမြတ်မိုးကျောပြင် စိမ့်ခနဲ ဖြစ်သွားရပြီး တန်းပေါ်က ဂါဝန်ကို အမြန်ဆွဲချ ယူဝတ်လိုက်တယ်။

မြန်ဆန်လှတဲ့ခြေလှမ်းတွေနဲ့ ရေချိုးခန်းအပြင်ကို ဘယ်လိုရောက်လာခဲ့မိမှန်း မသိတော့...။

အဝတ်လဲခန်းထဲ ရောက်သည့်တိုင်အောင် စိတ်ကိုတည်ငြိမ်အောင် ကြိုးစားပေမယ့် ခုထိတော့ ရင်ထဲ မငြိမ်လှသေးဘူး။

စားပွဲပေါ်လက်ထောက်ပြီး ပြတင်းပေါက်အပြင်က မြင်ကွင်းကို အမှတ်တမဲ့ ကြည့်လိုက်မိတယ်။

မမြင်ရဘူး...။

နံနက်စောစော မိုးရွာပြီးကာစမို့ ပြတင်းမှန်မှာ ရေငွေ့တွေ ပိတ်ဖုံးလို့နေတယ်လေ။

မေမြတ်မိုး hair dryer ကို ပလပ်ထိုးလိုက်ရာ...

"ဖျစ်..ဖျစ်.."

"အ..."

ကျဉ်ခနဲ ဖြစ်သွားတာမို့ ခပ်တိုးတိုး အော်လိုက်မိတယ်။

ခုလို တစ်ခါမှ ဓါတ်မလိုက်ဖူးပါဘူး။

လက်တွေလည်း ခြောက်သွေ့နေရဲ့သားနဲ့...။

ထူးခြားမှုတွေကြောင့် စိတ်ရှုပ်သွားမိသော်လည်း မေမြတ်မိုး စဉ်းစားမနေတော့ဘဲ ခေါင်းကိုခါယမ်းပြီး ပြတင်းမှန်ကိုသာ ဒရိုင်ယာနဲ့ အပူပေးလိုက်မိတယ်။

မှန်ချပ်ဟာ ခြောက်သွေ့သွားတော့...အပြင်မြင်ကွင်းတွေ ထင်ရှားစီသလာပါပြီ။

မေမြတ်မိုး ဘာရယ်မဟုတ်ဘဲ ဟိုဘက်ခြံကို လှမ်းကြည့်လိုက်မိတယ်။





ခြံကျယ်ကြီးတွေနဲ့ လူနေကျဲပါးလှတဲ့ရပ်ကွက်မို့ ဟိုဘက်ခြံကို ...လောကမှ လူသစ်တွေရောက်လာတော့ သူမ သဘောကျခဲ့မိသေးတာပေါ့။

အိမ်နီးချင်းအဖော်ရအောင် သွားပြီးမိတ်ဆက်ထားဦးမှပဲ တွေးလိုက် ...ဘယ်။

ထိုသို့ အတွေးမှမဆုံးသေးဘူး...ထိုအိမ်ထဲက ဇနီးမောင်နှံနှစ်ယောက် ...ွက်လာတာ တွေ့လိုက်ရတယ်။

ဇနီးမောင်နှံ...။

အင်း...ဇနီးမောင်နှံပဲ ဖြစ်ကြမှာပါ။

ဟင်...ဘာဖြစ်နေကြပါလိမ့်...။

အသံတွေ သဲသဲကွဲကွဲ မကြားရပေမယ့်..လက်ဟန်ခြေဟန် အမူ ...ယာတွေ ကြည့်ရတာ ဒေါသတကြီး ရန်ဖြစ်နေကြတဲ့ပုံပဲ။

မေမြတ်မိုး စိတ်ဝင်တစား မျက်တောင်မခတ် ကြည့်နေမိဆဲ...။

"မိုးရေ...ကိုယ်သွားတော့မယ်ဟေ့"

မောင် လှမ်းအော်သံ ကြားရတော့မှ သူမ စိတ်အာရုံတို့ သတိပြန် ...င်လာတော့တယ်။

"လာပြီ မောင်ရေ့...လာပြီ"

မေမြတ်မိုး အောက်ထပ်ကို အမြန်ပြေးဆင်းခဲ့ရတော့တယ်။

"အိုး...မောင်က အကျီတောင် လဲပြီးပြီ၊ ကျွန်မကို ဘာလို့မစောင့် ...ဘာလဲ"

ဆေးရုံသွားဖို့ အဆင်သင့်ဖြစ်နေတဲ့မောင့်ကို တွေ့တော့ ကျွန်မ ...အံ့သြသွားရပြန်တယ်။

"စောင့်ပါတယ်ဗျာ...ခင်ဗျားရေချိုးတာ မပြီးနိုင်လို့ စိတ်မရှည်တာနဲ့ ကိုယ့်ဘာသာ ယူဝတ်လိုက်တာ"

ကျွန်မ နှုတ်ခမ်းတွန့်လိုက်မိတယ်။

မောင် ဝတ်ထားတာ ကြည့်လိုက်ဦး...။

အပေါ်က ရှပ်လက်ရှည်က မိုးပြာရောင်။

အောက်က ပိုးတွဲလုံချည်က နီညိုကွက်။

"မောင်ဝတ်ထားတာကြီးကလဲ"

ကျွန်မ ဝေဖန်မှုကို သိနေတဲ့မောင်က ကြိုပြီးလက်ကာပြတယ်။

"ကျုပ် ရုပ်ရှင်သွားရိုက်မှာ မဟုတ်ဘူး ဒေါ်မမြတ်မိုး၊ ဆေးရုံသွားရမှာ..."

"အိုး...သိပါတယ် အထူးကုဆရာဝန်ကြီး ဒေါက်တာဦးငြိမ်းချမ်းအေးရယ်၊ ရုပ်ရှင်မင်းသား မဟုတ်ပေမယ့် လေးဆယ်ကျော်တဲ့အထိ လူငယ်လေးတစ်ယောက်လို နုပျိုဖျတ်လတ်နေဆဲမို့ ဆေးရုံမှာလည်း ဟောက်စ်ဆာဂျင်မလေးတွေက...ဆရာ...ဆရာဆိုပြီး တီတီတာတာလုပ်နေ..."

"တော်စမ်း...မိုး"

မောင် ဟိန်းခနဲ ဖြတ်အော်တော့ မိုးစကားမဆုံးခင် ပါးစပ်ကို လက်ဝါးနဲ့ အမြန်အုပ်လိုက်မိတယ်။

မောင် မျက်နှာပျက်နေတယ်။

သိသိသာသာကို ပျက်ယွင်းနေတယ်။

မမြတ်မိုး စိတ်ရှုပ်ထွေးသွားရပြီ။

"မောင်ကလဲကွာ..."

လို့ ရေရွတ်လိုက်မိတယ်။

"ဘာဖြစ်သွားတာလဲ..မျက်နှာကို သုန်မှုန်သွားတာပဲ၊ ကျွန်မက နောက်တဲ့ဟာကို"

ကျွန်မ အနည်းငယ် ငြူငြူစူစူ ပြောလိုက်တော့မှ မောင် သက်ပြင်းရှိုက်ပြီး မျက်နှာကိုပြင်ဖို့ ကြိုးစားလိုက်တယ်။

"ဆောရီးကွာ"

မောင် မျက်နှာကို ခပ်လွဲလွဲထားရင်းက ကျွန်မပခုံးကို ညင်သာစွာ ပုတ်တယ်။

"ကဲ...မောင်သွားတော့မယ်..သတိနဲ့နေ၊ နေ့လည်ကျရင် ဖုန်းဆက်၊ ထမင်းစောစောစား၊ အားဆေးသောက်ပြီး တရေးအိပ်နော်...ကြားလား၊ နေ့ခင်းပျင်းရင် စာအုပ်ဖတ်၊ မောင် စာအုပ်အသစ်တွေ ဝယ်ထားပေးတယ်၊ မိုးအကြိုက် သရဲတစ္ဆေဝတ္ထုတွေလည်း ပါတယ်"





"ပျင်းမယ် မထင်တော့ဘူး မောင်"

ကျွန်မ လျှို့ဝှက်စွာ ပြုံးဖွဖွလေးပြောတော့ မောင်က မျက်ခုံးပင့်ကြည့်တယ်။

ကျွန်မ ဟိုဘက်ခြံကို မျက်လုံးနဲ့ ကစားပြလိုက်တယ်။

"ဟိုဘက်ခြံမှာ လူတွေရောက်လာကြပြီ မောင်ရဲ့"

မောင် ပြုံးတယ်၊ အကြောင်းသိတဲ့ အပြုံးမျိုး။

"အိုကေ...မင်း စပ်စုလို့ရပြီပေါ့ ဟုတ်လား"

"အိုး...ခုနကတောင် အမှတ်တမဲ့ ကြည့်လိုက်မိတာ၊ လင်မယားနှစ်ယောက် စကားများနေတာ မောင်၊ အကြီးအကျယ်ပဲ..."

"သြော်...ခုမှသိတယ်၊ လက်စသတ်တော့ မိုးက သူတို့ကိုချောင်းနေလို့ ကိုယ့်ကိုတောင် အဝတ်အစား မထုတ်ပေးနိုင်တော့တာကိုး"

မောင် ရိသဲ့သဲ့ပြောတော့ ကျွန်မ ပြုံးစိစိနဲ့ ပခုံးတွန့်ပြလိုက်မိတယ်။

မောင် ရယ်ပြီး ကျွန်မမေးဖျားကို ဆွဲဖျစ်တယ်။

"စပ်စုပါ...စပ်စုပါ၊ မိုး မပျင်းတော့ဘူးဆိုရင် ပြီးတာပဲ၊ အရေးကြီးတာက သူတပါးအတွက်လည်း စိတ်အနှောင့်အယှက် မဖြစ်စေနဲ့...ဟုတ်ရဲ့လား"

ထုံးစံအတိုင်း မောင်က အထီးကျန်လှတဲ့ ကျွန်မဘဝကို နားလည်မျက်နှာပေးစွာ...

သို့သော်...စိတ်မချနိုင်စွာနဲ့ မှာတမ်းဒသသန ချွေတော့တယ်...။

ကျွန်မက...

"အင်းပါ"

လို့သာ မောင်ကျေနပ်အောင် ခေါင်းညိတ်ပြလိုက်မိပါတယ်။

သေချာတာက...

ဟိုဘက်ခြံက ဇနီးမောင်နှံနှစ်ယောက်ဟာ ကျွန်မရဲ့စိတ်အာရုံတွေကို လွှမ်းမိုးဖမ်းစားထားလိုက်ပြီဆိုတာပါပဲ။

◆ ◆ ◆

မောင် ဆေးရုံထွက်သွားတာနဲ့ အိမ်မှာ ကျွန်မတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီပေါ့။

ကျွန်မမှာ အဖော်ဆိုလို့ သိပ်ကိုသစ္စာရှိပြီး သိတတ်နားလည်တဲ့ အယ်လ်ဆေးရှင်းခွေးကြီး ရမ်ဘိုပဲ ရှိတယ်။

မောင် ထွက်သွားပြီဆိုရင် သူ ခြံဝထိ လိုက်ပို့လိမ့်မယ်။ ပြီးရင် ခြံထဲမှာ တစ်ကောင်ထဲ ဆော့နေလိမ့်မယ်။ မိုးရွာတော့မှ ဒါမှမဟုတ် သူ ဗိုက်ဆာတော့မှ အိမ်ထဲပြန်ဝင်လာလိမ့်မယ်။

ကျွန်မကတော့ ထုံးစံအတိုင်း နိစ္စဓူဝအလုပ်တွေနဲ့ ကျင်လည်ရှီး မှာပေါ့။

ချက်စရာပြုတ်စရာများ ချက်ပြုတ်လိုက်သည်နှင့် တစ်မနက်ခင်းသည် ကုန်မှန်းမသိ ကုန်လွန်သွားပါပြီ။

ဒီနေ့တော့ ကျွန်မ မောင့်စာကြည့်ခန်းကို ရှင်းပေးမယ် စိတ်ကူးတယ်လေ။

မောင်က သူ့စာကြည့်ခန်းကို ဝင်ရင် မကြိုက်ချင်ဘူး၊ သူ့ဘာသာပဲ ရှင်းလေ့ရှိတယ်။





အခုတလောတော့ မောင် အလုပ်သိပ်များနေတာမို့ စာကြည့်ခန်းထဲဝင်တာတောင် မတွေ့ရဘူး။

မောင့်စာကြည့်ခန်းတံခါးကို ဖွင့်လိုက်တာနဲ့ ဖုန်နံ့က ထောင်းခနဲပဲ။

ကျွန်မ လေထဲ လက်နဲ့ယမ်းခါလိုက်မိတယ်။

မောင့်စားပွဲပေါ်မှာ ပထမဆုံးတွေ့လိုက်ရတာက မောင်နဲ့ ကျွန်မရဲ့ မင်္ဂလာဦးဓါတ်ပုံပါ။

ဓါတ်ပုံထဲမှာ ကျွန်မလည်တိုင်မှာ ဆွဲထားတဲ့ ပလက်တီနမ် ဆွဲကြိုးလေးက လှလိုက်တာ။

ဓါတ်ပုံကို ကျွန်မ လေနဲ့မှုတ်ပြီး ဖုန်တွေ [illegible]ခါစေလိုက်တယ်။

ပြီးတော့...

အံဆွဲတွေကို ဘာရယ်မဟုတ်ဘဲ ဖွင့်ကြည့်လိုက်မိတယ်။

အံဆွဲထဲမှာ စာအိတ်ညိုကြီးတစ်အိတ်...။

ကိုင်ကြည့်လိုက်မိတော့ ပျော့စိစိနဲ့။

ကျွန်မ သိချင်စိတ် အရမ်းပြင်းပြလာပြီး ဖွင့်ကြည့်လိုက်တယ်။

အင်္ကျီတစ်ထည်။

ဒီအင်္ကျီကို ကျွန်မ မြင်ဖူးသလိုပဲ။

အင်္ကျီကို ဆတ်ခနဲ ဆွဲထုတ်ကြည့်လိုက်တဲ့အချိန်မှာ အင်္ကျီထဲက ဓါတ်ပုံတစ်ပုံ လျှောကျလာတယ်။

ဒီအင်္ကျီဝတ်ပြီး ရိုက်ထားတဲ့ ကျွန်မဓါတ်ပုံ။

ဘာကြောင့် သိမ်းထားမှန်း မသိဘူး။

ဓါတ်ပုံကို ဆတ်ခနဲ နောက်ကျောလှန်ကြည့်လိုက်မိတယ်။

accident...

မြတ်စွာဘုရား။

ဘာတွေ ဖြစ်ခဲ့တာလဲ။

အက်ဆီးဒင့် ဆိုပါလား။

ပြီးတော့...ရက်စွဲတစ်ခု...။

ဘုရား...ဘုရား...။

ကျွန်မဟာ အဲ့ဒီအကျီဝတ်ထားတဲ့ ရက်စွဲတစ်ခုမှာ အက်ဆီးဒင့် တစ်ခုခု ဖြစ်ခဲ့ဖူးသလား။

"..................................................."

ကျွန်မ...

ဘာမှ ပြန်စဉ်းစားလို့ မရဘူး...၊ ဘာမှကို မမှတ်မိတာပါလား...။

ရင်ထဲ တဒိတ်ဒိတ် အခုန်မြန်လာတယ်။

အသက်ရှူအရမ်းမြန်လာပြီး သက်သာလို သက်သာငြား ခြံထဲပြေး ဆင်းမိတော့တယ်။

ᅎ ᅎ ᅎ





## အခန်း(၂)

"ရန်လုံ...ရန်လုံ..."

အာရုံတို့ ပြောင်းလိုပြောင်းငြား ရန်လုံနဲ့ကစားဖို့ စိတ်ကူးလိုက် မိတယ်။

"ရန်လုံရေ..လာ..လာ..၊ တူတူပုန်းမယ်ဟေ့"

ရန်လုံနဲ့ တူတူပုန်းတမ်း ကစားရတာ သိပ်ပျော်ဖို့ကောင်းတယ်၊ ရန်လုံက ကလေးတစ်ယောက်လို ကောင်းကောင်းကစားတတ်တယ်။

သို့သော်...ကျွန်မခေါ်နေပေမယ့် ရန်လုံဟာ အရင်လို ကျွန်မရှိရာဆီ ပျော်ရွှင်မြူးထူးစွာ ပြေးမလာခဲ့ဘူး။

ခြစည်းရိုးနားကပ်ပြီး တအီအီ လုပ်နေတယ်။

ဒါ အကြောင်းတစ်ခုခု ရှိလို့ပဲ...။

"ရန်လုံ...ဘာလဲ ပြောစမ်း...၊ ပြောစမ်း ဘာတွေ့လို့လဲ"

ကျွန်မ ခပ်အုပ်အုပ် မေးရင်း ရန်လုံ့နား တိုးကပ်သွားမိတယ်။

ခြေသံမထွက်အောင် ဖွလျှောက်ရင်း ခြံစည်းရိုးနား အသာကပ်ပြီး နားစွင့်လိုက်မိတယ်။

"အင့်…အဟင့်…"

ကျွန်မ ကြက်သီးတွေ ဖြန်းခနဲ ထသွားရတယ်။

ငိုရှိုက်သံသဲ့သဲ့…။

အသံက တိုးသဲ့ပေမယ့်..အနီးအနားကဆိုတာ သိသာလှတယ်။

အတိအကျပြောရရင် ခြံစည်းရိုးနားက။

ဟိုဘက်ခြံကများလား…။

ကျွန်မခေါင်းထဲ ဖျတ်ခနဲ လင်းသွားခဲ့တယ်။

မနက်က ဟိုဘက်ခြံက လင်မယား စကားများနေတာ တွေ့လိုက်ရတယ်လေ။

အခု မိန်းကလေးတစ်ယောက်ရဲ့ငိုသံ ကြားရတယ်ဆိုတော့ ကျွန်မ ဆက်စပ်ကြည့်လို့ရပြီ။

ကျွန်မ ဟိုဘက်ခြံကို ချောင်းကြည့်ဖို့ ကြိုးစားလိုက်တယ်။

သစ်သားခြံစည်းရိုးက နည်းနည်းမြင့်တော့ မမြင်ရဘူး။

ငိုသံကလည်း တဖြည်းဖြည်း နေရာပြောင်းရွေ့လျားလာတယ်။

ကျွန်မ ခြံစည်းရိုးကိုကပ်ပြီး ငိုသံရွေ့လျားရာအတိုင်း လိုက်ပါလာရင်းက…

တစ်နေရာ အရောက်မှာ…ခြံစည်းရိုး သစ်သားပြားတစ်ချပ်က လက်တစ်ဝိုင်းစာလောက် ပိုးပေါက်စားနေတာ တွေ့လိုက်ရတယ်။

အတော်ပဲ…။

ကျွန်မ အဲ့ဒီအပေါက်ကနေ ချောင်းကြည့်လိုက်တယ်။

ဘာမှမတွေ့ရဘူး။

ဟိုဘက်ခြံထဲလည်း တိတ်ဆိတ်ခြောက်ကပ်နေတယ်။

လူရိပ်လူယောင် အစအနတောင် မတွေ့ရဘူး။

ဒါဆို ငိုသံက ဘယ်ကလဲ…။





ကျွန်မ စဉ်းစားရကြပ်နေတုန်းမှာ ငိုသံကလည်း လုံးဝပျောက်ကွယ်လို့နေတယ်လေ။

ဘယ်ရောက်သွားပြီလဲ…။

ဘယ်ပျောက်သွားတာလဲ…။

ကျွန်မ စဉ်းစားမရဖြစ်နေလို့ အာရုံစိုက်ပြီး ထပ်ကြည့်လိုက်စဉ်မှာ…

"အံမယ်လေး…"

ကျွန်မ ချောင်းကြည့်နေမိတဲ့ အပေါက်ရှေ့မှာ မျက်ကြောတွေ သွေးရောင်လွှမ်းပြီး နီရဲနေတဲ့ မျက်လုံးတစ်လုံး တစ်ဖက်ကပေါ်လာတယ်။

ကျွန်မ ထိတ်လန့်တကြားအော်ပြီး အနောက်ကို ခုန်ဆုတ်လိုက်မိပါတော့တယ်။

◆ ◆ ◆

ကျွန်မရင်တွေ တဆတ်ဆတ် ခုန်နေတုန်းပဲ...။

ဘယ်လောက် ကြောက်စရာကောင်းတဲ့ မျက်လုံးကြီးလဲ...။

ဒါပေမယ့်...အဲ့ဒါ ဘာလဲဆိုတာ ကျွန်မ သိချင်နေမိတယ်။

ကျွန်မ လေးငါးလုံးဆင့်ထပ်ထားတဲ့ အုတ်နီခဲပုံလေးပေါ် အမြန်တက်ပြီး ခြံစည်းရိုးအပေါ်ဘက်က ကြက်တူရွေးကွက်တွေကနေ ဟိုဘက်ခြံကို လှမ်းကြည့်လိုက်မိတယ်။

ထိုအခါမှာ ပြေးထွက်သွားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ကျောပြင်ကိုသာ လှမ်းမြင်လိုက်ရတယ်။

"ဟေး...ဘာဖြစ်လို့လဲ၊ ကျွန်မ ဘာများအကူအညီပေးရမလဲ"

ကျွန်မ ခပ်ကျယ်ကျယ် လှမ်းအော်ပြောလိုက်တယ်။ မိန်းကလေး ပြေးနေရာက ဆတ်ခနဲ ရပ်ပြီး လှည့်ကြည့်တယ်။

ရှိုက်ကြီးတငင် ငိုကြွေးထားလို့ နီရဲနေတဲ့မျက်ဝန်းတွေကို အဝေးကပေမယ့် ကျွန်မ သတိထားလိုက်မိတယ်။

"ဟေး...အဆင်ပြေရဲ့လား၊ အစ်မ ဘာအကူအညီပေးရမလဲ...ပြောလေ"





မိန်းကလေးဟာ ကျွန်မထက် အနည်းငယ် ငယ်ပုံရတယ်။

ကျွန်မ သူ့ကို အားပေးနှစ်သိမ့်ရမယ်လို့ အလိုလိုသိနေမိတယ်။

သူ့ကြည့်ရတာ သိပ်ကို ပင်ပန်းနွမ်းနယ်နေပုံပဲ။

ပြီးတော့...စိတ်ဒုက္ခ အကြီးအကျယ် ရောက်နေတဲ့ပုံပဲ။

သူ ကျွန်မဘက်ကို လှည့်လာတယ်။

"ရှင် ဘယ်လိုကူညီနိုင်မှာလဲ...၊ ရှင် မကူညီနိုင်ပါဘူး..."

မိန်းကလေးအသံက ငိုသံပါကြီးနဲ့။

အဖျားခတ် တုန်ယင်နေတယ်။

"ညီမ ဘယ်လိုဒုက္ခတွေ တွေ့နေရလဲ...ပြောပြလေ၊ အစ်မ ကူညီ ဘာပါ၊ နော်...ပြောပြ"

ကျွန်မ အတတ်နိုင်ဆုံး လေသံကို နူးညံ့အောင် သတိထားပြီး ချော ပြောလိုက်မိတယ်။

ကျွန်မ သူ့ကို တကယ်ပဲ ကူညီပေးဖို့ ဆုံးဖြတ်လိုက်မိပါတယ်။

"ဟင့်အင်း...ရှင် မကူညီနိုင်ပါဘူး၊ ကျွန်မထိုက်နဲ့ ကျွန်မကံပဲ ရှိပါ ဘူး၊ ဒါ...ကျွန်မ ဝဋ်ကြွေးပါ...ကျွန်မရဲ့ ဝဋ်ကြွေးတွေပါ"

မိန်းကလေးက ခါခါးသီးသီး ငြင်းတယ်။

မိန်းကလေးကြည့်ရတာ အတော်လေး စိတ်ဆင်းရဲနေတာ ထင်ရှား သွားတယ်။

"ညီမတို့အိမ်ထောင်ရေး အဆင်မပြေလို့လားဟင်"

ကျွန်မ သူတပါး ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်မိပြီ ထင်ပါ

မတတ်နိုင်ဘူး၊ မိန်းကလေးကို ကျွန်မ အရမ်းသနားနေပြီ။

ကျွန်မ မေးခွန်းကြောင့် မိန်းကလေးဟာ အင့်ခနဲ သည်းသည်း ရှိုက် ငိုကြွေးလိုက်ပြန်တယ်။

ရှိုက်သံ ဗလုံးဗထွေးနဲ့ ကျွန်မကို စကားတွေ လှမ်းပြောတော့တယ်။

"ကျွန်မရဲ့ဝဋ်ကြွေးပါ...သူလိုလူမျိုးကို လက်ထပ်ခဲ့မိတာ ကျွန်မရဲ့ ကြွေးပါ၊ နေ့စဉ်နဲ့အမျှ နှိပ်စက်ခံနေရတယ်၊ မနက်ကဆို လည်ပင်း

ညှစ်ထားတာ အသက်တောင် ရှူလို့မရဘူး၊ ကျွန်မကိုယ်ကျွန်မ သေပြီလို့ပဲ ထင်တာ..၊ မသေနိုင်ဘူး..၊ ကျွန်မ မြန်မြန်သေမှ ဒီဝဋ်က ကျွတ်မှာ၊ မြန်မြန် သေမှ ငြိမ်းချမ်းမှာပါ..."

ငိုရင်းက ဗလုံးဗထွေးနဲ့ပြောပြီး စကားအဆုံးမှာ သည်းသည်း ထန်ထန် ငိုပြန်ပါတယ်။

"အို...အဲ့လိုမပြောရဘူးလေ ညီမရယ်၊ ဘာဖြစ်လို့ လွယ်လွယ်နဲ့ အရှုံးပေးရမှာလဲ၊ အကောင်းဆုံး ဖြေရှင်းနိုင်မယ့်နည်းလမ်းကို ရှာကြည့် ကြတာပေါ့နော်၊ ပြဿနာကို အစ်မကိုပြောပြလေ၊ အစ်မလည်း ဝိုင်းစဉ်းစား ပေးပါ့မယ်နော်"

"ဟင့်အင်း...ပြောလို့မဖြစ်ဘူး၊ ဘယ်သူ့ကိုမှ ပြောပြလို့မဖြစ်ဘူး၊ ဘယ်သူ့ကိုမှ မယုံကြည်ဘူး၊ ကျွန်မဝဋ်ကြွေးနဲ့ကျွန်မပဲ...၊ ကျွန်မဘာသာ ခံမယ်၊ သေပစေ...ကျွန်မ မြန်မြန်သေရင် ဝဋ်ကျွတ်မှာပဲ"

မိန်းကလေးမှာ စကားမဆုံးခင် အိမ်ဘက်ဆီ ပြန်လှည့်ပြေးလေပြီ။

ဘုရားရေ...ဒုက္ခပါလား...။

သူ့ကိုယ်သူ သေကြောင်းကြံစည်လိုက်ရင် ဒုက္ခပဲ။

ဒီလောက် စိတ်ဆင်းရဲနေတဲ့ လူတစ်ယောက်ဟာ..ကိုယ့်အသက် ကိုယ် မစတေးဘူးလို့ ဘယ်သူမှ အာမ,မခံနိုင်ဘူး။

"ဟေး...ညီမ၊ နေဦးလေ...ဟေး"

ကျွန်မ ကျယ်လောင်စွာအော်ခေါ်ပေမယ့် မိန်းကလေးက တစ်ချက် ကလေးမှ လှည့်မကြည့်တော့ပါဘူး။

အဲ့ဒီအချိန်မှာပဲ...နေ့ခင်း ထမင်းစားပြန်လာတဲ့ မောင့်ကားဟာ ခြံထဲ ကွေ့ဝင်လာခဲ့တာမို့ ကျွန်မ သက်ပြင်းရှိုက်ပြီး အဲ့ဒီနေရာကို ကျောခိုင်းလိုက်ရ တယ်။

ကျွန်မ စိတ်အာရုံထဲမှာ အန္တရာယ်အငွေ့အသက်ကို ခံစားသိနေခဲ့ သလိုပဲ...။

◆ ◆ ◆





"မောင်...ဟိုဘက်ခြံက လင်မယားနှစ်ယောက်..."

"အင်း...ဦးစည်သူထွန်းနဲ့ ဒေါ်စန္ဒာအောင်လေ"

"အို...မောင်က နာမည်တွေတောင် သိနေတယ်"

ကျွန်မ တအံ့တသြ ပြောလိုက်မိတယ်။

"တစ်နေ့က ဒေါက်တာကိုကိုမောင်ရဲ့ညည့်ခံပွဲမှာ ဆုံဖူးတာပါ၊ ဒီနေ့က မိုးမှ မလိုက်ခဲ့ပဲ"

"မောင်ကလဲ...မောင့်လူက စိတ်ရောဂါကုတဲ့ ဆရာဝန်ကိုး"

"ဘာဆိုင်လဲ"

မောင်က ပြုံးဟဟနဲ့ ပြောတယ်။

*ကျွန်မ နှာခေါင်းရှုံ့ပြလိုက်ပြီး...*

"အို...သူက လူတွေ့ရင် သူ့လူနာလို ကြည့်တတ်တာ၊ သူကလွဲပြီး ... စိတ်ဝေဒနာသည် ကျနေတာပဲ"

မောင်က ကျွန်မပြောပုံ သဘောကျပြီး တဟားဟား ရယ်တယ်။

ကျွန်မလည်း အောင့်သက်သက်နဲ့ လိုက်ရယ်မိတယ်။

ရယ်ရင်းက ကျွန်မ မောင့်ကို ပြောစရာတစ်ခု သတိရသွားပြီး...

"မောင်...သိလား..."

မောင်က ကျွန်မကို မျက်လွှာပင့်ကြည့်တယ်။

"ဟိုဘက်ခြံက လင်မယားနှစ်ယောက်အကြောင်း မဟုတ်လား"

မောင်က စကားထောက်ပေးတယ်။

"အား...ပြဿနာပဲ မောင်ရေ သိလား၊ ကျွန်မ တွေ့လိုက်တာလေ"

ကျွန်မ မိန်းကလေး...အဲ..စန္ဒာအောင်နဲ့ ပြောဖြစ်ခဲ့တဲ့စကားတွေကို မောင့်ကို တစ်လုံးမကျန် ပြောပြလိုက်မိတယ်။

မောင်က ကျွန်မပြောတဲ့စကားတွေကို တိတ်ဆိတ်ငြိမ်သက်ပြီး နားထောင်နေတယ်။

ကျွန်မ စကားဆုံးတာနဲ့ လက်ထဲက ဇွန်းနဲ့ခက်ရင်းကို ပစ်ချလိုက်တယ်။

အသံက လိုအပ်တာထက် ပိုကျယ်နေတာမို့ ကျွန်မ မောင့်ကို နားမလည်သလို ကြည့်လိုက်မိတယ်။

"မင်း သူတပါးကိုယ်ရေးကိုယ်တာကို ဒီလောက်ထိ ဝင်မစွက်ဖက်သင့်ဘူး မိုး"

မောင့်အသံက နည်းနည်းမာတယ်။

ကျွန်မ မကျေမနပ် ဖြစ်သွားရတယ်။

"အိုး...ကျွန်မက စေတနာနဲ့ပါ မောင်ရဲ့၊ ကျွန်မ စပ်စုတာ မဟုတ်ပါဘူး၊ သူ့ပြဿနာကို ကူညီဖြေရှင်းပေးချင်လို့ပါ"

ကျွန်မ မောင့်ကို ပြန်ရှင်းပြနေမိတယ်။

မောင်က လက်ခံချင်ဟန် မတူပါဘူး။

ကျွန်မကို မျက်မှောင်ကုတ်ပြီး ကြည့်ရင်းက...

"မဟုတ်သေးဘူး မိုး၊ ဒါ သူတို့လင်မယားကိစ္စ၊ ကြားသုံးကြား မဝင်ရဘူးဆိုတဲ့ ဗမာစကားရှိတယ်၊ မင်းမကြားဖူးဘူးလား..."

"ဩော်...ဒါဆို အဲ့ဒီဦးစည်သူထွန်းဆိုတဲ့လူက ဒေါ်စန္ဒာအောင်ကို လည်ပင်းညှစ် သတ်ပစ်ခဲ့ရင်ကော ကျွန်မက အိမ်နီးချင်းကောင်း ပီသစွာ လက်ပိုက်ကြည့်နေရမယ်ပေါ့...ဟုတ်လား ဒေါက်တာဦးငြိမ်းချမ်းအေး"





ကျွန်မ အဲ့သလို ဒေါ်ပစ်လိုက်ပြီဆို စိတ်ထဲအတော်လေး မကြည် ...သာ ဖြစ်နေပြီမှန်း မောင်သိတယ်။

မောင် မျက်နှာကို ချက်ချင်းလျှော့ပစ်လိုက်တယ်။

ပြီးတော့...

"ဆောရီး..."

လို့ စိတ်မပါတဲ့လေသံနဲ့ ခပ်တိုးတိုး တောင်းပန်တယ်။

ပြီးတော့မှ...

"ဩော်...ဒါနဲ့ မင်း မောင်ဝယ်လာတဲ့စာအုပ်တွေ ဖတ်ပြီးသွားပြီ ... ပရလောကစာအုပ်တွေက မင်းစိတ်ဝင်စားမှာ သေချာတယ်၊ မောင် ...ောင် ညက နည်းနည်းအမြည်းဖတ်ကြည့်တာ...အားပါး..တော်တော်ဆွဲ ...ောင်မှုရှိသားကွ"

မောင် ဟန်ဆောင်ထားတဲ့လေသံနဲ့ ဆက်ပြောတယ်။

မောင့်လေသံက စိတ်ပါလက်ပါ ပုံစံမျိုးဖြစ်အောင် ဟန်ဆောင် ...မှန်း ကျွန်မကလွဲလို့ ဘယ်သူမှ မသိနိုင်ဘူး။

ကျွန်မ မောင့်မျက်လုံးတွေထဲကို ခပ်စူးစူး စိုက်ကြည့်လိုက်တယ်။

"မောင်...ကျွန်မ အချိန်ပိုင်းအလုပ်တစ်ခုခု ဝင်လုပ်ရရင် ကောင်း ...မသိဘူးနော်၊ ကျွန်မအသက် လေးဆယ်နားကပ်ပြီဆိုတော့...စတိုး ...တွေမှာ အရောင်းစာရေးမတော့ ဝင်လုပ်လို့ မရနိုင်တော့ဘူးပေါ့"

"မိုး"

မောင် ကျွန်မကို လေသံမာမာနဲ့ ပြန်အော်တယ်။

ကျွန်မ ပခုံးတွန့်ပြလိုက်ရင်း ဆက်ရွဲ့လိုက်တယ်။

"ကျွန်မက အချိန်တွေ အရမ်းပိုနေတာဆိုတော့ သူများကိစ္စတွေပဲ ...သာသ စိတ်ဝင်စားနေမိတာ၊ အလုပ်တစ်ခုခုတော့ ထွက်လုပ်မှဖြစ်မယ်၊ ...က အသက်ကြီးမှ လူပိုကြီးဖြစ်နေတာ"

ပြောရင်းက ကျွန်မစိတ်အာရုံထဲ စာသင်ခန်းထဲမှာ ပုဝါနှစ်စကို ...ပပလေး ချထားတဲ့ပုံရိပ်တစ်ခုကို ခပ်ရေးရေး မြင်ယောင်လာမိတယ်။

...သော် စိတ်ရှုပ်လာသဖြင့် ခေါင်းထဲက ဖျောက်ပစ်လိုက်တယ်။

မောင် ကျွန်မပခုံးတွေကို ဖွဖွဆုပ်ကိုင်ပြီး သူ့ဘက် ဖြည်းဖြည်းချင်း ဆွဲလှည့်တယ်။ ကျွန်မ ဘာလို့ဝမ်းနည်းမိသွားရတာလဲ။

"မိုး..."

မောင့်အသံက ခုတော့..ဟန်ဆောင်ထားတာ မဟုတ်ဘဲ ပကတိ နူးညံ့လိုက်လှဲလို့နေတယ်။

"မိုး အရင်လို စာတွေပြန်ဖတ်ပြီး ဝါသနာပါတဲ့ စာရေးတဲ့အလုပ် ပြန်လုပ်ပါလား၊ အရင်ဆို စာရေးချင်ပေမယ့် ကျောင်းဆရာမ အလုပ်က တစ်ဖက်နဲ့မို့ အချိန်မရလို့ စာကောင်းကောင်းမရေးနိုင်ခဲ့ဘူး မဟုတ်လား၊ အခု အချိန်တွေရနေတာ ဘယ်လောက်ကံကောင်းလိုက်သလဲဟင်"

ကျွန်မ ခေါင်းကို ဝမ်းနည်းသိမ်ငယ်စွာ ခါယမ်းလိုက်မိတယ်။

"မရတော့ပါဘူး မောင်ရယ်၊ ကျွန်မစိတ်တွေ အရင်လိုမှ မတည်ငြိမ်နိုင်တော့တာ၊ ကျွန်မအာရုံတွေကိုလည်း အရင်လို မစုစည်းနိုင်တော့ပါဘူး"

"မင်း အခု အရမ်းကို စိတ်လှုပ်ရှားလွယ်နေတယ်"

မောင့်ဝေဖန်စကားကို ကျွန်မ ငြိမ်သက်စွာ ခံယူနေလိုက်မိတယ်။

"ပြီးတော့ ထစ်ခနဲဆို..."

"သူ့ရဲဘော ကြောင်လာတယ်"

မောင့်စကားမဆုံးခင် ကျွန်မ ဖြတ်ပြောလိုက်တော့ မောင် ဆက်မပြောတော့ဘူး။

ကျွန်မပခုံးကို နှစ်သိမ့်သလို ဆုပ်ညှစ်ပြီး...

"ဟော..."

နာရီကိုငုံ့ကြည့်ပြီး မောင် ဟောတယ်။

"မောင် ဆေးရုံပြန်သွားတော့မယ်နော်"

ကျွန်မ ခေါင်းပဲ ညိမ့်ပြလိုက်မိတယ်။

မောင့်ကို အိမ်အဝအထိတောင် လိုက်မပို့မိဘူး။

တကယ်တော့ မောင် အိမ်ကို ထမင်းပြန်လာစားတယ်ဆိုတာ ကျွန်မ အခြေအနေကို ပြန်လာကြည့်တယ်ဆိုတာ နားလည်ပါတယ်။





မောင်ထွက်သွားတာနဲ့ မျက်ကြောတွေ နီရဲနေအောင် သည်းသည်းထန်ထန် ငိုကြွေးနေရှာတဲ့ စန္ဒာအောင်ဆိုတဲ့ မိန်းကလေးရဲ့အကြောင်းက ကျွန်မစိတ်နှလုံးကို ပြန်ပြီးထိုးဆွမွှေနှောက်လာတယ်။

အချိန်တွေအားနေတဲ့ကျွန်မ လူတစ်ယောက်ရဲ့အသက်တစ်ခုကို တော့ ကယ်ဆယ်သင့်တယ်လို့ တွေးမိတယ်။

စန္ဒာအောင်ဆိုတဲ့ မိန်းကလေးရဲ့အသက်ကို ကျွန်မ မဖြစ်မနေ ကယ်ဆယ်ရမယ်။

## အခန်း(၃)

"မိုး...ကိုယ့်ကို ပြောစရာရှိသေးလား"

မောင်က ကွန်ပျူတာကိုင်ရင်းက လှမ်းမေးတယ်။

ကျွန်မက ပြောစရာရှိတယ်ဆိုရင်...သူ ကျွန်မပြောတာကို အချိန်ပေးပြီး နားထောင်မယ်၊ မရှိဘူးဆို သူ ကွန်ပျူတာနဲ့ အချိန်ကုန်တော့မယ်လေ...။

"ဟင့်အင်း..."

ကျွန်မ လှည့်မကြည့်ဘဲ ခေါင်းခါပြလိုက်တယ်။

တကယ်တော့ ကျွန်မ ပြောစရာရှိတာပေါ့။

ဒါပေမယ့် စန္ဒာအောင့်အကြောင်း မောင့်ကို ဘယ်သောအခါမှ မပြောတော့ဘူးလို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။

ပြောပြရင်လည်း မောင် စိတ်ဝင်စားမှာမှ မဟုတ်ဘဲ။





ပြီးတော့...ကျွန်မကို ဝေဖန်မယ်၊ တားမြစ်မယ်။ ကျွန်မ သိနေ...သ...။

"အိုကေ...ဒါဆို ကိုယ် အလုပ်နည်းနည်းလုပ်လိုက်ဦးမယ်နော်"

"အင်း...ကျွန်မလည်း အိပ်တော့မှာ...ဂွတ်နိုက်"

ကျွန်မ စောင်လွှားပြီး မျက်ခွံတွေကို ပိတ်လိုက်တော့တယ်။ တကယ်...ကျွန်မ စန္ဒာအောင့်ပြဿနာကို ဖြေရှင်းနိုင်မယ့်နည်းလမ်းကို စဉ်းစား...ဦးပါ...။

"အို...အစောကြီး ရှိသေးတာ အိပ်တော့မှာလား၊ အင်း..အင်း.....ကဲ..ဂွတ်နိုက်၊ နေဦး...အေးတယ်၊ မောင် ပြတင်းပေါက်တွေ ပိတ်လိုက်...ဦး"

မောင် ထပြီး ပြတင်းတံခါးကိုပိတ်ဖို့ သွားတယ်။

ကျွန်မဘေးက အဖြတ်မှာ နဖူးပြင်ကို ဖွဖွမွှေးတယ်။

ကျွန်မ မသိချင်ယောင်ဆောင်နေလိုက်တယ်။

ကျွန်မတို့နှစ်ယောက်ရဲ့အိမ်ထောင်ရေးဟာ နားလည်မှုဆိုတဲ့...ါးပါးလေးတစ်ချောင်းကလွဲလို့ အေးစက်ခြောက်သွေ့နေခဲ့တာ ကြာပါပြီ။

တံခါးပိတ်ပေးပြီး မောင် ကွန်ပျူတာ ပြန်ကိုင်တယ်။

ကျွန်မရဲ့ဟန်ဆောင်ဖိပိတ်ထားတဲ့ မျက်ခွံတွေဟာ တကယ်ပဲ...သံလာခဲ့တော့တယ်။

◆ ◆ ◆

လေသံတွေ တဝုန်းဝုန်း ကြားရတဲ့အချိန်မှာ ကျွန်မ ပြန်ပြီးလန့်နိုး လာခဲ့တယ်။ ပြတင်းမှာ တပ်ထားတဲ့ လိုက်ကာစဟာ တဖျတ်ဖျတ် လွင့်လို့ နေတယ်။

ဘုရားရေ...

ကျွန်မ အံ့သြဘနန်းနဲ့ ဆတ်ခနဲ ထလိုက်မိတယ်။

ကျွန်မ အိပ်ယာမဝင်ခင်က ပြတင်းတံခါးရွက်တွေကို မောင် သေချာပိတ်ပေးခဲ့တာပါ။

လှည့်ကြည့်လိုက်မိတော့ မောင်က အိပ်ပျော်နေပြီ။

ကျွန်မ ပြတင်းတံခါးရွက်တွေ ပိတ်ဖို့ ခပ်မြန်မြန် ထ,လိုက်မိတယ်။

ပြတင်းတံခါးကို ပိတ်ဖို့ ကြိုးစားနေဆဲမှာပဲ မိုးသက်လေပြင်းကြောင့် ကျွန်မကိုပါ မိုးစက်တွေ လာစင်တယ်။

အားပါး...အတော်ပြင်းတဲ့လေ...။

ကျွန်မ တစ်ကိုယ်လုံး စိမ့်အေးသွားတယ်။

မိုကလည်း တကယ့်ကို သည်းသည်းထန်ထန်ပဲ။





ကျွန်မ ပြတင်းတံခါးကို အမြန်ပိတ်ပြီး လှည့်ထွက်ဖို့ ပြင်လိုက်တဲ့အချိန်မှာ...

လျှပ်ရောင်က ဖျတ်ခနဲဆို အားကုန်လင်းတယ်။

ကျွန်မ လန့်ပြီး ထိတ်လန့်တကြား အော်လိုက်မိတော့မလို ဖြစ်ပြီးမှ အော်လိုက်မိတော့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ လျှပ်ရောင်နဲ့ ကျွန်မ မြင်ကွင်းတစ်ခုကို ဆန်းကြယ်စွာ မြင်တွေ့လိုက်ရလို့ပါပဲ။

ကျွန်မ ချက်ချင်း ပြတင်းတံခါးဘက်ကို မျက်နှာပြန်မူလိုက်မိတယ်။

လျှပ်ရောင်က လင်းခနဲ ထပ်ပြက်တယ်။

ခုနကမြင်ကွင်းဟာ ပိုပြီးထင်ရှားပီသလာခဲ့တယ်။

ဦးစည်သူထွန်းဆိုတဲ့လူ...။

မိုးသည်းသည်းထဲမှာ အထုပ်ကြီးတစ်ထုပ်ကို ကားနောက်ခန်းထဲ အားခဲဆစ် ဆွဲထည့်နေတယ်။

အထုပ်ဟာ ဂေါ်ဖီအိတ်လို၊ ဂုံနီအိတ်လို ရှည်မျောမျောသဏ္ဍာန်။

ဘုရား...ဘုရား...။

ကြက်သီးမွေးညင်းတွေဟာ ကျွန်မကျောရိုးတစ်လျှောက် ဖြင်းခနဲ ထသွားတယ်။

ဟုတ်အင်း...

ဒါဟာ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး။

ပြီးတော့...

စန္ဒာအောင်...

စန္ဒာအောင်က ဘယ်ရောက်နေလဲ...။

ကျွန်မရင်ထဲ တဒိန်းဒိန်း အခုန်မြန်လာတယ်။

"မောင်..မောင်..အမြန်ထစမ်းပါ..အမြန်အမြန်"

ကျွန်မ မောင့်ကို ခပ်ကျယ်ကျယ် အော်နိုးလိုက်တယ်။

သို့သော် မိုးသံတွေကြားမှာ ကျွန်မရဲ့အသံဟာ တိမ်ဝင်ပျောက်ကွယ် သွားတယ်။

မောင်က တော်တော်နဲ့ မနိုးဘူး။

ကျွန်မ စိတ်မရှည်နိုင်တော့တာနဲ့…မောင့်ခန္ဓာကိုယ်ကြီးကို အတင်းဆွဲလှုပ်နှိုးလိုက်မိတယ်။

"မောင်…ထစမ်းပါဆို၊ အရေးကြီးလို့ပါ…မြန်မြန်ထစမ်းပါ"

အဲဒီတော့မှ…အင်းခနဲ သံရှည်ဆွဲပြီး မောင် နိုးလာတယ်။

ပြူးပြာနေတဲ့ ကျွန်မကိုကြည့်ပြီး မောင် ပူပန်စွာ ဆတ်ခနဲ ထတယ်။

"ဘာဖြစ်လဲ မိုး…ဘာဖြစ်လို့လဲ"

"ကျွန်မ ပြမယ်၊ လာစမ်းပါ အမြန်"

ကျွန်မ မောင့်ခန္ဓာကိုယ်ကြီးကို ကုတင်ပေါ်က ဆွဲချလာခဲ့ပြီး ပြတင်းပေါက်ဆီ ခေါ်လာခဲ့တယ်။

"ဘာလဲ မိုး…ဘာတွေ့လို့လဲ"

"ကြည့်…ဟိုဘက်ခြံမှာ"

ကျွန်မ စကားမဆုံးခင် လျှပ်ရောင်က ထပ်ပြက်ပြန်တယ်။

ဒါပေမယ့်…

"ဘာလဲ…"

မောင် ထပ်မေးတယ်။

ကျွန်မ ဘာပြောရမှန်း မသိတော့ဘူး။

မောင့်မျက်နှာကို ပြူးကြောင်ပြီး စိုက်ကြည့်နေမိတယ်။

ခုနကမြင်ကွင်း မရှိတော့ဘူး။

ဦးစည်သူထွန်းလည်း မရှိတော့ဘူး။

ကားလည်း မရှိတော့ဘူး။

"ဘာလဲလို့ ကိုယ်မေးနေတယ်လေ မိုး"

အိပ်ရေးပျက်သွားတဲ့ မောင့်လေသံက အနည်းငယ် မာနေတယ်။

ကျွန်မ သက်ပြင်းရှိုက်ပြီး ခေါင်းကို ခပ်လေးလေး ခါယမ်းလိုက်မိတယ်။

"ဆောရီး…"

"မဟုတ်ဘူး…မဟုတ်သေးဘူး၊ မင်း ခုနက တစ်ခုခုတွေ့လိုက်တယ်





မဟုတ်လား၊ ဟိုဘက်ခြံက အဖြစ်အပျက်တစ်ခုခုကို မင်း တွေ့လိုက်တယ် မဟုတ်လား"

မောင် ကျွန်မ မျက်လုံးတွေထဲကို စူးနေအောင် စိုက်ကြည့်တယ်။

ကျွန်မ မောင်နဲ့ အကြည့်ချင်း မဆုံရဲဘူး။

"ဟို…ဘာမှမဟုတ်ပါဘူး မောင်ရယ်၊ ကျွန်မ အမြင်မှားသွားတာပါ၊ ဘာမှမဟုတ်တော့ပါဘူး"

ကျွန်မ လေသံကို တည်ငြိမ်အောင် ထိန်းပြီး မောင့်ကို ရှောင်လွှဲဖို့ [illegible]အားလိုက်တယ်။

မောင်က ကျွန်မထက် ပိုပါးနပ်သူပါ။

"မိုး…မင်း ကိုယ့်ကိုညာဖို့ မကြိုးစားနဲ့၊ အမှန်အတိုင်း အသိပေးစမ်းပါ၊ [illegible] မင်းကို ဝေဖန်တာတွေ တားဆီးတာတွေ ဘာတစ်ခုမှ မလုပ်ဘူးလို့ [illegible]ကတိပေးတယ်…ဟုတ်ပြီလား၊ ကိုယ့်ကို ယုံတယ် မဟုတ်လားဟင်"

မောင့်လေသံက ခြိမ်းခြောက်ရာကနေ ပျော့ပြောင်းလာတော့ ကျွန်မ [illegible]နိုင်တော့ဘူး။ တံတွေးကို မျိုချပြီး ခေါင်းကို တဆတ်ဆတ် ညိတ်နေမိ[illegible] အမှန်အတိုင်း ပြောပြလိုက်မိတော့တယ်။

"ဒီလို မောင်ရဲ့၊ ခုနက မိုးခြိမ်းတော့ ကျွန်မ နိုးလာတယ်၊ ပြတင်း[illegible]တွေ ပွင့်နေတော့ ထပိတ်ရင်း လျှပ်ရောင်အောက်မှာ…"

မောင်က ကျွန်မစကားကို စူးစိုက်ပြီး နားထောင်တယ်။

"ဦးစည်သူထွန်း သူ့ကားထဲကို အထုပ်ကြီးတစ်ခုထည့်တာ တွေ့[illegible]ရတယ်"

"ဘာ…"

မောင် စိတ်ရှုပ်ထွေးသွားသလို ထအော်တယ်။

ကျွန်မ မောင့်ကို နောက်တစ်ခေါက် ထပ်ပြောပြလိုက်မိတယ်။

ကျွန်မစကားဆုံးတော့ မောင် ကျွန်မကို နှစ်သိမ့်သလို ပြုံးပြီး လက်[illegible]တွေကို ဖွဖွလေး ဆုပ်ကိုင်တယ်။

"မင်း မအိပ်ခင်ကတည်းက ကိုယ် ပြတင်းတံခါးတွေကို ပိတ်ခဲ့

ပြီးသားလေး သေချာပြန်ဝှေ့စားကြည့်ပါဦး"

"ဟို...အဲ့ဒါ ကျွန်မ မှတ်မိတယ်နော်၊ ဒါဆို တံခါးတွေက ဘာလို့ ပြန်ပွင့်သွားရတာလဲ"

မောင်က ရယ်ပဟနဲ့ ပခုံးတွန့်ပြပြန်တယ်။

"ဒီအိမ်ထဲမှာ တစ္ဆေသရဲတွေများ ရှိနေပြီလား"

"အိုး...မောင်...မဟုတ်ကဟုတ်က..."

ကျွန်မ ပခုံးတွေကို ကျုံ့လိုက်မိရင်း မောင့်ကို ဟန့်လိုက်မိတယ်။

မောင်က သဘောတကျ ရယ်တယ်။

ကျွန်မ လက်ချောင်းတွေကို ဆွဲခါရင်း...

"ဒါမှမဟုတ်ရင် ကိုယ်ပိတ်တာ ဂျက်မကျလို့ ပြန်ပွင့်သွားတာရော မဖြစ်နိုင်ဘူးလား"

ကျွန်မ သက်ပြင်းချလိုက်မိတယ်။

"ဒါပေမယ့် စည်သူထွန်းကို ကိုယ်နိုးလာတော့ ဘာလို့ မမြင်တော့တာလဲ"

ကျွန်မ မျက်လုံးတွေ ပြန်ပြူးသွားရပြန်တယ်။

"မင်းတွေ့လိုက်တာ စည်သူထွန်းရော ဟုတ်ရဲ့လား၊ တစ္ဆေသရဲတစ်ကောင်ကောင်များလား"

ကျွန်မ အသက်ရှူကျပ်သွားရပြန်တယ်။

"မောင်..."

"ဒါပေမယ့် ကိုယ်နိုးမလာခင် စည်သူထွန်းရဲ့ကား မောင်းထွက်သွားတာလဲ ဖြစ်နိုင်တာပဲနော်"

"ရှစ်ထ်"

ကျွန်မ ခပ်တိုးတိုး ရေရွတ်ပြီး မောင့်ကို ကျောခိုင်းလိုက်မိတော့တယ်။

"အင်း...ဘာပဲဖြစ်ဖြစ် ဒီညအဖို့ ကိုယ်ကတော့ မျက်စိကြောင်သွားပြီ၊ ကော်ဖီတစ်ခွက် ဖျော်ပြီး စာကြည့်ခန်းထဲ ဝင်ရဦးမှာပဲ၊ နောက်ပြီး မနက်စောစော ကိုယ်ဆေးရုံသွားရတယ်ဆိုတာ မင်း တစ်ချက်လောက်





...ဘိရပေးစမ်းပါ၊ ကိုယ် နေ့လည်နေ့ခင်း ပြန်အိပ်ဖို့ အချိန်မရှိဘူးဆိုတာ ...သိ မင်း သိတယ်မဟုတ်လား"

မောင် ကျွန်မကို ယဉ်ကျေးစွာ အပြစ်တင်လိုက်ပြီး...

"ဆောရီးပဲ မောင်၊ ကျွန်မ နောက်ဆို သတိထားပါ့မယ်"

ကျွန်မ မောင့်ကို သိမ်ငယ်စွာ တောင်းပန်လိုက်မိတယ်။

"ကိုယ် မင်းကို လုပ်ပေးနိုင်တာ တစ်ခုပဲရှိတယ်"

ကျွန်မ မျက်လွှာချထားမိတယ်။

မောင် ဗူးလေးတစ်ဗူးထဲက ဆေးပြားတစ်ပြား ထုတ်ပြီး ကျွန်မ ...ထဲ ထည့်တယ်။

"မင်းရဲ့စိတ်ကူးယဉ်မှုတွေ၊ ပတ်ဝန်းကျင်ကို အလွန်အမင်း အာရုံ...ကိုမှုတွေကို ကိုယ် မဝေဖန်ချင်ပါဘူး၊ ဒါပေမယ့် ဒီညတော့ မင်း ဒီဆေး...လေးရဲ့အကူအညီကို ယူလိုက်ပါ...အိုကေ"

ကျွန်မလက်ထဲ ဆေးပြားလေးထည့်ပြီး သူ လှည့်ထွက်သွားတယ်။

သူ အခန်းပြင်ရောက်တဲ့အထိ ကျွန်မ အံကြိတ်နေခဲ့ပြီးမှ သူ့ခြေသံ ...သွားတာနဲ့...

ဆေးပြားလေးကို ခေါင်းအုံးအောက်ထဲ ထည့်လိုက်တယ်။

ကျွန်မရဲ့ခေါင်းအုံးအောက်မှာ ဆေးပြားလေးတွေ အမြောက်အမြား ...ဲ့လို့ပေါ့...။

## အခန်း(၄)

နောက်ရက်တွေမှာ ကျွန်မ နေ့စဉ်နေ့တိုင်း ဟိုဘက်ခြံကို အလုပ်တစ်ခုလို စောင့်ကြည့်နေခဲ့ပေမယ့် ဦးစည်သူထွန်းတစ်ယောက်တည်းကို တွေ့နေခဲ့ရတယ်။

စန္ဒာအောင်ကိုတော့ အရိပ်အယောင်ကလေးတောင်မှ မတွေ့ရ တော့ဘူး။

စန္ဒာအောင်တစ်ယောက် ဘာဖြစ်လို့များ ပျောက်ခြင်းမလှ ပျောက် နေခဲ့ရတာလဲ။

ကျွန်မရင်ထဲက သံသယစိတ်တွေဟာ တစ်ရက်ထက်တစ်ရက် ပိုပြီး ကြီးထွားရင့်သန်လို့ လာခဲ့တယ်။

ရက်သတ္တတစ်ပတ်မြောက်နေ့မှာတော့ ကျွန်မဟာ ရင်ထဲ





သံသယစိတ်တွေကို ချိုးနှိမ်လို့ မရတော့ဘူး။

ကြိမ်ဆွဲခြင်းလှလှတစ်ခု အမြန်ပြင်ဆင်ပြီး ဦးစည်သူထွန်းရဲ့ တံခါး ရှိတဲ့ခြံဝန်းထဲကို ဟိုကြည့်ဒီကြည့်နဲ့ နောက်ကျောမလုံစွာ တစ်လှမ်းချင်း ချင်းကပ်ဝင်ရောက်ခဲ့မိတော့တယ်။

"အဟမ်း...အဟမ်း"

ကျွန်မ ချောင်းဟန့်သံ ကျယ်ကျယ်ပေးရင်း ခြံထဲကို တရွေ့ရွေ့ ဝင်ခဲ့မိတယ်။

ခြံကြီးက ကျယ်လွင့်သလောက် တိတ်ဆိတ်ငြိမ်သက်လွန်းလှ တယ်။ သစ်ကြီးဝါးကြီးပင်တွေကလွှဲလို့ ပန်းပင်တွေအားလုံးဟာ ခြောက် သွေ့ယောင်းလို့နေတယ်။ တစ်ခြံလုံး သစ်ရွက်ခြောက်တွေချည်းပဲ။

သစ်ကိုင်းခြောက်တွေကို တက်နင်းမိလို့ ဖျောက်ခနဲ ဖျောက်ခနဲ အသံထွက်လာတိုင်း ကျွန်မရင်ထဲ တုန်တုန်သွားမိတယ်။

အိမ်မကြီးဆီ ရောက်လာတဲ့အခါမှာ ခပ်လှမ်းလှမ်းကတည်းက သော့ကြီးခတ်ထားတာမြင်လိုက်ရတယ်။

ဦးစည်သူထွန်း အပြင်ထွက်သွားပြန်ပြီပေါ့။

ကိစ္စမရှိဘူး။

ကျွန်မ ခြေလှမ်းတွေကို မြန်လိုက်တယ်။

အိမ်ပြင်ကနေ ပြတင်းမှန်တွေကတစ်ဆင့် အိမ်ထဲချောင်းကြည့်ဖို့ ကြိုးစားလိုက်တယ်။

အဝတ်တန်းပေါ်မှာ တွဲလောင်းကျနေတဲ့ အကျီတစ်ချို့ကို တွေ့ရ တယ်။

အင်း...အမျိုးသမီးဝတ် အဝတ်အထည် မပါဘူး။

ကြမ်းပြင်ပေါ်မှာ ဂျာနယ်စာရွက်တွေ။

အားကစားဂျာနယ် ဖြစ်ရမယ်။

ပြီးတော့...

စားပွဲခုံပေါ်မှာ ဘီယာပုလင်းခွံတွေ၊ အာလူးကြော် တစ်ချပ်တလေ ကျန်ရှိတဲ့ ပန်းကန်ပြားတစ်ချပ်။ ဒါပါပဲ...။

အိမ်ရှင်မ ရှိတဲ့အိမ်မှန်း သိသာစေလောက်အောင် အိမ်က ဖရိုဖရဲနဲ့ ပွစာလောင်း ခတ်နေတယ်။

အိမ်ထဲကို ချောင်းကြည့်နေမိရင်းကနေ ကျွန်မကျောပြင်က စိမ့်ခနဲ ကြက်သီးတစ်ချက် ထသွားတယ်။

တစ်မျိုးပဲ...။

တစုံတစ်ရာက ကျွန်မကို အသိပေး နှိုးဆော်လိုက်သလိုမျိုး...။

ကျွန်မ ချက်ချင်းနောက်ပြန်လှည့်ပြီး ကြမ်းပြင်တစ်နေရာကို ကြည့်လိုက်မိတယ်။

"ဘုရားရေ..."

ကျွန်မ သတိလက်လွတ် ရေရွတ်လိုက်မိပြီးမှ ပါးစပ်ကို လက်ဝါးနဲ့ ကပျာကယာ ပြန်ပိတ်လိုက်မိတယ်။

ဖိနပ်တစ်ဖက်။

ခြေဖနောင့်နေရာမှာ သွေးစွန်းနေတဲ့ ဖိနပ်တစ်ဖက်။

ကျွန်မ အသက်ရှူကြပ်မတတ် စိုးရိမ်စိတ် သံသယက နားထင်ဆီ ဆောင့်ခနဲ သွေးတိုးသွားရတယ်။

မျက်လုံးအစုံကို ခဏမှိတ်လိုက်ပြီး စိတ်တွေ ပြန်တည်ငြိမ်အောင် ကျွန်မ ကြိုးစားလိုက်ရတယ်။

ခဏကြာမှ အသက်ကို ဝအောင်ရှူပြီး...

တစ်ဖက်တည်းသော သွေးစွန်းနေတဲ့ ဖိနပ်ကလေးကို ဝရန်တာရဲ့လက်ရန်းမှာ သိသာထင်ရှားအောင် ကျွန်မ တင်လိုက်တယ်။

ကျွန်မ ခေါင်းထဲမှာ စဉ်းစားစရာမေးခွန်းတွေက အများကြီး ဝင်ရောက်လာခဲ့တယ်။ ဖိနပ်က ဘာဖြစ်လို့ တစ်ဖက်တည်း ဖြစ်နေရတာလဲ။

ဘာဖြစ်လို့ သွေးစွန်းနေရတာလဲ။

စန္ဒာအောင်ကရော ဘာလို့ ပျောက်နေရတာလဲ။

သူ..စည်သူထွန်းဆိုတဲ့လူ...ဟို...မိုးအရမ်းသည်းတဲ့တစ်ညမှာ စန္ဒာအောင်ကို သတ်ပစ်လိုက်ပြီးတော့များ ကားထဲထည့်ပြီး တစ်နေရာမှာ အစသွားဖျောက်လိုက်တာလား။





အတွေးအဆုံးမှာ...

ကျွန်မ ရင်ထဲ တဒိန်းဒိန်း တုန်လာခဲ့တယ်။

အဲ့ဒီအချိန်မှာပဲ...

ဝေါဆိုတဲ့အသံနဲ့အတူ ကားတစ်စီးက ကျွန်မနောက်နားဆီ ရောက်လာခဲ့တယ်။

ဟင်...ဦးစည်သူထွန်း...။

ကြောက်စိတ်က..ကျွန်မရင်ထဲ အသည်းနှလုံးထဲ အသွေးအသားထဲမှာ မှန်တိုင်းတစ်ခုလို ထိုးဖောက်မွှေနှောက်သွားပေမယ့်...ကျွန်မ တံတွေးကို အခါခါမျိုချပြီး သူ့ကို တည်တည်ငြိမ်ငြိမ် မျက်နှာချင်းဆိုင်နိုင်ဖို့ ကြိုးစားပြင်ဆင်လိုက်မိတယ်။

"ဟဲလို...မင်္ဂလာပါ"

ဦးစည်သူထွန်းဆိုတဲ့လူက ကျွန်မကို ဘိုလိုတစ်လုံး မြန်မာလိုတစ်လုံး နှုတ်ဆက်တယ်။

အသံသြသြကြီးက ကြောက်စရာကောင်းလိုက်တာ။

ရုပ်ကြီးကလည်း ခက်ထန်လိုက်တာ။

"ဟုတ်ကဲ့...မင်္ဂလာပါရှင်"

ကျွန်မ သတိထားပြီး ခေါင်းညွှတ်နှုတ်ဆက်လိုက်ရတယ်။

စိတ်ထဲမှာတော့ လူသတ်သမား သတိထား...အဲ့ဒါ လူသတ်သမားနော်လို့ ကိုယ့်ကိုယ်ကို သတိပေးနေမိတယ်။

"ကျွန်မ ဟိုဘက်ခြံက ဒေါက်တာဦးငြိမ်းချမ်းအေးရဲ့ဇနီးပါရှင်၊ အမြတ်မိုးပါ"

"သြော်...ဟုတ်ပါရဲ့၊ ကျွန်တော် ဒေါက်တာ့ကို တစ်ခါဆုံဖူးတယ်၊ ညစာစားပွဲတစ်ခုမှာ..အား..ဘယ်မှာပါလိမ့်...မမှတ်မိတော့ဘူး၊ ဆောရီးဗျာ..အဲ..ဆရာမကိုတော့ အခုမှ တွေ့ဖူးတော့တယ်"

ဆရာမ...

သူ ကျွန်မကို ဆရာမလို့ ဘာကြောင့်ခေါ်လိုက်တာလဲ။

အခုမှ တွေ့ဖူးတယ်ဆိုပြီး ကျွန်မရဲ့အလုပ်အကိုင်ကို သူ ဘယ်လို

သိနေရတာလဲ ဆောင်ပြောထားတယ်နဲ့တူတယ်။

"ဟုတ်ကဲ့…ကျွန်မ လက်ဆောင်လာပေးတာပါ"

ကျွန်မ ကြိမ်ခြင်းကို သူ့ဆီ ကမ်းပေးလိုက်တယ်။

လက်ကိုင်ကို အဖျားလေးကနေ သတိထားပြီး လှမ်းပေးလိုက်တာပါ။ သူ့လက်နဲ့ မထိခတ်မိအောင်ပေါ့…။

နှုတ်ခမ်းတွန့်ရုံ ဖျတ်ခနဲ ပြုံးလိုက်တော့ ကျွန်မလက်တွေ မတုန်သွားမိအောင် မနည်းသတိထားလိုက်ရတယ်။

ကြိမ်ခြင်း သူ့လက်ထဲကိုရောက်တာနဲ့ ကျွန်မလက်ကို အမြန်လွှတ်လိုက်မိတယ်။

သူ…ဒုတိယအကြိမ် ပြုံးပြန်တယ်။

သူ့အပြုံးက သိပ်ကြောက်စရာကောင်းပါတယ်။

ကျွန်မ သူ့ကို သိပ်ကြောက်နေမိတဲ့အဖြစ်ကို သူ ရိပ်မိနေပြီလား။ မဖြစ်ဘူး…။

ဒါဆိုရင်တော့ ကျွန်မသူ့ကို ကြိုတင် အရှုံးပေး အညံ့ခံရာ ကျနေပြီ။ အဟင်းခနဲ ကျွန်မ လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး…

"ဒါနဲ့ အမျိုးသမီးရော မတွေ့ပါလား"

ဒီမေးခွန်းကိုမေးဖို့ ကျွန်မ အတော်ကလေး အားယူလိုက်ရတာပါ။

မေးခွန်းနှင့်အတူ ကျွန်မ သူ့မျက်နှာကို စူးနေအောင် သတိထားစိုက်ကြည့်နေမိတယ်။

"သူ့မိဘများအိမ် ခဏသွားလည်ပါတယ်"

ပြန်ဖြေတဲ့သူ့မျက်နှာဟန်ပန်က နည်းနည်းကလေးမှ မပြောင်းလဲဘူး။ မျက်နှာနည်းနည်းကလေးမှ မပျက်ဘူး။ အတော်ပိရိတဲ့လူ။

"သြော်…ဘယ်တော့လောက် ပြန်လာမလဲ"

ကျွန်မ အရဲစွန့်ပြီး ထပ်မေးကြည့်လိုက်မိတာပါ။

"အခုပဲ ကျွန်တော် သူ့ဆီသွားမလို့"

ကျွန်မ ဘာဆက်မေးရမလဲ မသိတော့ဘူး။

"သြော်…အဟင်း"





ကျွန်မ ဟိုကြည့်သည်ကြည့်နဲ့ ခြောက်ကပ်စွာ ရယ်လိုက်မိရင်းက အငြိုးအလွှား ဉာဏ်ထုတ်ပြီး…

"ကျွန်မ ထမင်းစား ဖိတ်ချင်လို့ပါ၊ အမျိုးသမီး ပြန်ရောက်လာရင်ပေါ့"

"ဟုတ်ကဲ့…ကျေးဇူးပါ၊ သူ တော်တော်နဲ့ ပြန်လာဖြစ်မယ် မထင်ဘူး၊ သူက ဒေါ်မျိုးချစ်လေ"

"ဟင်းဟင်း…ဒါဆို…သွားလိုက်ပါဦးမယ်"

"ကောင်းပါပြီ…လက်ဆောင်အတွက် ကျေးဇူးပါ"

ဦးစည်သူထွန်း လက်ထဲကကြိမ်ခြင်းကို မြှောက်ပြပြီး ပြောတယ်။

ကျွန်မ မသိမသာ ခေါင်းညွှတ်ပြပြီး ခပ်သွက်သွက် ပြန်ထွက်လာခဲ့မိတယ်။

သူ့ဆေားက အဖြတ်မှာ ကျွန်မကို တစ်ခုခုများ လှမ်းလုပ်လိုက်ရင်ဆိုတဲ့ စိုးရိမ်စိတ်အတွေးက အတော့်ကို ဖိစီးနှိပ်စက်ပါတယ်။

အသက်ရှူတောင် အောင့်ထားလိုက်မိတယ်။ လာမိတာ မှားများမှားသွားပြီလားလို့တောင် တခဏအတွင်း နောင်တရချင်မိသွားပါတယ်။

နောက်ကို မသိမသာ မျက်လုံးထောင့်ကပ် ကြည့်လာခဲ့မိတာ ခြံဝရောက်တဲ့အထိပါပဲ။

ခြံပြင်ကို လုံးလုံးလျားလျား ရောက်တော့မှပဲ ဟင်းခနဲ သက်ပြင်းချနိုင်ပါတော့တယ်။

ကိုယ့်ဇနီးမယားကိုတောင် ရက်ရက်စက်စက် သတ်ဝံ့တဲ့သူကို ကျွန်မ အညာခြင်းကြီးစွာနဲ့ ကြောက်ရွံ့မိနေပါပြီ။

ဒါပေမယ့်…

ကျွန်မ စန္ဒာအောင်ဆိုတဲ့ မိန်းကလေးအတွက် တစ်ခုခု ပြန်လုပ်ပေးမှ ဖြစ်မယ်။

♦ ♦ ♦

စန္ဒာအောင် မရှိတော့ဘူးဆိုတာ သေချာသိလိုက်ရတာနဲ့ တစ်ပြိုင်နက် ဆန်းကြယ်တဲ့အဖြစ်တစ်ခုဟာ ကျွန်မရင်နှလုံးအိမ်ထဲ ခိုဝင်ကိန်းအောင်းလာခဲ့တော့တာပဲ။

အဲ့ဒါကတော့ ကျွန်မရဲ့အနီးတစ်ဝိုက်မှာ စန္ဒာအောင်ရဲ့ဝိညာဉ် ကပ်ငြိ လိုက်ပါနေတယ်ဆိုတဲ့အဖြစ်ပါပဲ။

အဲ့ဒီအသိဟာ ကျွန်မရဲ့ ခံစားသိပါပဲ။

တစထက်တစ်စ ကျွန်မ ပိုပြီး ခံစားသိရှိခဲ့ရတာ...။

တစ်နေ့မှာ ကျွန်မ ပျင်းပျင်းရှိတာနဲ့...

"ရမ်ဘိုရေ...မင်းနဲ့ငါ ခြံထဲ ဆင်းဆော့ရအောင်၊ လာခဲ့...ဟော့ကောင် ဒီမှာတွေ့လား...ဘောလုံး"

ကျွန်မ ရမ်ဘိုဆော့နေကျ လက်သီးဆုပ်အရွယ် ဘောလုံးကလေးကို ပြပြီး ခြံထဲဆင်းဖို့ပြင်တယ်။

ရမ်ဘိုကလည်း အမြီးနံ့ ခုန်ပေါက်ပြီး လိုက်လာတယ်။ အိမ်ခြံထွက်ရန် တံခါးဖွင့်ဖို့ လက်လှမ်းလိုက်တဲ့အချိန်မှာ...





တံခါးဟာ တစ်စုံတစ်ယောက်က အသင့်ဖွင့်ပေးလိုက်သလို ချပ်ခနဲ ကျိုပွင့်သွားခဲ့တယ်။

"ဘုရားရေ..."

ကျွန်မ ကြက်သီးတွေ စုန်ဆန်ထပြီး လန့်ခနဲ ယောင်အော်လိုက်မိတယ်။

ကျွန်မ အနောက်ကို ဆုတ်လိုက်မိတော့ ရမ်ဘိုကလည်း တံခါးကို ကြည့်ပြီး အီခနဲ အမြီးကုတ်ပြီး အော်တယ်။

ကျွန်မ ရင်ဘတ်ကိုဖိ စိတ်ကိုတင်းပြီး တံခါးလက်ကိုင်ဘုကို ဆားကြည့်လိုက်တယ်။

ဟင့်အင်း...

တံခါးရော လက်ကိုင်ရော ဘာတစ်ခုမှ ချို့ယွင်းမနေဘူး။

သေချာတယ်။

ဒါဟာ တစ်စုံတစ်ယောက်...

မမြင်နိုင်တဲ့ တစ်စုံတစ်ယောက်ရဲ့ဖန်တီးမှုပဲ...။

"လာ...လာ...ရမ်ဘို...လာ"

ကျွန်မကိုယ်တိုင်က ကြက်သီးတွေ ထနေသည့်တိုင် ကြောက်နေတဲ့ ရမ်ဘိုကို ခေါ်နေမိတယ်။

ကျွန်မနဲ့ရမ်ဘို ခြံထဲပြေးဆင်းခဲ့ကြတယ်။

အပြေးလွန်ပြီး ခြံနောက်က ချောင်းစပ်ဆီ ရောက်လာခဲ့ကြတယ်။

ချောင်းစပ်ဆီ ရောက်လာတဲ့အချိန်မှာ ကျွန်မလက်ထဲက ဘောလုံးကို တစ်စုံတစ်ယောက်က လှမ်းပုတ်လိုက်တာကြောင့်...

"ဟင်..."

ဘောလုံးဟာ မြောက်ပြီး ရေထဲကျသွားခဲ့ရတယ်။

"အိုး...ဘောလုံး ရေထဲကျသွားပြီ၊ ဘယ်လိုလုပ်မလဲ ရမ်ဘို...ဟင်"

သိပ်ကို သိသာထင်ရှားနေပြီမို့ ကိုယ့်စိတ်ကို အားတင်းထားရင်း ကျွန်မ ရမ်ဘိုကို အဖော်လုပ်ပြီး စကားလှည့်ပြောနေမိတယ်။

"ရမ်ဘို လိမ္မာတယ်၊ သွား...ဘောလုံးဆင်းကောက်ချေနော်...၊

သွား...သွားကောက်လာခဲ့"

ရမ်ဘိုက ရေကောင်းကောင်း ကူးတတ်တယ်လေ။

ကျွန်မတို့ ဆော့ပြုရင်း မတော်တဆ ဘောလုံး ရေထဲကျသွားခဲ့ရင် သူ ရေထဲဆင်းပြီး ပါးစပ်နဲ့ ကိုက်ယူပေးနေကျ။

"သွားလေ...သွားကောက်ချေ၊ ပြောမရဘူးလား...မလိမ္မာတော့ ဘူးလားဟင်၊ ပေါင်မုန့်ကျွေးမယ်နော် သွားကောက်ချေ...သွား၊ ရမ်ဘို...သွား"

ကျွန်မ ရမ်ဘိုကို သူ သိပ်ကြိုက်တဲ့ ပေါင်မုန့်နဲ့ မျှားပြီး ချော့ခိုင်း ကြည့်တယ်။

အရင်ဆို ပေါင်မုန့်အသံ ကြားတာနဲ့ အမြီးနှံ့ပြီး ခိုင်းတာအကုန်လုပ် တတ်တဲ့ ရမ်ဘိုဟာ ခုတော့ အမြီးကုတ်ပြီး တအီအီ အော်နေတယ်။

"ဘာဖြစ်တာလဲ ရမ်ဘို၊ ဘာကြောက်နေတာလဲ ပြောစမ်း"

ရမ်ဘိုက တအီအီ အသံပြုရင်း ကျွန်မ ခြေထောက်နား လာဝပ် တယ်။

"မင်း ယောကျ်ားမဟုတ်ဘူးလား ရမ်ဘိုရယ်၊ ဒါဆိုရင်တော့ မင်းကို ငါ ရမ်ဘိုကနေ နာမည်ပြောင်းပေးမှ ဖြစ်တော့မယ်၊ မာမရှိန်းလို့လေ...ဟင်း"

ရမ်ဘိုက ကျွန်မကို မျက်နှာငယ်လေးနဲ့ မော့ကြည့်တယ်။

"ကဲ...နေတော့ မာမရှိန်းရမ်ဘိုရေ၊ ငါ့ဘာသာပဲ ကောက်ပါတော့ မယ်၊ မင်း သူရဲဘောကြောင်တဲ့အတွက် ဒီညနေတော့ ပေါင်မုန့်နဲ့ အမဲသား ကြော် လွတ်ပြီသာ မှတ်ပေတော့"

ကျွန်မ ရမ်ဘို့ကို ဆူပြော,ပြောရင်း ဘောလုံးကောက်ဖို့ တုတ်လိုက် ရှာတယ်။

"ငါ တုတ်နဲ့ ဘောလုံးကို ဒီဘက်ဆွဲယူပေးမယ်နော်၊ မင်း ရေစပ် နားက စောင့်ယူ...ကြားလား"

ရမ်ဘို ကျွန်မစကားကို နားလည်သယောင်နဲ့ မျက်လုံးလေး မှိတ် ပြတယ်။

ကျွန်မ တံတားပေါ်မှာ အသင့်တွေ့တဲ့တုတ်ကို ကောက်ယူပြီး ဘောလုံးဆယ်ဖို့ ကြိုးစားတော့တယ်။





ဘောလုံးဟာ တုတ်နဲ့ထိတာနဲ့ ရွေ့ရွေ့သွားတော့ ပိုဝေးသွား ...ပြီ။

ကျွန်မလည်း တံတားပေါ်က တုတ်နဲ့လိုက်ဆယ်ရင်း တဖြည်းဖြည်းနဲ့ ...တားစပ်ထိ ရောက်လာတယ်။

ရမ်ဘိုက ကျွန်မလုံချည်စကို ကိုက်ဆွဲထားတယ်။

"အို...ဘာဖြစ်တာလဲ ရမ်ဘို၊ ငါ ရေထဲပြုတ်ကျမှာ စိုးရိမ်လို့လား... ...လိမ္မာတာပဲ"

ကျွန်မ ရမ်ဘိုကို လှည့်ပြောလိုက်တယ်။

ဘုရားရေ...။

ရမ်ဘို့မျက်လုံးတွေက ကြောက်ရွံ့လွန်းလို့ စူးရှတောက်ပြောင် ...ာပါလား။

ရမ်ဘို ဘာကို ဒီလောက်တောင် ကြောက်ရွံ့နေရှာတာပါလိမ့်၊ ဒါ ပုံမှန်မဟုတ်တော့ဘူး။

ခွေးတွေဟာ ပရလောကနဲ့ ပိုနီးစပ်တတ်တယ်လို့ ကျွန်မ စာထဲ ...ဖူးတယ်။

"ရမ်ဘို..သားလေး"

ရမ်ဘို့ကို ချော့ရင်း ကျွန်မကိုယ်တိုင်လည်း ရင်ထဲ တဒိတ်ဒိတ် ...—

တုတ်ကို သတိထားကိုင်ရင်း ဘောလုံးကို ဖြည်းဖြည်းချင်း ဆွဲယူ ...ခဲ့တယ်။

ထိုစဉ်...

"ဗလုတ်..ဗလုတ်..ဗလုတ်.."

ဘောလုံးရဲ့အောက် ရေထဲကနေ ရေပလုံစီလေးတွေ တက်လာတာ ...တော့ ကျွန်မ မျက်လုံးပြူးသွားမိတယ်။

ရေအောက်မှာ တစ်စုံတစ်ယောက် ရှိနေသလား။

ကျွန်မ ကြောင်အပြီး ဘောလုံးလေးကို စိုက်ကြည့်နေခိုက်...

ဘောလုံးလေး ရွေ့သွားတဲ့အချိန်မှာ...

ထိုနေရာမှာ မျက်နှာတစ်ခု ပေါ်လာတယ်။

"အို..."

ကျွန်မ မအော်မိအောင် ကိုယ့်ပါးစပ်ကို အမြန်ပိတ်ပြီး နောက်ဆုတ်လိုက်မိတယ်။

ပြာနှမ်းပြီး အေးခဲမာကျောနေတဲ့မျက်နှာ။

ရေမျက်နှာပြင်ဟာ လှုပ်ခတ်နေတာကြောင့် မျက်နှာကို ကျွန်မ မျက်ချင်းအကဲဖမ်းလို့ မရဘူး။

သူ ဘယ်သူလဲ။

အရာအားလုံးဟာ ချောက်ချားဖို့ ကောင်းလောက်အောင် ခြောက်ကပ်တိတ်ဆိတ်နေတဲ့အချိန်မှာ...

"တွီ...တွီ..."

ကျယ်လောင်လွန်းတဲ့ အသံတစ်ခုကြောင့် ကျွန်မ...

'အား'ခနဲ အော်ပြီး...လက်ထဲက တုတ်ကို လန့်ပြီး ရေထဲပစ်ချလိုက်ပါတယ်။

ရမ်ဘိုကလည်း တကိန်ကိန် အော်ပြီး ထွက်ပြေးသွားတယ်။

ကျွန်မ မျက်လုံးစုံမှိတ်ပြီး အသက်ကို ဝအောင်ရှူလိုက်မိတယ်။

ကိုယ့်စိတ်ကို တည်ငြိမ်အောင် ကြိုးစားနေဆဲမှာပဲ နောက်ထပ် တွီ...တွီ...ဆိုတဲ့အသံက ထပ်ပေါ်လာတယ်။

လက်စသတ်တော့ ဖုန်းမြည်သံပဲ။

ကျွန်မ အင်္ကျီအိတ်ထဲက ဖုန်းမြည်သံ။

"ရှစ်ထိ"

ကျွန်မ ခပ်တိုးတိုး ဆဲရေးလိုက်မိပြီး ဖုန်းကို ဖွင့်နားထောင်လိုက်တယ်။

"ဟဲလို"

"မိုး...ကိုယ်ပါ၊ ကိုယ် ဒီနေ့ နည်းနည်းနောက်ကျမယ်ဆိုတာ ...မလို့၊ မိတ်ဆွေတစ်ယောက် အတော်လေး နေမကောင်းဖြစ်နေလို့ သွား...မလို့၊ မိုး ညစာစားထားနှင့်နော်"





"အိုကေ..."

ကျွန်မ စိတ်မပါလက်မပါနဲ့ စကားပြန်ပြောလိုက်မိတယ်။

"ဒါနဲ့ မိုး အခု ဘာလုပ်နေလဲ"

"ရေဆင်းကူးမလို့ မောင်ရေ"

"အိုး..မိုင်..ဂေါ့ဒ်...ဒီအချိန်ကြီး"

မောင့်စကားမဆုံးခင် ကျွန်မ ဖုန်းကို ဆောင့်ကြီးအောင့်ကြီး ပိတ်...လိုက်တယ်။

ခုနကရေပြင်ကို ပြန်ကြည့်တဲ့အချိန်မှာ ဘာမှမရှိတော့ဘူး။

အရာအားလုံးဟာ ပကတိ သဘာဝအတိုင်းပဲ။

မျက်နှာ...

ကျွန်မ ခုနက တွေ့လိုက်ရတဲ့မျက်နှာဟာ ဘယ်သူလဲ။

စန္ဒာအောင်လား။

ဘယ်သူလဲ...။

# အခန်း(၅)

ကျွန်မ စဉ်းစားလို့မရဘူး။

စန္ဒာအောင်ဟာ ဘာဖြစ်လို့ ကျွန်မကို အရိပ်အယောင်တွေ ပြနေရတာလဲ။

ကျွန်မဆီက သူ အကူအညီ တစ်ခုခုများ တောင်းချင်လို့လား၊

သူဟာ မတရားသဖြင့် အသတ်ခံလိုက်ရတယ်ဆိုတာကို ဖော်ထုတ်ပေးစေချင်လို့များလား။

ကျွန်မ ခေါင်းကိုမော့ပြီး သက်ပြင်းရှိုက်လိုက်မိတယ်။

ဟုတ်တယ်...။

ကျွန်မ ဖော်ထုတ်ပေးရမယ်။

သူ အသတ်ခံလိုက်ရတဲ့ကိစ္စကို ကျွန်မ ဖော်ထုတ်ပေးရမယ်။





ပထမဦးဆုံးအနေနဲ့...

ကျွန်မ လုပ်သင့်တာက သူ့ခင်ပွန်း ဦးစည်သူထွန်းရဲ့သွားလာလှုပ်ရှားမှု၊ နေမှုထိုင်မှု အပြုအမူတွေကို သတိထားစောင့်ကြည့်ဖို့ပဲ။

ကျွန်မတို့အိပ်ခန်းထဲကနေ မှန်ပြောင်းနဲ့ကြည့်ရင် ဦးစည်သူထွန်းရဲ့တစ်အိမ်လုံးကို ကြိုက်တဲ့အနေအထားနဲ့ မြင်နိုင်တယ်။

ကျွန်မ မနက်မိုးလင်းကတည်းက (မောင် ဆေးရုံထွက်သွားတဲ့အချိန်ကစပြီး) မှန်ပြောင်းတစ်လက်နဲ့ ဦးစည်သူထွန်းကို ဇွဲကောင်းကောင်းနဲ့စောင့်ကြည့်တယ်။

ဦးစည်သူထွန်း ဒီနေ့ တစ်နေကုန် ပျောက်နေတယ်။

ညနေစောင်းလောက်မှ ပြန်လာတယ်။

ခဏကြာတော့ နောက်ဖေးပေါက်က ပြန်ထွက်လာတယ်။

လက်ထဲမှာ ကျွန်မလက်ဆောင်ပေးထားတဲ့ ကြိမ်ခြင်းနဲ့...၊ ကျွန်မအပင်ပန်းခံပြီး လှလှပပ ပုံဖော်ထားတဲ့ပန်းတွေကို ဖြုတ်ပြီး အမှိုက်ခြင်းထဲ သွန်ထည့်နေတယ်။

အင်မတန် စားကောင်းလှတဲ့ နို့သစ်သီးစုံ ကိတ်မုန့်ကိုလည်း အမှိုက်ခြင်းထဲ လွှင့်ပစ်လိုက်ပြန်တယ်။

"တောက်..."

အနီးအနားမှာသာရှိရင် ကျွန်မ ဒီလူ့ကို အုတ်ခဲနဲ့ ကောက်ထုမိသွား မသိဘူး။

သူတပါးစေတနာကို တန်ဖိုးမထားတတ်တဲ့လူ။

ပန်းသစ်တော်သီးတွေကိုတော့ ထိုင်ခုံပေါ်မှာ လှမ်းထားလိုက်တယ်။

ဝိုင်ပုလင်းကိုတော့ ယူသွားတာ တွေ့လိုက်တယ်။

ခြင်းတစ်ခုလုံးမှာ ဒီလူတန်ဖိုးထားတာ ဝိုင်ပုလင်းပဲ၊ အိမ်ထဲဝင်လာတဲ့အချိန်မှာ ကွယ်သွားပြန်ရော။

ဘာမှ မတွေ့ရတော့ဘူး။

ကိစ္စမရှိဘူး။ ကျွန်မ ဝီရိယကောင်းကောင်းနဲ့ စောင့်ကြည့်မယ်။

အတော်လေးကြာတော့...

အဲ့ဒီလူ နောက်ဖေးတံခါးက ပြန်ထွက်လာတယ်။

ခါးထောက်ရပ်ပြီး ကျွန်မရှိရာဆီ မော့ကြည့်တယ်။

"အံမယ်လေး"

ကျွန်မ ထိတ်ခနဲ ဖြစ်သွားရတယ်။

လက်ထဲက မှန်ပြောင်း လွတ်ကျမသွားရအောင် သတိနဲ့ ဖမ်းကိုင်လိုက်ရပြီး ခါးကုန်းပြီး အခန်းထဲက မြန်မြန်ထွက်ရတယ်။

နောက်တစ်နေရာ ပြောင်းမှဖြစ်မယ်။

ကျွန်မ ဒီနေရာကနေ သူ့ကို ချောင်းကြည့်တာ သူသိသွားလို့မဖြစ်ဘူး။ ကျွန်မ အကြံအစည်တွေအားလုံး ပျက်စီးကုန်လိမ့်မယ်။

ကျွန်မ လှေကားထောင့်နေရာလေးကို ပြောင်းလိုက်တယ်။

ဒီနေရာလေးက ဟိုဘက်ခြံကိုလည်း ရှင်းရှင်းလင်းလင်း မြင်ရတယ်။ အောက်တည့်တည့်က ကျွန်မတို့အိမ် အဝင်အထွက်လည်း ဖြစ်တယ်။

ကျွန်မ မှန်ပြောင်းရှေ့ချိန်တုန်း ရမ်ဘို ဟိုဘက်ခြံကိုကြည့်ပြီး ထိုးဟောင်နေတာ တွေ့လိုက်ရတယ်။

မြတ်စွာဘုရား။

ကျွန်မ ရင်ထဲ ထိတ်သွားရပြန်တယ်၊ ရမ်ဘို ဘာကို မသင်္ကာဖြစ်လို့ဟောင်နေတာလဲ။

ကျွန်မလည်း ဘာပါလိမ့်ဆိုပြီး မှန်ပြောင်းနဲ့လျှောက်ကြည့်ရင်း ကျွန်မတို့ခြံ လျှောက်လမ်းတစ်လျှောက်က လတ်လတ်ဆတ်ဆတ်ခြေရာတွေကို တွေ့လိုက်ရတယ်။

ခြေရာ...

ကျွန်မခြေရာလား။

ဟင့်အင်း...မဟုတ်ဘူး။

ခြေရာက ကြီးတယ်။ ယောကျ်ားခြေရာပဲ။

ပြီးတော့...

အိမ်ဘက်ကို လာတဲ့ခြေရာ။

ကျွန်မ ရင်တဒိတ်ဒိတ်နဲ့ မှန်ပြောင်းကို ရွှေ့ကြည့်ရင်းက...ခြေရာ





တွေ အိမ်ဝမှာ ပျောက်သွားတယ်။

ဘုရားရေ...

လူသတ်သမားက ကျွန်မအိမ်ရှေ့ ရောက်နေပြီ။

အိမ်ထဲတောင် ရောက်နေပြီလား။

ကျွန်မ တံခါးသေချာပိတ်ထားမိရဲ့လား။

ဘယ်လိုလုပ်ရမလဲ။

ကျွန်မ ဘယ်သူ့ကို အကူအညီ တောင်းရမှာလဲ။

ရမ်ဘိုကလည်း ထိုးဟောင်တုန်း...။

မောင်...

မောင့်ဆီ ဖုန်းမြန်မြန်ဆက်ရမယ်။

ကျွန်မ အိတ်ထဲ စမ်းလိုက်တယ်။

ဟမ်းဖုန်း ဘယ်မှာထားမိပါလိမ့်။

အခန်းထဲ ပြန်ဝင်ပြီး မောင့်ဆီ ဖုန်းမြန်မြန်ဆက်မှ။

ကျွန်မ ဆတ်ခနဲ လှည့်လိုက်တဲ့အချိန်မှာ...

"အံမယ်လေး"

ကျွန်မရှေ့တည့်တည့်မှာ လူတစ်ယောက်။

ကျွန်မ အသက်ရှူရပ်မတတ် ဖြစ်သွားရတယ်။

◆ ◆ ◆

"ဘာဖြစ်တာလဲ"

မောင်က လေသံမာမာနဲ့ မေးတယ်။

ကျွန်မ ရင်ဘတ်ကိုဖိပြီး ပါးစပ်ဟပြီး တဟင်းဟင်းနဲ့ အသက်ရှူနေရတယ်။

"အား...မောင်ရယ်၊ အသံမပေး ဘာမပေးနဲ့...လန့်လိုက်တာ"

"ကိုယ့်အိမ်ပြန်လာတာ အသံပေးပြီးမှ ဝင်လာရမှာလား၊ ဒါ ပုံမှန်ကိုယ်ပြန်လာနေကျအချိန်ပဲ၊ မင်းက ဘာမဟုတ်တာ လုပ်နေလို့လဲ"

"အို...မောင် ကျွန်မသိက္ခာကို မစော်ကားပါနဲ့"

ကျွန်မ ပက်ခနဲ ပြန်အော်လိုက်မိတယ်။

"ဒါဆို မင်း မှန်ပြောင်းတစ်လက်နဲ့ ဘယ်သူ့ကို ကြည့်နေတာလဲ၊ ဘာကိစ္စအတွက် ကြည့်နေတာလဲ၊ ကိုယ့်ကို အားလုံး အမှန်အတိုင်းပြောပြ၊ မင်း ရိုးသားတယ်ဆိုရင် ပွင့်ပွင့်လင်းလင်း ပြောပြ"

မောင် ကျွန်မ မျက်လုံးတွေထဲကို စိုက်ကြည့်တယ်။

ကျွန်မ သက်ပြင်းရှိုက်လိုက်မိတယ်။

မတရားမှုတစ်ခုကို ဖော်ထုတ်ချင်တဲ့ စိတ်စေတနာကြောင့် ကျွန်မ





ဘို့ရဲ့အိမ်ထောင်ရေး အဖုအထစ် အဖြစ်မခံနိုင်ဘူး။

ကျွန်မ သက်ပြင်းရှိုက်လိုက်ပြီး...

"ကျွန်မကို အထင်မလွဲပါနဲ့ မောင်ရယ်"

စန္ဒာအောင်ရဲ့ဝိညာဉ် ကျွန်မရဲ့အနီးအနားမှာ ရှိနေတာက စလို့ ကျွန်မ အဖြစ်အပျက်အားလုံးကို မောင့်ကို မခြွင်းမချန် ဖွင့်ဟပြောပြလိုက်ရတာတယ်။

မောင် ယုံကြည်ပါ့မလား၊ ဟားတိုက်ပြီး လှောင်ပြောင်လိုက်မလား၊ ဒေါသနဲ့ပြစ်တင်လိုက်မလားလို့ ကျွန်မ စိုးရိမ်မိပေမယ့်...

ကျွန်မ စကားဆုံးတဲ့အထိ မောင် အလေးအနက်ထားပြီး နားထောင်တယ်။ စကားဆုံးတဲ့အခါ ကျွန်မ မထင်မှတ်တဲ့ မမျှော်လင့်တဲ့ စကားတစ်ခွန်းကို မောင့်ဆီက ကြားလိုက်ရတယ်။

"မိုးပြောတဲ့ကိစ္စကို ကိုယ်လည်း စိတ်ဝင်စားသွားပြီ၊ မိုး သေချာခုံစမ်းစောင့်ကြည့်ထားလိုက်၊ လိုအပ်ရင် မောင်လည်း ကူညီပေးမယ်"

"အို်း...တကယ်နော် မောင်"

"တကယ်ပေါ့ကွာ"

မောင်က ကျွန်မကို ပြုံးကြည့်ပြီး ခေါင်းညိတ်ပြတယ်။

ကျွန်မ အရမ်းကျေနပ်သွားတယ်။

စန္ဒာအောင်အတွက် အကောင်းဆုံးဖြစ်အောင် ကျွန်မ တစ်ခုခု လုပ်ပေးနိုင်မှာပါ။

သေချာပါတယ်။

◆ ◆ ◆

မောင့်ဆီက တရားဝင် ခွင့်ပြုချက် ရပြီမို့ ကျွန်မ တစ်နေ့တစ်နေ့ နေရာမျိုးစုံ ထောင့်မျိုးစုံကနေ ဦးစည်သူထွန်းဆိုတဲ့လူကို မှန်ပြောင်းနဲ့ စောင့်ကြည့်နေမိတော့တယ်။

ဒီနေ့တော့...မောင့်စာကြည့်ခန်းထဲကနေ ကြည့်မိတယ်။

အဲ့ဒီလူ အရက်မူးမူးနဲ့ အိပ်နေတယ် ထင်ပါရဲ့။

လုံးဝမတွေ့ရဘူး။

ကျွန်မ ဆက်ပြီး ဖွဲ့မခတ်နိုင်တော့ဘူး။

ခြေထောက်တွေလည်း ညောင်းတောင့်ပြီး ဗိုက်လည်း ဆာလာပြီ။

ကော်ဖီတစ်ခွက်လောက်ဖြစ်ဖြစ် သောက်မှဖြစ်တော့မယ်။

ကျွန်မ လှည့်ထွက်လိုက်တဲ့အချိန်မှာ...

'ခွမ်း'ခနဲ တစ်စုံတစ်ခု ပြုတ်ကျသံ ကြားလိုက်ရတယ်။

ကျွန်မ ဘာကိုမျှ ထိခိုက်မိပါလိမ့်။

လှည့်ကြည့်လိုက်တော့ မောင့်စားပွဲပေါ်မှာ တင်ထားတဲ့...ကျွန်မတို့ရဲ့ မင်္ဂလာဦးဓါတ်ပုံ ဖြစ်နေတယ်။





ကျွန်မ မျက်မှောင်ကြုတ်လိုက်မိတယ်။

စဉ်းစားရလည်း ကြပ်သွားတယ်။

ကျွန်မနဲ့ အဝေးကြီးပါ။

ဘယ်လိုလုပ်ပြီး အလိုအလျောက် ပြုတ်ကျပြီး မှန်ကွဲရတာလဲ။

နိမိတ်များ မကောင်းဘူးလား။

ကျွန်မ တောင်တောင်အီအီ စဉ်းစားပြီး စိတ်ရှုပ်နေမိတုန်း...

ခြေမဆီက မျက်ခနဲ နာကျင်သွားမိလို့ ငုံ့ကြည့်လိုက်တော့...

မှန်ကွဲတစ်စက စူးဝင်နေတယ်။

ဘုရားရေ...

ဒါ...ဘယ်လိုဖြစ်ရတာလဲ။

ငုံ့ထိုင်ချပြီး မှန်စကိုဆွဲထုတ်ဖို့ ကြိုးစားလိုက်တဲ့အချိန်မှာ...ထူးဆန်းတဲ့အရာတစ်ခုကို ကျွန်မ တွေ့လိုက်ရတာပဲ။

ကြမ်းပြင်ပေါ်မှာ ဓါတ်ပုံဘောင်ထဲမှ ထွက်ကျလာသော သော့တံတစ်ချောင်း။

အရင်က တစ်ခါမှ မတွေ့ဖူးသော သော့တံလေး။

ဒါ...ဘာသော့ပါလိမ့်။

သေသေချာချာ လျှို့ဝှက်သိမ်းဆည်းထားရအောင်..ဘယ်လောက် အရေးကြီးနေလို့ပါလိမ့်။

ကျွန်မ စာကြည့်ခန်းထဲက မောင့်ဗီရိုကို ဖွင့်ကြည့်လိုက်တယ်။

မဟုတ်သေးဘူး။

သော့ကို ကြည့်ပြီး ကျွန်မစိတ်ထဲ လေးလေးပင်ပင်ကြီး ခံစားလိုက်ရတယ်။ စိတ်တွေ ထိုင်းမှိုင်းခြောက်ကပ်သွားရသလိုပဲ။

ဘာပဲဖြစ်ဖြစ် ဒီသော့ကို သေသေချာချာ သိမ်းဆည်းထားရမယ်။

တစ်ချိန်ချိန်ကျရင် ဒီသော့ဟာ သိပ်ကို အရေးပါတဲ့ပစ္စည်းတစ်ခု ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး။

## အခန်း(၆)

ကျွန်မ အပေါ်ထပ်ကို တက်လာတဲ့အချိန်မှာ အပေါ်ထပ်မှာရှိတဲ့ ရေချိုးခန်းထဲကို ရေခဲငွေ့လို အငွေ့တန်းတစ်ခု ဝင်ရောက်သွားတာ တွေ့ လိုက်ရတယ်။

ဘုရားရေ...ကျွန်မ မျက်စိမမှားတာတော့ အသေအချာပါ...။

ဘာတွေများ ဆန်းကြယ်တဲ့အဖြစ်တွေ တွေ့ရဦးမှာလဲ...။

ကျွန်မ အသက်တောင် မရှူဝံ့ဘဲ ရေချိုးခန်းထဲ တဖြည်းဖြည်းချင်း ချဉ်းကပ်ဝင်လိုက်မိတယ်။

ရေချိုးခန်းထဲရောက်တော့ အငွေ့တွေကို မတွေ့ရတော့ဘူး။

"စန္ဒာအောင်...စန္ဒာအောင်လား..."

ကျွန်မ အရမ်းကို ချောက်ခြားထိတ်လန့်နေတဲ့ကြားက ခေါ်ကြည့်





ဒိုက်မိတယ်။

ခုနက အငွေ့တန်းက ဝိညာဉ်တစ်ခုပဲ ဖြစ်ရမယ်။

သေချာတယ်။ အဲ့ဒါ စန္ဒာအောင်ရဲ့ဝိညာဉ်ပဲ။

လေသံ တဝေါဝေါကို ကြားရတယ်။

"စန္ဒာအောင်...ရှင် ဒီထဲမှာလား"

ကျွန်မ အရဲစွန့်ပြီး ထပ်မေးကြည့်လိုက်မိတယ်။

လေသံတွေ ကြားနေရတာကလွဲလို့ ဘာမှ မထူးခြားဘူး။

ကျွန်မ ရေချိုးခန်းထဲ လှည့်ပတ်ကြည့်ရင်းကနေ bathtub နား ရောက်လာတယ်။

အလို...

bathtub ထဲ ရေတွေပြည့်လို့ပါလား။

ဒါ တစ်ယောက်ယောက် ဖွင့်ထားတာ။

ဒါပေမယ့် အဲ့ဒီတစ်ယောက်ယောက်ဟာ ကျွန်မ မဟုတ်ဘူး၊ အောင်လည်း မဖြစ်နိုင်ဘူး။

"စန္ဒာအောင်...မင်း ဒီရေချိုးခန်းထဲမှာ မဟုတ်လားဟင်"

သေချာပါတယ်။

သူမ ဒီရေချိုးခန်းထဲမှာ အသေအချာ ရှိနေတယ်။

သူမကို ထင်ရှားတဲ့ အရိပ်အယောင် ပြပါလို့ ပြောလိုက်ရမလား။

ဟင့်အင်း...။

ကျွန်မ မပြောရဲဘူး။

တော်ကြာ သိပ်ကြောက်လန့်စရာကောင်းတဲ့ ရုပ်ပျက်ဆင်းပျက် ...ဘာဝရုပ်ကြီး ဖြစ်နေခဲ့ရင်...

ကျွန်မ တွေးတောရင်း ခေါင်းနားပန်းကြီးသွားမိတယ်။

လောလောဆယ်တော့ ခုချိန်မှာ ကျွန်မ လုပ်သင့်တာက...

bathtub ထဲက ရေတွေကို ဖွင့်ထုတ်ပစ်ဖို့ပဲ။

ကျွန်မ ရေပေါက်ဖွင့်ဖို့ လက်လှမ်းလိုက်တယ်။

bathtub ခြေရင်းက ရေဆင်းခလုတ်ကိုနှိပ်ဖို့ ငုံ့လိုက်စဉ်မှာ...

bathtub ထဲကလျှံကျနေတဲ့ ရေမျက်နှာပြင်ပေါ်မှာ ကျွန်မမျက်နှာ ပေါ်လာတယ်။

အဲ့ဒီနောက်...

ဖြန်းခနဲဆို ကျွန်မခန္ဓာကိုယ် တစ်ပြင်လုံးအနှံ့ ကြက်သီးတွေထ သွားခဲ့ပြီး...

ကျွန်မရဲ့နံဘေးမှာ နောက်ထပ်မျက်နှာတစ်ခု ပေါ်လာခဲ့တယ်။

"အား..."

ကျွန်မ နားနှစ်ဖက်ကို လက်နဲ့ပိတ်၊ အသံကုန် အော်ပြီး ရေချိုးခန်းထဲက ထွက်ပြေးလာခဲ့မိတယ်။

♦ ♦ ♦





"ဘာလဲ...ဘာဖြစ်တာလဲ မိုး"

ကျွန်မအော်သံကြောင့် မောင် အပေါ်ထပ်ကို စိုးရိမ်တကြီး အပြေးတက်လာတယ်။

ကျွန်မနဲ့မောင် လှေကားပေါ်မှာ ဝရုန်းသုန်းကား ဆုံမိကြတယ်။

"ဘာဖြစ်လဲ..ဘာဖြစ်လဲ မိုး...ဟင်"

ကျွန်မ မောင့်ကို အတင်းတွန်းဖယ်ပြီး ပြေးဆင်းမိတယ်။ မောင် ကျွန်မနောက်က ပြေးလိုက်လာပြီး ကျွန်မပခုံးတွေကို တင်းတင်းဖက်ထားတယ်။

မောင့်ခွန်အားကို မရုန်းဖယ်နိုင်လို့ ငြိမ်သက်နေလိုက်ရပေမယ့် ကျွန်မ အရမ်းမောဟိုက်နေပြီ။ ခဏကြာတော့ မောင်က ကျွန်မကို ထိုင်စေပြီး ရေတစ်ခွက် ခပ်တိုက်တယ်။

"ဘာတွေ့လို့လဲ မိုး"

မောင် စကားစပြန်တယ်။

ကျွန်မ အသက်ပြင်းပြင်း ရှူလိုက်မိပြီး...

"သူ..သူ..ရေချိုးခန်းထဲမှာရှိတယ် မောင်"

"ဘာ..."

မောင်ဟာ အရမ်းတုန်လှုပ်အံ့ဩသလို အော်တယ်။

"မိုး မင်းပြောတဲ့ သူဆိုတာက"

"စန္ဒာအောင်လေ...ဟိုဘက်ခြံက အမျိုးသမီးလေ"

တုန်လှုပ်နေတဲ့ မောင့်မျက်နှာပြင်ပေါ်မှာ ဝေခွဲမရတဲ့အရိပ်တွေ ပေါ်လာတယ်။

"စန္ဒာအောင် ဟုတ်လား၊ ဦးစည်သူထွန်းရဲ့အမျိုးသမီးကို ပြောတာလား"

မောင့်လေသံက အနည်းငယ် စိတ်သက်သာရာရသွားသလိုပဲ။

"အင်း..."

"မင်း သေချာရဲ့လား မိုး"

"မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရဘူးလေ မောင်၊ ဒါပေမယ့် ကျွန်မတို့အိမ်ထဲမှာ ဝိညာဉ်ရှိနေတယ်ဆိုတာကိုတော့ ကျွန်မ ခံစားသိနေခဲ့တယ်၊ ဒီနေ့တော့ သေချာသွားပြီ၊ သူက ရေချိုးခန်းထဲမှာနေတာ"

"တော်ပြီ...တော်ပြီ မိုး၊ ဆက်မပြောနဲ့တော့၊ ကိုယ် ကြက်သီးထလာပြီ၊ ကိုယ် အပေါ်ထပ် ရေချိုးခန်းကို မသုံးတော့ဘူး၊ အောက်ထပ်မှာပဲ ရေချိုးတော့မယ်"

ကျွန်မ တွေခနဲ ဖြစ်သွားမိတယ်။

မောင် အပေါ်ထပ် ရေချိုးခန်းကို မသုံးတာ ကြာပြီပဲ။

ကျွန်မပဲ အိပ်ယာကနိုးရင် အောက်မဆင်းချင်တာနဲ့ အပေါ်ထပ်မှာပဲ ရေချိုးတတ်တာ။

ကျွန်မ ဘာရယ်မဟုတ်ပဲ တောင်စဉ်ရေမရ စဉ်းစားတွေးနေဆဲ...

"အင်း...ဒီကိစ္စကိုဖြေရှင်းဖို့ ကိုယ် တစ်ခုခုတော့ စဉ်းစားပေးပါ့မယ်"

မောင် ကျွန်မ ပခုံးကို ပုတ်ရင်းပြောတယ်။

ကျွန်မလည်း စန္ဒာအောင့်ကိစ္စကို စဉ်းစားဖြေရှင်းဖို့ ကျွန်မနည်း ကျွန်မဟန်နဲ့ ကြိုးစားကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမယ့်...





စန္ဒာအောင့်ကို နောက်တစ်ခါ ထပ်တွေ့ရမှာ သိပ်မျှော်လင့်ထားခဲ့တယ်။

စဉ်းစားရခက်တာက စန္ဒာအောင်ဟာ ဘာဖြစ်လို့များ သူ့မျက်နှာကို သဲသဲကွဲကွဲ မပြရတာလဲ။

♦ ♦ ♦

# အခန်း(၇)

"သေချာရဲ့လား မိုးရယ်"

"ကျွတ်...သေချာပါတယ်ဆိုကွာ"

ကျွန်မ ထက်ထက်ကို စိတ်မရှည်တဲ့လေသံနဲ့ အော်လိုက်မိတယ်။

သူငယ်ချင်းထက်ထက် ကြည့်ရတာ ကျွန်မ စကားတွေကို သိပ်ယုံချင်ပုံမရဘူး။

"ဘာလဲ...မင်းက ကိုယ့်စကားကို မယုံဘူးလား"

"ပြောမိလို့လား"

"အေးပါ...မင်း ပြီးတော့မှ သိပ်အံ့သြသွားစေရမယ်"

ထက်ထက် ခေါင်းတဆတ်ဆတ် ညိတ်တယ်။

"ဟုတ်ပါပြီ...လောလောဆယ် ဝိညာဉ်ရဲ့ပစ္စည်းတစ်ခုခုကို မင်း ဘယ်လိုရအောင် ယူမလဲ"





အဲဒါ ကျွန်မ ကြိုတင်စဉ်းစားထားပြီးသားပါ။

"ဝိညာဉ် သေငယ်ဇောနဲ့ မျောနေတဲ့အချိန်...အဲဒီအချိန်မှာ အတူရှိနေတဲ့ပစ္စည်း ဖြစ်ရမယ်၊ ဒါမှ ဝိညာဉ်ရဲ့အငွေ့အသက်တွေ ကျန်နေမှာ"

သေငယ်ဇောနဲ့ မျောနေတဲ့အချိန်မှာ အတူရှိနေတဲ့ပစ္စည်း။

"အဲဒါကို မင်း ဘယ်လိုယူမလဲ မိုး"

ကျွန်မ ထက်ထက်ကို လက်ကာပြလိုက်တယ်။

ပြီးတော့...

ရှီး...ခနဲ လေချွန်လိုက်တယ်။

ထက်ထက် မျက်လုံးပြူးကြီးနဲ့ ကျွန်မ ဘာလုပ်မှာလဲဆိုတာ ... တော်ဝင်တစားကြည့်တယ်။

ခဏကြာတော့...

ရမ်ဘိုကြီး အမြီးနှံ့ပြီး ကျွန်မအနား ရောက်လာတယ်။

ကျွန်မ ရမ်ဘိုကြီးရဲ့ခေါင်းကို ပွတ်ပြီး မေးလိုက်တယ်။

"သားကြီး...ပေါင်မုန့်ကြော် စားချင်လား၊ ကြက်ဥပေါင်မုန့်ကြော် ...လ"

ရမ်ဘို အမြီးကိုနှံ့ပြီး ကျွန်မလက်ကို အငမ်းမရပဲ လျှာနဲ့လျက်တော့ ...တယ်။

"အေး...စားချင်ရင် ခိုင်းတာလုပ်ပေးရမယ်နော်"

ကျွန်မ ရမ်ဘို့ကို သေချာစိုက်ကြည့်ပြီး ပြောလိုက်တယ်။

ထက်ထက်က မျက်နှာလွှဲပြီး မဲ့တယ်။

"ဒီမှာကြည့်စမ်း...ဟိုဘက်ခြံက ပစ္စည်းတစ်ခု သွားယူပေးရမယ် ...နော်...သိလား"

ရမ်ဘိုရဲ့ နှံ့နေတဲ့အမြီးက ချက်ချင်းငြိမ်ကျသွားတယ်။

"ဘာမှမကြောက်နဲ့...ဟိုလူမရှိဘူး၊ ခုနကတင် ကားနဲ့ အပြင်ထွက် ...သွားတယ်"

ရမ်ဘို မျက်လုံးတွေ ပြန်တောက်ပြောင်လာပြီး အမြီးလည်း တဖြည်း ...ချင်း ပြန်နှံ့လာတယ်။

"ဟိုဘက်အိမ်က ဝရန်တာ လက်ရန်းပေါ်မှာ ဖိနပ်တစ်ဖက်ရှိတယ် သိလား၊ ဝရန်တာ လက်ရန်းပေါ်မှာ"

ကျွန်မ ဟိုဘက်ခြံထဲက အိမ်ဘက်ကို လက်ညှိုးထိုးပြပြီး သေသေချာချာ ပြောလိုက်တယ်။

"ဖိနပ်နော်...သိလား၊ ယူလာခဲ့နော်၊ လိမ္မာတယ်...သွား သားကြီး မြန်မြန်"

ကျွန်မ ရမ်ဘို့ဖင်ကို တွန်းလွှတ်လိုက်တယ်။

ရမ်ဘို မြင်းတစ်ကောင်လို လျင်မြန်စွာ ပြေးထွက်သွားတယ်။

ထက်ထက်ကတော့ ကျွန်မကိုတစ်လှည့်၊ ပြေးထွက်သွားတဲ့ ရမ်ဘိုကိုတစ်လှည့် ကြည့်ပြီး ခေါင်းယမ်းတယ်။

"မမြတ်မိုး...မင်းပဲရူးနေလား ကိုယ်ပဲရူးတော့မလား မသိဘူး၊ ခွေးကို ခိုင်းရတယ်လို့"

"မင်း မယုံရင် စောင့်ကြည့်လိုက်လေ၊ ဆယ်မိနစ်...ဆယ်မိနစ်ပဲ စောင့်ကြည့်လိုက်"

ကျွန်မ အခန့်သား လက်ပိုက်ပြီး မိန့်မိန့်ကြီး ပြောလိုက်တယ်။

"အိုး...နာဂစ်ထက် ပြင်းတဲ့လေပါလား"

ထက်ထက် ကျွန်မကို လှောင်တယ်။

ကျွန်မ မကြားချင်ယောင်ဆောင်ပြီး အသင့်ပြင်ဆင်ထားလိုက်တယ်။

စားပွဲငယ်နှစ်လုံး၊

ဖယောင်းတိုင်ကြီးတစ်တိုင်၊

ပုဝါဖြူတစ်ထည်။

ကျွန်မ ခန့်မှန်းလိုက်တဲ့ ဆယ်မိနစ် မရှိခင်မှာပဲ စန္ဒာအောင်ရဲ့ ဘော ခွန်းနေတဲ့ ဖိနပ်ကလေးတစ်ဖက်ကို ကိုက်ချီပြီး ရမ်ဘို ပြန်ရောက်လာခဲ့တယ်။

ကျွန်မက...ကဲ..တွေ့ပြီလားဆိုတဲ့သဘောနဲ့ ထက်ထက်ကို ခပ်ကြွား ကြွားလေး မေးဆတ်ပြလိုက်တယ်။

ဖိနပ်ယူလာတဲ့ ရမ်ဘိုကိုကြည့်ပြီး ထက်ထက် မျက်လုံးပြူး မျက် ပြူးနဲ့...





"အိုး...မိုင်..ဂေါ့ဒ်..."

လို့ အံ့ဩဘနန်း ရေရွတ်တယ်။

"အား...အရမ်းကို လိမ္မာတဲ့ခွေးပါလား၊ လူစကား အရမ်းနားလည် ...ပဲ"

ထက်ထက် မယုံကြည်နိုင်သလို ခေါင်းကို ခပ်လေးလေး ခါယမ်းပြီး ...တယ်။

"အိုကေ သားကြီး...လိမ္မာတယ်၊ ခဏစောင့်...ပြီးရင် ပေါင်မုန့်ကျွေး ...မယ်နော်၊ သွား...အပြင်မှာ သွားစောင့်နေ...သွား"

ကျွန်မ အပြင်နှင်လွှတ်လိုက်တော့ ရမ်ဘို ကျွန်မလက်ကို လျှာနဲ့ ...နှစ်ချက် လျက်ပြီး အိမ်ပြင်ပြန်ထွက်သွားတော့တယ်။

ကျွန်မ စားပွဲတစ်လုံးပေါ် ဖိနပ်ကို တင်လိုက်တယ်။

ပြီးတော့...

ဖယောင်းတိုင်မီးကို စတင်ထွန်းညှိလိုက်တယ်။

နောက်ထပ်စားပွဲမှာ လက်ကိုင်ပုဝါဖြူလေးကို ဖြန့်ခင်းလိုက်တယ်။

ပြီးတော့ ကျွန်မရဲ့လက်ချောင်းတွေကို ခပ်ဖွဖွ တင်လိုက်တယ်။

ထက်ထက်ကလည်း ကျွန်မ အရိပ်အခြည်ကို ကြည့်ပြီးတော့ ...ချောင်းတွေကို ပုဝါဖြူပေါ် တင်တယ်။

"အိုကေ...ရယ်ဒီနော် ထက်"

"ဟိုးထား...ခဏလေး"

ကျွန်မ...ထက်ထက် အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ မျက်လုံးအစုံကို ...ိတ်တယ်။ ပြီးတော့ ထွက်သက်ကို ရှိုက်ထုတ်ပြီး စိတ်ကို အစွမ်းကုန် ...လိုက်တယ်။

စိတ်အာရုံတွေ ပကတိ ကြည်လင်သွားအောင် စောင့်ဆိုင်းလိုက်ပြီးမှ ...သက်စွာ စတင်ပြောဆိုလိုက်တယ်။

"စန္ဒာအောင်...မင်း တစုံတရာ ပြောချင်တယ်ဆိုရင်၊ ငါ့ရဲ့အကူအညီ ...ယ်ဆိုရင် ဟောဒီ ငါ့ရှေ့မှာ ထိုင်နေတဲ့ ငါ့သူငယ်ချင်း စနေသမီး ...ရဲ့ ခန္ဓာကိုယ်ထဲ ဝင်ပူးပြီး ဆက်သွယ်ပြောဆိုနိုင်တယ်၊ ငါတို့

နှစ်ယောက်လုံး ခွင့်ပြုတယ်"

ကျွန်မ စာအုပ်ထဲက မှတ်ထားတဲ့အတိုင်း သတိထားပြီး တစ်လုံးချင်း ပြောလိုက်တယ်။

ကျွန်မရဲ့စကားအဆုံးမှာ ရှေ့မှာရှိနေတဲ့ ထက်ထက်ဆီက တဟုဟု ရယ်သံထွက်လာတယ်။

ဒေါ်သ ထောင်းခနဲ ထွက်သွားရပြီး ကျွန်မ မျက်လုံးတွေကို ဆတ်ခနဲ ဖွင့်ကြည့်လိုက်တယ်။

"ဟော့...မင်း ဘာရယ်တာလဲကွ"

"ဆောရီး...ဆောရီး သူငယ်ချင်း"

"မင်းရယ်နေရင် သူ ဘယ်လိုလုပ် ဝင်လို့ရမလဲကွ၊ ကိုယ်ကြိုပြော ထားတယ် မဟုတ်လား၊ မင်း စိတ်ကိုလျှော့ချပြီး အာရုံတွေကို စုစည်းထား စိတ်ကိုလည်း တည်ငြိမ်အောင် ထားပါလို့ဆိုတာ"

"အိုကေ...အိုကေ...ကိုယ် အရမ်းရယ်ချင်သွားလို့ပါ၊ ရပြီ..ရပြီ.. ရယ်ဒီ..ပြန်စ သူငယ်ချင်း၊ ကိုယ် မရယ်တော့ဘူး၊ အတည်ပြောတာ၊ တကယ် အတည်..."

ကျွန်မ အရမ်းဒေါ်သဖြစ်သွားမှန်း သိတာမို့ ထက်ထက်တောင်း ပန်ပြီး မျက်နှာပိုး ချက်ချင်းပြန်သတ်တယ်။

ကျွန်မ နောက်တစ်ကြိမ် ပြန်ကြိုးစားဆောက်တည်လိုက်တယ်။

"စန္ဒာအောင်...လာပါ၊ ခွင့်ပြုပါတယ်...လာပါ"

ကျွန်မ တကယ့်ကို နွေးထွေးတဲ့ ရင်နှလုံးနဲ့ သူမကို လှိုက်လှဲစွာ ခေါ်ငင်နေမိတယ်။

ပြီးတော့ ဖြည်းဖြည်းချင်း မျက်လုံး ပြန်ဖွင့်ကြည့်လိုက်တယ်၊

ရှေ့က ထက်ထက်လည်း တည်ငြိမ်တဲ့မျက်နှာနဲ့ရှိနေတာမို့ ကျွန်မ ကျေနပ်သွားရတယ်။ အရမ်းကို တိတ်ဆိတ်ငြိမ်သက်လွန်းနေတယ်၊

သာမန် တိတ်ဆိတ်မှုမျိုးမဟုတ်တဲ့၊ သာမန်ငြိမ်သက်မှုမျိုးမဟုတ်တဲ့ ချောက်ခြားဖွယ်ရာ တိတ်ဆိတ်ငြိမ်သက်မှုမျိုးပါပဲ။

ပထမဆုံး စပြီးသိသာထင်ရှားလာခဲ့တာက...





ဖယောင်းတိုင်မီးပါပဲ။

ဖယောင်းတိုင်မီးညွန့်ဟာ တစုံတယောက်က အနားကပ်ပြီး မှုတ်...က်ရပ်လိုက် ဆော့ကစားနေသလိုမျိုး မှိန်တုံလင်းတုံ ဖြစ်စေခဲ့ပါတယ်။

ပထမတော့ လေတိုက်လို့များလားလို့ ထင်ယောင်ထင်မှား ဖြစ်မိ...ဦး...ပါပဲ။ ဒါပေမယ့် တံခါးတွေအားလုံး အလုံပိတ်ထားတဲ့ဟာ...။

"ဖယောင်းတိုင်မီး"

ထက်ထက်က ခပ်တိုးတိုးပြောတယ်။

"ရှူး..."

ကျွန်မ သတိပေးလိုက်တယ်။

ထက်ထက်မျက်လုံးတွေဟာ မသိမသာ ဝိုင်းစက်လာတယ်။

ပြီးတော့...

ကျွန်မတို့ရဲ့လက်ချောင်းတွေ တင်ထားတဲ့ ပုဝါဖြူလေးဟာ တရွရွ ...တ်လာတယ်။

"ပုဝါ..ပုဝါ..လှုပ်..လှုပ်နေတယ်နော် မေမြတ်မိုး"

ထက်ထက်ရဲ့အသံတွေ လှုပ်ရှားနေတယ်။

ကျွန်မ ခေါင်းအသာညိတ်ပြလိုက်တယ်။

"ကိုယ်သိတယ်"

"ကြက်...ကြက်သီးတွေ"

ထက်ထက် ပခုံးတွန့်ပြတယ်။

ကျွန်မကိုယ်တိုင်လည်း ချောက်ချားစိတ်တွေ ဆူဝေပြည့်လျှံပြီး ကြက် ...တစိမ့်စိမ့် ထနေမိတယ်။

"သူ လာနေပြီ ထင်တယ်"

ကျွန်မ ထက်ထက်ကို ခပ်တိုးတိုး သတိပေးလိုက်တယ်။

"ဟင့်အင်း...ကိုယ်..ကိုယ် မဖြစ်နိုင်တော့ဘူးထင်တယ် မေမြတ်မိုး၊ ...ပဲ ပူးခိုင်းကြည့်ပါလားဟင်၊ သူ ဘာတွေပြောသလဲဆိုတာ ကိုယ် ...မှာ မှတ်ထားပေးပါ့မယ်"

"မဖြစ်ဘူး...ကိုယ်က သူနဲ့ စကားအပြန်အလှန် ပြောချင်တာ၊ ကိုယ်

သူ့ဒုက္ခကို အလုံးစုံသိမှဖြစ်မယ်၊ ဒါမှ ကိုယ် သူ့ကိုကူညီပေးနိုင်မှာ”

“ကိုယ် ကြိုးစားပေးပါ့မယ် မေမြတ်မိုးရယ်နော်၊ မင်း သူ့ကို စကား အမြန်ပြင်ပြောပေးပါ”

ကျွန်မ စိတ်အိုက်သွားမိတယ်။

အခြေအနေက အချိန်နဲ့အမျှ အရမ်းကို အရေးကြီးနေပြီ၊ သူ ရောက် နေပြီဆိုတာလည်း ကျွန်မ ခံစားသိနေတယ်၊ ထက်ထက်လည်း တကယ်တမ်း ကြုံတွေ့ရတဲ့အချိန်မှာ အရမ်းကို ချောက်ချားတုန်လှုပ်နေပြီဆိုတော့ ဧည့်သည် တစ်ယောက်ကို ဒီ့ထက်ပို စိတ်ဒုက္ခမပေးသင့်ဘူးလို့ ကျွန်မ စဉ်းစားမိပါတယ်။

ဒါပေမယ့် ကြိုတင်ပြောပြထားရဲ့သားနဲ့ လက်ခံခဲ့ပြီးမှ ဘာလို့ခေါင်း ရှောင်ငြင်းဆန်ချင်ရတာလဲလို့လည်း ထက်ထက်ကို ကျွန်မ စိတ်ဆိုးချင်ပါ တယ်။

အဲ့ဒီလို ပဋိပက္ခအခြေအနေမှာပဲ...

ရုတ်ချည်း...ဖယောင်းတိုင်မီးဟာ ဟုပ်ခနဲ ငြိမ်းသွားခဲ့တယ်။

“အား...”

“အံမယ်လေး”

ကျွန်မတို့နှစ်ယောက်လုံး ငယ်သံပါအောင် အော်လိုက်မိတယ်။

အခန်းထဲမှာ ပြတင်းပေါက်ကို ဖြတ်သန်းဝင်ရောက်လာတဲ့ အပြင်က ဆည်းဆာအလင်းရောင်ပြပြပဲ ရှိပါတော့တယ်။

နှစ်ယောက်သား ပုဝါပေါ်က လက်ချောင်းတွေကို ပြိုင်တူဆိုသလို အမြန်ရုပ်လိုက်မိကြတယ်။ အဲ့ဒီအချိန်မှာပဲ...

‘ဝုန်း’ ဆို တံခါးမကြီးဟာ ရုတ်ခနဲ ပွင့်သွားခဲ့တယ်။

“အား...ကယ်ကြပါဦး”

“ဘုရား...သံဗုဒ္ဓေ...”

ကျွန်မတို့နှစ်ယောက်သား ကြောက်ခမန်းလိလိ အသံကုန်အော် လိုက်မိကြတယ်။

◆ ◆ ◆





“အား...ရမ်ဘိုရယ် သေလိုက်ပါတော့”

“အေးကွာ...လိပ်ပြာတောင် လွင့်သွားပြီထင်ရတယ်၊ တော်တော် ...ကောင်”

ကျွန်မနဲ့ထက်ထက် ခုထိ ရင်ဘတ်ကိုယ်စီ ဖိထားမိကြဆဲ။

ရမ်ဘိုကတော့ ဘာမှမသိတတ်ဘဲ ကျွန်မလက်ခုံကိုနမ်းပြီး တအီအီ ...ပြုနေတယ်။

“ရမ်ဘို...မင်း ဆာနေပြီပေါ့လေ ဟုတ်လား...ဆောရီးပဲကွာ၊ ကဲ... ...ရေ ထိုင်ဦးနော်၊ ကိုယ် ဒီကောင်ကြီးကို အစာကျွေးလိုက်ဦးမယ်”

“အား...မထိုင်ရဲတော့ပါဘူးကွာ ပြန်တော့မယ်၊ မင်းအိမ်မှာ ဝိညာဉ် ...ယ်ဆိုတာ ကိုယ် လုံးဝယုံကြည်သွားပြီ သူငယ်ချင်း၊ ဒါပေမယ့် မင်း ...ချင်ကို အောင်မြင်စွာပြီးဆုံးတဲ့အထိ မကူညီနိုင်တာကိုတော့ ကိုယ့်ကို ...တ်၊ ကဲ..ကိုယ်ပြန်မယ်သူငယ်ချင်း..ဂွတ်ဘိုင်”

ထက်ထက် ကမန်းကတန်း နှုတ်ဆက်ပြီး ပြန်ဖို့ပြင်တယ်။

ကျွန်မရဲ့အစီအစဉ် မအောင်မြင်လိုက်တာကိုတော့ ကျွန်မ စိတ် ...ခြင်းကြီးစွာ ဖြစ်ရပါတယ်။

ဘာတတ်နိုင်မှာလဲ။

ကျွန်မ ထက်ထက်ကို ပခုံးပဲ တွန့်ပြလိုက်မိတယ်။

"ဂွတ်ဘိုင် သူငယ်ချင်း...ကျေးဇူးတင်ပါတယ်၊ ကားကို ဖြည်းဖြည်း မောင်းနော်...ဂွတ်နိုက်"

"ဂွတ်နိုက်...မင်းသာ အိပ်ပျော်အောင်အိပ် သူငယ်ချင်း၊ မင်းနေရာ ကိုယ်ဆိုရင်တော့ တစ္ဆေသရဲ ရှိနေတဲ့အိမ်ထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နိုင်မယ် မထင်ဘူး"

ထက်ထက်စကားကြောင့် ကျွန်မ လျော့ရဲရဲပြုံးရင်း သက်ပြင်းသာ ရှိုက်လိုက်မိတယ်။

ကျွန်မ အိပ်မပျော်တာ ဘယ်လောက်တောင်ကြာပြီလဲ။





## အခန်း(၈)

ထက်ထက်ပြောခဲ့သလိုပါပဲ...

မောင်မရှိတဲ့အချိန်ဆို အိမ်ထဲမှာ ဝိညာဉ်ဘဝ ပရလောကသား ယောက်နဲ့ ကျွန်မနဲ့ နှစ်ယောက်တည်းဆိုတဲ့ ခံစားသိက ကျွန်မကို အချိန်နဲ့ ချောက်ချားနေစေတာပါ။

ခက်တာက...

ကျွန်မကိုယ်တိုင်က သူမနဲ့ ကင်းကင်းရှင်းရှင်း မနေနိုင်တာပဲ။

သူမ ကျွန်မကို ဆက်သွယ်ချင်နေတယ်လို့ ကျွန်မ ယုံကြည်နေမိ

အခုလည်း...

ဘယ်လောက်ပဲ ချောက်ချားထိတ်လန့်နေမိသည်ဖြစ်စေ သူမ ဘယ်လို့ ထင်မှတ်မိတဲ့ ရေချိုးခန်းဆီကို ကျွန်မခြေလှမ်းတွေက တရွေ့ရွေ့

ချဉ်းကပ်နေမိပြန်တယ်။

ရေချိုးခန်းရှေ့မှာ ကျွန်မ ရပ်လိုက်မိတယ်ဆိုရင်ပဲ...

တံခါးဟာ တစုံတစ်ယောက်က ဆီးကြိုဖွင့်ပေးလိုက်သလို ဖြည်းဖြည်းချင်း ပွင့်ဟသွားခဲ့တယ်။

ပြီးတော့...

ကျွန်မရှေ့ကနေ အငွေ့တန်းတစ်ခုဟာ မှန်ပြတင်းချပ်ဆီကို ရိုက်ခတ်ပြီး ပျောက်ကွယ်သွားတာ တွေ့လိုက်ရတယ်။

"စန္ဒာအောင်...မင်း ဘာလိုချင်လဲဟင်၊ မင်း ဘာဖြစ်ချင်နေသလဲ"

ကျွန်မ သတ္တိမွေးပြီး ခပ်တိုးတိုး မေးမိပြန်တယ်။

ခြေသံလိုလို သစ်ရွက်လေတိုးသံလိုလို တရှပ်ရှပ်အသံကို ကြားလိုက်ရတယ်။

ကျွန်မ အိပ်မက်ထဲမှာ လမ်းလျှောက်နေသူတစ်ယောက်လို bathtub ရှိရာဆီ တစ်လှမ်းချင်း လှမ်းခဲ့မိတယ်။

bathtub ထဲမှာ ရေတွေ ပြည့်နေပြန်ပြီ။

ကျွန်မ လက်သီးကျစ်ကျစ်ဆုပ်ကာ စိတ်ကိုအားတင်း သတ္တိမွေးပြီး ရေမျက်နှာပြင်ကို ငုံ့ကြည့်လိုက်မိပြန်တယ်။

မျက်နှာတစ်ခု ပေါ်လာတယ်။

ချောက်ချားတုန်လှုပ်နေတဲ့ မေမြတ်မိုးဆိုတဲ့ ကျွန်မရဲ့မျက်နှာ...

နောက်ထပ်မျက်နှာတစ်ခု ဘယ်တော့များ ထပ်ပေါ်လာလိမ့်မလဲလို့ မိနစ်အနည်းငယ်ကြာတဲ့အထိ ကျွန်မစောင့်ဆိုင်းခဲ့ပေမယ့် ဘာမှမထူးခဲ့ဘူး။

နောက်ဆုံး...

bathtub ထဲလက်ထည့်ပြီး ရေဆင်းခလုတ်လေးကို နှိပ်ဖွင့်လိုက်တယ်။ စတီးအဖုံးလေး ပွင့်သွားပြီး ရေတွေ တဝေါဝေါနဲ့ ကျဆင်းသွားတော့တယ်။

"စန္ဒာအောင်...မင်း ဘာလိုချင်လို့လဲ၊ ဘာလိုချင်လို့လဲ"

ကျွန်မ နောက်တစ်ကြိမ် ထပ်မေးလိုက်မိပြန်တယ်။





အငွေ့တွေ...။

ရေခဲငွေ့လို အငွေ့တန်းတစ်ခု မှန်ပြတင်းဆီက တိုးထွက်လာခဲ့တယ်။

သူမရဲ့ဝိညာဉ်ဟာ မှန်ပြတင်းမှာ ကပ်ငြိနေတာများလား...။

ကျွန်မ လက်ချောင်းထိပ်ကလေးတွေနဲ့ မှန်ပြတင်းကို ဖွဖွလေး ပုတ်သပ်ပေးလိုက်မိတယ်။

မှန်ချပ်မှာ သီးပြည့်နေတဲ့ ရေငွေ့တွေဟာ လျှောကျလာခဲ့တယ်။

အဲ့ဒီနောက် မသဲကွဲလှပေမယ့် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာသဏ္ဌာန် ပေါ်လာခဲ့တယ်။

"စ...စန္ဒာ...စန္ဒာအောင်..."

ကျွန်မ အရဲစွန့်ပြီး ခေါ်လိုက်မိတယ်။

ကျွန်မရင်တွေ အရမ်းခုန်နေပြီ။

ဒါပေမယ့် သူမကို ရေဆုံးရေဖျား ကူညီပေးဖို့ ကျွန်မဆုံးဖြတ်ထားခဲ့တာပဲ။

"စန္ဒာအောင်...မင်း ဒီမှာလားဟင်"

ကျွန်မ မှန်ချပ်ဆီက လက်ကို ရုပ်ပြီး တံတွေးမျိုချလိုက်မိတယ်။

မျက်နှာရဲ့အောက်မှာ အင်္ဂလိပ်စာလုံးသဏ္ဌာန် ထပ်ပေါ်လာခဲ့တယ်။

ပထမဆုံး ပေါ်လာတာက...S

ပြီးတော့ နောက်ထပ် S တစ်လုံး။

နောက်...C

S.S.C

ပြီးတော့ ပကတိ ပြန်ပြီးငြိမ်သက်သွားခဲ့တယ်။

"အက်စ်...အက်စ်...စီ"

ကျွန်မ ခပ်တိုးတိုး ရေရွတ်မိတယ်။

"အက်စ်...အက်စ်...စီ"

ဘုရား...။

ကျွန်မခေါင်းတစ်ခုလုံး ပွင့်ကွဲထွက်တော့မလို ခံစားလိုက်ရတယ်။

ကျွန်မရဲ့ရေရွတ်သံအဆုံးမှာ ပုံတင်ရိုက်သလို မှန်ပြတင်းထဲက ခြောက်ကပ်အက်ကွဲတဲ့အသံကြီး ထွက်ပေါ်လာခဲ့တယ်။

"အား..."

ကျွန်မ သတ္တိတွေကုန်ဆုံးပြီး တအားအော်ရင်း အောက်ထပ်သို့ အမြန်ပြေးဆင်းခဲ့မိတော့တယ်။

ထိတ်လန့်နေတဲ့ ကျွန်မခြေထောက်တွေက အောက်ထပ်ကို ဘယ်လိုရောက်ခဲ့မိမှန်းတောင် မသိတော့ဘူး။

ကျွန်မ ဘာလို့ သတ္တိမရှိရတာလဲ။

ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်နေမိတယ်။

ကျွန်မ နံရံကိုမှီပြီး အမောဖြေဆဲ...

စားပွဲပေါ်က ကွန်ပျူတာ ပွင့်နေတာ သတိပြုလိုက်မိတယ်။

ဘယ်သူဖွင့်ထားတာလဲ။

ဟင့်အင်း...ဒီမနက် ဘယ်သူမှ ကွန်ပျူတာ မကိုင်ဘူး။

ဒါ...ဒါ...။

ကျွန်မ ကွန်ပျူတာကို ချောက်ချားစွာ ကြည့်မိဆဲ...

S.S.C ဆိုတဲ့ စာလုံးသုံးလုံး computer screen ပေါ်မှာ ထပ်ပေါ်လာခဲ့ပြန်တယ်။

"ဘာလဲ...ဘာတွေလဲ၊ အက်စ်..အက်စ်..စီ..ဆိုတာ ဘာလဲ၊ အား... စဉ်းစားလို့ မရပါလား"

ကျွန်မ ဆံပင်တွေကို ထိုးဖွရင်း စိတ်ရှုပ်ထွေးနေမိတယ်။

"ကျွတ်"

ကျွန်မ စိတ်ပျက်လက်ပျက် စုတ်သပ်လိုက်မိပြီး ကားသော့ယူပြီး ထွက်လာခဲ့မိတယ်။

◆ ◆ ◆





မောင် ကျွန်မကို ရုတ်တရက် တွေ့လိုက်ရတော့ အတော်အံ့အားသင့်သွားပုံရတယ်။ ကျွန်မ တစ်ခါမှ မောင့်ဆေးရုံကို လိုက်မလာဖူးဘူးလေ။ ...ျွန်မကိုမြင်တော့ အလုပ်သင် ဆရာဝန်မလေးနှစ်ယောက်ကို စကားပြော ...နေရာကနေ...

"ဟင်...မိုးပါလား"

လို့ တအံ့တသြ ရေရွတ်တယ်။

"လာလေ...ဘာဖြစ်လို့လဲ"

အလုပ်သင်ဆရာဝန်မလေးနှစ်ယောက် ကျွန်မကို တစ်ချက်ကြည့် ...ပြီး အခန်းထဲက ထွက်သွားတယ်။

"ဘာဖြစ်လဲ မိုး၊ ဘာတွေအရေးကြီးလို့လဲ"

မောင် စိုးရိမ်တကြီး မေးတယ်။

"မောင်ရေ...ကျွန်မတော့ စဉ်းစားလို့ကို မရတော့ဘူး"

"ဘာကိုလဲ...မိုးစကားက အဆုံးမရှိ အစမရှိ"

"ကျွန်မ သူ့ကို ဒီနေ့ ထပ်တွေ့တယ်"

"ရေချိုးခန်းထဲမှာပဲလား"

"ဟုတ်တယ်...ရေချိုးခန်းထဲမှာပဲ"

"ကြေးစလားထဲမှာပေါ့"

"ဟင့်အင်း...ပြတင်းပေါက် မှန်ချပ်ပေါ်မှာ"

"အိုး...သူ ဒီတစ်ခါ နေရာပြောင်းသွားပြီပေါ့"

မောင်ပြောပုံက ပေါ့ပျက်ပျက်နိုင်သလိုပဲ။

ကျွန်မ မောင့်ကို မကျေမနပ် လှမ်းကြည့်လိုက်မိတယ်။

မောင်က ပခုံးတွန့်ပြတယ်။

"ဆက်ပြောလေ"

"မှန်ချပ်ပေါ်မှာ စာလုံးသုံးလုံး ပေါ်လာတယ်"

"စာလုံးသုံးလုံး...အိုး...တယ်ထူးဆန်းပါလား၊ ဘာတဲ့လဲ"

"အက်စ်..အက်စ်..စီ..ဆိုတဲ့ စာလုံးသုံးလုံး"

"ဘာ..."

ကျွန်မ စကားအဆုံးမှာ မောင် အလန့်တကြား ထအော်တယ်။

မောင် စိတ်လှုပ်ရှားသွားတာ တွေ့လိုက်ရတော့ ကျွန်မ နည်းနည်း ကျေနပ်သွားမိတယ်။

"အက်စ်..အက်စ်..စီ..ဟုတ်လား...အိုး မိုင်ဂေါ့ဒ်"

"ဘာဖြစ်လို့လဲ မောင်"

"အဲ့ဒါ ဘာပြောတာလို့ မင်း ထင်လဲဟင် မိုး"

မောင်က ကျွန်မကို အရေးတယူလုပ်ပြီး မေးတယ်။

"အဲ့ဒါကို ကျွန်မ စဉ်းစားရခက်နေတာပေါ့ မောင်ရဲ့၊ ဒါကြောင့်... မောင့်ဆီထွက်လာတာပေါ့၊ တကယ်လို့ စန္ဒာအောင်က သူ့ နာမည်ကို ဖော်ပြချင်တယ်ဆိုရင်လည်း အက်စ်..ဒီ..အေ..လို့ပေါ်ရမှာလေ၊ ဒါပေမယ့် သူ့ နာမည်ကို ဖော်ပြစရာမှ မလိုတာ ကျွန်မသိပြီးသားပဲ..."

"မင်းက အဲ့ဒီဝိညာဉ်ဟာ စန္ဒာအောင်လို့ပဲ တစ်ထစ်ချ ယုံကြည်ထားတာပေါ့"

"ယုံကြည်တာ မဟုတ်ဘူး...သေချာတာ၊ ဦးစည်သူထွန်း သူ့မိန်းမကို မတရားသဖြင့် ရက်ရက်စက်စက် သတ်လိုက်တယ်ဆိုတာ ကျွန်မကလွဲပြီး





ဘယ်သူမှမသိဘူး"

"မင်းမျက်စိနဲ့ တပ်အပ်မြင်ခဲ့လို့လား"

"အိုး...ခံစားသိ မောင်ရဲ့၊ ရှင်မယုံဘူးလား"

ကျွန်မ ဆေးရုံထဲမှာဆိုတာ မေ့ပြီး အသံကျယ်သွားမိတယ်။

မောင်က လက်ကာပြတယ်။

"ကိုယ် အရမ်းအလုပ်များနေတယ် မိုး၊ သူတပါး ကိုယ်ရေးကိုယ်တာကို စိတ်ဝင်စားဖို့ ကိုယ့်မှာအချိန်မရှိဘူး"

"ဩော်..."

"မောင် ကျွန်မကို ယဉ်ယဉ်ကျေးကျေး နှင်လွှတ်တာပေါ့လေ...ရပါတယ်၊ အိုကေ...ရှင့်ချာတိတ်မတွေကို လက်ချာဆက်ပေးချေပါ၊ ကျွန်မ ပြန်ပါဦးမယ်၊ ကျေးဇူးတင်ပါတယ် ဒေါက်တာဦးငြိမ်းချမ်းအေး"

ကျွန်မ ဆတ်ခနဲ ထရပ်ပြီး မောင့်ရုံးခန်းထဲက ခြေလှမ်းကျဲတွေနဲ့ ထွက်လာခဲ့လိုက်တယ်။

"ဟေ့...မိုး နေဦးလေ"

မောင် ကျွန်မနောက်ကို ကမန်းကတန်း ထလိုက်လာတယ်။

ကျွန်မသိပေမယ့် လုံးဝလှည့်မကြည့်ဘူး။

"ဟေ့...မိုး...မောင့်ကိုစောင့်ဦး၊ ပြောနေတယ်လေ၊ ဒါ ဆေးရုံမှာကွ...မင်း ကလေးမဆန်နဲ့၊ ကိုယ့်ဂုဏ်သိက္ခာကို တဆိတ်လောက်ငဲ့ပါဦး"

မောင် ခပ်အုပ်အုပ် လှမ်းသတိပေးတော့မှ ကျွန်မခြေလှမ်းတွေကို နှေးပစ်လိုက်တယ်။

သူ့ဂုဏ်သိက္ခာအတွက်တော့ မဟုတ်ပါဘူး။

ဆရာဝန်ကြီးကတော်ဖြစ်တဲ့ ကျွန်မ ဒေါ်မေမြတ်မိုးရဲ့ဂုဏ်သိက္ခာ အတွက်ပါ။

သိပ်မကြာခင်မှာပဲ မောင် ကျွန်မကို မှီလာတယ်။

"ကိုယ်တို့ စကားအေးအေးဆေးဆေး ပြောကြတာပေါ့ မိုး"

"အိုး...ရှင့်မှာ အချိန်မှမရှိတာ"

"တော်ပြီ...မင်း မရွဲ့နဲ့တော့ မိုး၊ မင်း အဲ့ဒီကိစ္စအတွက် သိပ်အိုဗာ

ဖြစ်လွန်းတယ်၊ သိပ်စိတ်ဝင်စားပြီး အာရုံစူးစိုက်လွန်းတယ်၊ အဲ့ဒါကို ကိုယ်ကြည့်မရတာ"

"ဒါဆို ရှင် အစတုန်းက ရှင်ကိုယ်တိုင် ဝင်ပါပြီး အကူအညီပေးပါ့မယ်လို့ ဘာလို့ပြောခဲ့သေးလဲ ဦးငြိမ်းချမ်းအေးရဲ့"

ကျွန်မ သတိကောင်းစွာနဲ့ ဖော်ထုတ်လိုက်တော့မှ မောင်ဟာ ပြောခဲ့ဖူးတဲ့ သူ့စကားအတွက် ငြိမ်သက်ဆွံ့အသွားတော့တယ်။

"အာ...ဆော...ဆောရီး"

"ရပါတယ်...ဒီကိစ္စကို ရှင် ဝင်မပါချင်နေပါ၊ ကျွန်မစိတ်ကိုတော့ အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့"

"မဟုတ်သေးဘူး မိုးရယ်...ကိုယ်က"

ကျွန်မတို့ စကားများနေရင်းက ဖျတ်ခနဲဆို မလှမ်းမကမ်းမှာ ဦးစည်သူထွန်းရဲ့ကားကို တွေ့လိုက်ရတယ်။

ကျွန်မရင်ထဲက ဒေါသတွေဟာ မီးတောက်တစ်ခုလို ဟုန်းခနဲ ထတောက်သွားတော့တယ်။

ကျွန်မ မပြေးရုံတမယ် ခြေလှမ်းတွေနဲ့ ကားဆီ သွားမိတော့တယ်၊

ကံကောင်းချင်တော့ ဒါမှမဟုတ်လည်း ကံဆိုးချင်တော့ ဦးစည်သူထွန်းဟာ ကားထဲမှာ စာထိုင်ဖတ်နေတာ အခန့်သင့် တွေ့လိုက်ရတယ်။

"ဒီမှာ...ဒီမှာ"

ကျွန်မ ကားမှန်ကို ဒေါသတကြီး ထုပစ်လိုက်တယ်။

ဦးစည်သူထွန်းဟာ အလန့်တကြား မော့ကြည့်တယ်။

ဒေါသတကြီး ပေါက်ကွဲနေတဲ့ကျွန်မကိုတွေ့တော့ သူအတော်အံ့သြသွားပုံရတယ်။

"ဦးစည်သူထွန်း...ကျွန်မပြောစရာရှိလို့ ကျေးဇူးပြုပြီး ခဏဆင်းခဲ့ပါဦး"

ကျွန်မ ကိုယ့်လေသံကိုယ် အတော်ရိုင်းပျသွားလိမ့်မယ်ဆိုတာသိတယ်။ မတတ်နိုင်ဘူး...။

လူသတ်သမားတစ်ယောက်ကို ဒီထက်ပိုပြီး ယဉ်ကျေးချိုသာဖို့





ကျွန်မ မဆက်ဆံနိုင်ဘူး။

ဦးစည်သူထွန်းဟာ ကားပေါ်က ကပျာကယာ ဆင်းလာတယ်။

"ဘာဖြစ်လို့လဲ ဆရာမ၊ ဘာများပြဿနာဖြစ်"

"ဖြစ်တယ်...ဒါပေမယ့် ကျွန်မပြဿနာ မဟုတ်ဘူး...ရှင့်ပြဿနာ"

"ခင်ဗျာ...ကျွန်တော့်ပြဿနာ ဟုတ်လား၊ ဘာပြဿနာပါလိမ့်"

"ရှင် ဘာမသိဟန်ဆောင်နေတာလဲ၊ ရှင် ဆက်ပြီးဖုံးကွယ်မနေနဲ့တော့ ဦးစည်သူထွန်း၊ ရှင်ဟာ ကိုယ့်မိန်းမကိုယ်တောင် ရက်ရက်စက်စက်သတ်ဝံ့တဲ့ လူသတ်သမား၊ ကျွန်မ အားလုံးသိတယ်၊ ကျွန်မ ရှင့်ရဲ့ရက်စက်တဲ့ပြစ်မှုကို ရအောင်ဖော်ထုတ်ပြမယ်...သိရဲ့လား"

ကျွန်မ ဒေါသတကြီး ပေါက်ကွဲစိန်ခေါ်နေမိတယ်။

အတော်ဟန်ဆောင်ကောင်းတဲ့လူ။

လူတစ်ယောက်လုံး သတ်ဖြတ်ခဲ့တာတောင် သူ ရုပ်မပျက်ဘူး။

အခုလည်း ကျွန်မသိနေတဲ့အတွက် သူ တုန်လှုပ်ချောက်ချားမသွားဘူး။

အရမ်းကို အံ့အားသင့်နေတဲ့ပုံ။

ဘာကိုမှ နားမလည်တဲ့ပုံ။

စိတ်ရှုပ်ထွေးတဲ့ပုံပဲပေါက်အောင် ဟန်ဆောင်နေတယ်။

"ကျွန်တော်က ကျွန်တော့်မိန်းမကို သတ်တယ် ဟုတ်လား ဆရာမ၊ ...ကျွန်တော် ကိုယ့်နားကိုယ်တောင် မယုံနိုင်ဘူး၊ ဆရာမပြောတာ ကျွန်တော် နားမလည်ဘူး"

"ရှင် ခုထိ ဖုံးကွယ်ဖို့ ကြိုးစားတုန်းလား ဦးစည်သူထွန်း၊ ဒီမှာ...ကောင်းမှုဟာ ဆိတ်ကွယ်ရာ မရှိဘူး၊ ရှင်နားလည်ရဲ့လား"

"မဟုတ်သေးဘူး ဆရာမ"

သူနဲ့ကျွန်မ အခြေအတင် ပြောဆိုနေကြဆဲမှာပဲ...

"ဟေး...ကို...ဘာတွေဖြစ်နေတာလဲ"

နောက်ဘက်က ပေါ်လာတဲ့အသံတစ်ခုကြောင့် ကျွန်မ ကျောပြင်...ဆတ်ခနဲ တောင့်မတ်သွားရတယ်။

ကျွန်မ မယုံကြည်နိုင်လွန်းစွာ အနောက်ကို လှည့်ကြည့်လိုက်တယ်။

ဘုရားရေ...

ဘာတွေ ဖြစ်ကုန်ပြီလဲ။

ကျွန်မ မျက်လုံးတွေ ပြာဝေသွားရတယ်။

နောက်ကို လန်မကျသွားရအောင် ကိုယ့်ကိုယ်ကို အတော်သတိ ထားလိုက်ရတယ်။

"ဘာတွေ ဖြစ်နေတာလဲဟင် ကို"

သူမ နောက်တစ်ခွန်း ထပ်မေးပြန်တယ်။

ကျွန်မ ခေါင်းငိုက်စိုက်ကျသွားမိတယ်။

တစ်စုံတစ်ခုဟာ လွဲချော်နေပြီ။

ဒါပေမယ့် အဲဒီလွဲချော်မှုဟာ ခါးသီးဆိုးဝါးလွန်းလှတယ်။

"ဆရာမ"

ဦးစည်သူထွန်းက ကျွန်မနားနားကပ်ပြီး ခပ်တိုးတိုး ခေါ်တယ်။

ဒါပေမယ့် ကျွန်မစိတ်ထဲ ကျယ်လောင်စွာ မြည်ဟီးသွားသလိုပဲ။

"ကျွန်တော့်မိန်းမကို ကျွန်တော် မသတ်ပါဘူး ဆရာမရယ်၊ ယုံပါ... စိတ်ကူးနဲ့တောင် မကြံစည်ဖူးပါဘူး"

ကျွန်မ မော့ကြည့်လိုက်မိတယ်။

ဦးစည်သူထွန်းက ကျွန်မရှေ့မှာ သူ့အမျိုးသမီးကို ပခုံးပွေ့ဖက်ပြ တယ်။

သူ့လေသံက လှောင်ပြောင်ရိပ် စွန်းကျနေတယ်လို့ ကျွန်မ ခံစား နေမိတယ်။

"ဟန်နေ...ဒါ ကိုယ်တို့ဘေးခြံကလေ၊ ဒေါက်တာငြိမ်းချမ်းအေးရဲ့ ဇနီး၊ ဆရာမ..ဒေါ်..အဲ့..နာမည်တောင် ပါးစပ်ဖျားတင် မေ့တော့တော့"

"မေမြတ်မိုးပါ"

"ဟုတ်ကဲ့...တွေ့ဖူးပါတယ်"

မိန်းကလေးရဲ့အသံက ခြောက်ကပ်ကပ် နိုင်လှပါတယ်။

ကျွန်မ...





"စန္ဒာအောင်"

လို့ နှုတ်ခမ်းလှုပ်ရုံ ခေါ်လိုက်မိသလား မသိတော့ဘူး။

ကျွန်မ ဘာလုပ်လို့ ဘာပြောရမှန်းမသိ ဖြစ်နေတဲ့အချိန်မှာပဲ အနား ကကောင်းထောက်မစွာ မောင်ရောက်လာခဲ့တယ်။

"အား...ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ"

မောင်က သူတို့လင်မယားကို ခေါင်းညွှတ်ပြီး တောင်းပန်နေတယ်။

"အား...ရပါတယ်ခင်ဗျာ မလိုပါဘူး၊ ကျွန်တော့်မိန်းမကလည်း သူ့ မိဘများအိမ် သွားလည်နေတော့ ပျောက်နေတာ ကြာပြီလေ၊ ဆရာမ အထင် မှားချင်စရာ ဖြစ်သွားရတာပေါ့"

"အရမ်းအားနာမိပါတယ်...ခွင့်ပြုပါဦး"

မောင် ကျွန်မကို သူတို့ရှေ့က ဆွဲခေါ်လာခဲ့တယ်။

ကျွန်မ ဆွံ့အကြောင်စီပြီး နေမိတယ်။

ခပ်လှမ်းလှမ်းရောက်တော့...

ဦးစည်သူထွန်းက ရယ်ဟဟ လေသံနဲ့ လှမ်းအော်ပြောတယ်။

"ဩော်..ဆရာမရေ၊ ဆရာမ ဝတ္ထုဇာတ်လမ်းတွေ ရေးဖြစ်ရင် ကျွန် တော့်ကို ပေးဖတ်ဦးနော်၊ ကျွန်တော်လည်း ဝါသနာပါတယ်..အဟင်းဟင်း"

ကျွန်မ အတော်လေး အောင့်သက်သွားရတယ်။

ကျွန်မကို ပက်ပက်စက်စက်ကို လှောင်ပြောင်လိုက်တာပဲ။

ကျွန်မမျက်နှာတစ်ပြင်လုံး ပူထူအမ်းထုံသွားရတယ်။

အံကို တင်းနေအောင် ကြိတ်လိုက်မိတယ်။

ဘာတွေ ဖြစ်ကုန်တာလဲ။

စန္ဒာအောင်ဟာ မသေဘူးပေါ့။

ဒါဆို ကျွန်မတို့အိမ်မှာရှိနေတဲ့ဝိညာဉ်ဟာ ဘယ်သူလဲ။

အိမ်ပြန်ရောက်တော့...

"ကဲ...ပြောတော့ မောင်ရေ့၊ ဘယ်လောက်အားနာစရာ ကောင်း ...က်တဲ့အဖြစ်လဲ၊ မင်းရဲ့လွဲမှားမှုကြောင့် ဆရာဝန်ကြီးဆိုတဲ့ ဂုဏ်သိက္ခာကို ...းချိတ်ပြီး ငါ့မှာ မျက်နှာအောက်ချပြီး တောင်းပန်လိုက်ရတာ၊ မင်း အတော်

လေးကို သောက်သုံးမကျတဲ့မိန်းမပဲလို့ ကျွန်မ မျက်နှာကို လက်ညှိုးငေါက်ငေါက် ထိုးပြီးတော့သာ အပြစ်တင်တော့ မောင်ရေ၊ ကျွန်မ ခေါင်းငုံ့ခံဖို့ ပြင်ဆင်ထားတယ်"

မောင် ကျွန်မမျက်နှာကို စိုက်ကြည့်တယ်။

ပြီးတော့ သက်ပြင်းရှိုက်တယ်။

"မိုး..."

မောင့်အသံက အနည်းငယ် အေးစက်ပေမယ့် နူးညံ့နေပါတယ်။

မောင် ကျွန်မရဲ့လက်များကို ဆွဲယူတယ်။

"မပြောပါဘူး မိုးရယ်၊ မင်းနဲ့ကိုယ်ဟာ လင်မယားတွေပဲ၊ မင်းရဲ့ ဆိုးမှုကောင်းမှုအားလုံးကို ကိုယ် မျှဝေခံစားရမှာပေါ့"

"မောင်..."

ကျွန်မ မောင့်လက်ခုံကို ဆွဲယူပြီး ပါးပြင်မှာ ကပ်ထားမိတယ်။

ကျွန်မ မျှော်လင့်ထားတာက မောင့်ဆီက ဝေဖန်ပြစ်တင်မှုပဲ။

မမျှော်လင့်ထားတဲ့ ခွင့်လွှတ်နားလည်မှုကို ခံယူလိုက်ရတာမို့ ကျွန်မ ရင်ထဲ ဝမ်းနည်းသွားမိတယ်။

မောင်ဟာ ကျွန်မအပေါ် နားလည်နိုင်လွန်းသူပါလား။

ကျွန်မကို နူးညံ့ချိုမွေ့နိုင်သူပါလား။

"ကဲ...ဒေါ်မေမြတ်မိုး၊ အားလုံးကို မေ့လိုက်တော့၊ ဒင်နာတစ်ခု သွားမယ်...လိုက်မလား"

"ဒင်နာ"

"ဦးကိုကိုမောင်တို့အိမ်"

ဦးကိုကိုမောင်နဲ့ကျွန်မ သိပ်တော့မျက်နှာကြောမတည့်လှဘူး။

ဒါပေမယ့် ကျွန်မ လောလောဆယ်မှာ စိတ်တွေ အရမ်းရှုပ်ထွေး နောက်ကျိနေတယ်။ အာရုံအပြောင်းအလဲလေးဖြစ်အောင် လိုက်သွားသင့်တယ်လို့ စဉ်းစားလိုက်မိပြီး...

"အိုကေ...ကျွန်မ လိုက်ခဲ့မယ်မောင်...ခဏစောင့်၊ နည်းနည်းလန်း လိုက်ဦးမယ်"





ကျွန်မ တမင် ခပ်မြူးမြူးလေး ပြောလိုက်တယ်။

'အဟား'ခနဲ မောင် သဘောတကျ ရယ်တယ်။

"မောင့်မဟေသီက လန်းပြီးသားပါကွာ...၊ မောင့်စက္ခုထဲမှာ... အင်ဂျလီနာဂျိုလီထက်တောင် ပိုလှသေးတယ်"

"Sure! ...သေချာရဲ့လား မောင်ရဲ့၊ ကျွန်မကတော့ မောင့်ကို ဘရက်ပစ်ထက် ပိုချောတယ်လို့ မပြောနိုင်ဘူးနော်"

ကျွန်မတို့နှစ်ယောက် ကလေးဆန်ဆန်တွေ ပြောပြီး ရယ်ပွဲဖွဲ့နေမိကြတယ်။

ဒီလိုမနေမိကြတာ ဘယ်လောက်တောင် ကြာပြီလဲ မသိ။

ကျွန်မစိတ်ထဲ တကယ့်ကို ပေါ့ပါးလွတ်လပ်သွားရသလိုပဲ။

ကျွန်မ ခရမ်းပြာရောင် ပိုးပျော့ကြိုးတစ်ချောင်း ဂါဝန်ရှည်ကို ရွေးချယ်ဝတ်ဆင်လိုက်တယ်။

အပေါ်က ဖန်ချောင်းပုဝါလေး ခြုံလိုက်ပြီး ကိုယ်လုံးပေါ်မှန်ရှေ့ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တယ်။

"အင်း..."

မဆိုးပါဘူး။

မေမြတ်မိုးမှာ အလှတရား အနည်းငယ် ကျန်ပါသေးတယ်။

# အခန်း(၉)

ဒေါက်တာဦးကိုကိုမောင်ရဲ့ပရိုမိုးရှင်း(ရာထူးတက်)အတွက် ပြုလုပ်တဲ့ဒင်နာဟာ လူရင်းတွေနဲ့ စည်ကားပါတယ်။

အဲ့ဒီမှာ ကျွန်မ မထင်မှတ်ထားတဲ့ လူတစ်ချို့နဲ့တွေ့ပြီး မထင်မှတ်နိုင်စရာ အကြောင်းအရာတစ်ချို့ကို ကြားခဲ့သိခဲ့ရတာပါပဲ။

ကျွန်မ ပထမဆုံး တွေ့လိုက်ရတာကတော့...

ဦးစည်သူထွန်းနဲ့ ဒေါ်စန္ဒာအောင်တို့ ဇနီးမောင်နှံကိုပါ။

သူတို့က ကျွန်မကို အရင်မြင်တွေ့သွားခဲ့ပြီး စန္ဒာအောင်က ကျွန်မကို ချစ်စဖွယ်အပြုံးကလေးနဲ့ လက်လှမ်းပြပါတယ်။

မိန်းကလေးရဲ့အပြုံးက ချစ်စဖွယ်ကောင်းနေပေမယ့် ဖျော့တော့နွမ်းလျလှတယ်လို့ ကျွန်မ ထင်မိပါတယ်။

ဦးစည်သူထွန်းကတော့ ပြုန်းဆို သူ့မိန်းမကို လည်ပင်းညှစ်ဟန်





...လုပ်ပြပြီး ရယ်ပါတယ်။

ဒါ...ကျွန်မကို ကောင်းကောင်းကြီး လှောင်လိုက်တာပေါ့။

ကျွန်မ အောင့်သက်သက်ပြုံးပြီး မျက်နှာလွှဲလိုက်ရပါတယ်။

နောက်ထပ် ကျွန်မ ဆုံတွေ့ရတဲ့သူတစ်ယောက်ကတော့ သိပ်...ကျက်သရေရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်ပါ။

"ဟေး...မေမြတ်မိုး၊ အိုး...မတွေ့ရတာ ကြာပြီ၊ ကြည့်စမ်း နေကောင်း...လား သမီး"

ကျွန်မကို နွေးထွေးလိုက်လှဲစွာ နှုတ်ဆက်နေရှာတဲ့ အမျိုးသမီးကြီး...ကို ကြည့်ပြီး ကျွန်မ အားနာသွားမိပါတယ်။

ဘာလို့လဲဆိုတော့ ကျွန်မစိတ်ထဲမှာ အရမ်းရင်းနှီးနေမိပေမယ့် ...နာမည်ကို ကောင်းကောင်းမမှတ်မိနိုင်တော့လို့ပါ။

"အိုး...ယူ့ကြည့်ရတာ ကိုယ့်ကို ကောင်းကောင်း မမှတ်မိတော့...လိုပဲ၊ ယူတို့ရဲ့ဆရာမကြီး ဒေါ်သန်းသန်းလေကွာ...မှတ်မိပြီလားဟင်"

"ဆရာမကြီး"

ကျွန်မ မှတ်ဉာဏ်ထဲ ခုမှ ဝင်းခနဲ လက်သွားခဲ့ပါတော့တယ်။

"အို...ဆောရီး..ဆောရီးပါ ဆရာမကြီးရယ်၊ ကျွန်မ ရုတ်တရက်...မှတ်မိဘူး"

ကျွန်မ ဆရာမကြီးရဲ့လက်ကို ဆုပ်ကိုင်ပြီး လှိုက်လှိုက်လှဲလှဲ တောင်း...နေမိတယ်။

ဆရာမကြီး ကျွန်မကို ကြည့်တဲ့အကြည့်တွေဟာ သနားဂရုဏာ...ကိခြင်း ဖုံးလွှမ်းပြီး မျက်ဝန်းတွေထဲမှာလည်း မျက်ရည်ကြည်တွေ ရစ်ဝဲ...နေတယ်။

"အင်း...ဆရာမကြီး စိတ်မကောင်းလိုက်တာကွယ်၊ မင်းအက်ဆီးဒင့်...ဘဲ့သတင်းကြားတော့ နယ်ရောက်နေတာ၊ မင်းကို ခုလို အကောင်းပကတိ...အတိုင်း ပြန်တွေ့ရလို့ အရမ်းဝမ်းသာမိတယ်၊ သူတော်ကောင်း နတ်ကောင်းမ...တို့ပေါ့ကွယ်"

အက်ဆီးဒင့်။

ကျွန်မ ဘယ်တုန်းကများ အက်ဆီးဒင့် ဖြစ်ခဲ့ပါလိမ့်။

ကျွန်မ ဘာဖြစ်လို့များ အလုပ်ကနေ အငြိမ်းစားယူခဲ့ရပါလိမ့်။

"နေဦး...ယူ့ကို ကိုယ်ပြောစရာရှိသေးတယ်၊ ယူ့ကိုကိုယ် လက်ဖွဲ့တဲ့လည်ဆွဲလေ...ယူမှတ်မိလား"

လည်ဆွဲ...။

အင်း...နေဦး။ မောင့်စာကြည့်ခန်းထဲက စားပွဲပေါ်မှာတင်ထားတဲ့ ကျွန်မတို့ရဲ့မင်္ဂလာဦးဓါတ်ပုံမှာ ကျွန်မ ဆွဲထားခဲ့တဲ့ လည်ဆွဲများလား။

ကျွန်မ ဆရာမကြီးကို ဇဝေဇဝါနဲ့ ခေါင်းညိတ်ပြလိုက်မိတယ်။

"အဲ့ဒီလည်ဆွဲမျိုး မိန်းကလေးတစ်ယောက် ဆွဲထားတာ တွေ့လိုက်မိတယ်၊ ဒင်နာတစ်ခုမှာ ယူ့အမျိုးသားရဲ့တပည့်မလေး ဖြစ်မယ်ထင်ပါရဲ့"

"ရှင်..ဘယ်သူပါလိမ့်"

"အဲ့ဒါတော့ ကိုယ်လည်း မသိဘူး၊ ကိုယ်သတိထားလိုက်မိတာ အဲ့ဒီပွဲမှာ ယူ့ကိုတော့ မတွေ့မိဘူး၊ အင်း..ယူ နယ်မှာတာဝန်ကျနေတဲ့အချိန် ထင်ပါရဲ့"

ကျွန်မ ငြိမ်သက်ပြီး ဆရာမကြီးပြောသမျှကို ဆက်စပ်စဉ်းစားနိုင်ဖို့ ကြိုးစားနေမိတယ်။

"အဲ့ဒီမိန်းကလေးကို နောက်ထပ်တော့ မတွေ့မိတော့ဘူး"

ဆရာမကြီးက ကျွန်မ နားနားကပ်ပြီး ခပ်တိုးတိုး သတိပေးတယ်၊

"သိပ်လွှတ်မထားနဲ့လေ...နည်းနည်းတော့ စုံစမ်းဦး၊ ကိုယ့်ကိုယ်ကိုလည်း အမယ်အိုကြီးလို မနေနဲ့၊ အိမ်ထဲကြီးပဲလည်း အောင်းမနေနဲ့ ပွဲလမ်းလေးလည်း သွားလာဦး...ကြားရဲ့လား"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ဆရာမကြီးက လူလွှတ်ပေမယ့် ဒါမျိုးစကားတွေကို မကြာခဏ သတိပေးတတ်တယ်။

နောက်ထပ်တော့ ဆရာမကြီး ဘာတွေပြောလို့ပြောမှန်း မသိတော့ဘူး။

ခေါင်းသာ ညိတ်နေပေမယ့် ကျွန်မအာရုံထဲ ဘာမှဝင်မလာခဲ့ဘူး။





ကျွန်မအာရုံထဲ ဝင်ရောက်ခဲ့တာက...

လည်ဆွဲ...။

ပြီးတော့...

မောင့်တပည့်မဆိုတဲ့ မိန်းကလေးတစ်ယောက်။

အဲ့ဒါဟာ ဘယ်လိုဆက်စပ်နေသလဲဆိုတာပါပဲ။

အခုလောလောဆယ် ကျွန်မရဲ့အာရုံစေစားရာဟာ ဦးစည်သူထွန်းရဲ့လှုပ်ရှားမှုတွေကို မှန်ပြောင်းတစ်လက်နဲ့ စောင့်ကြည့်ဖို့ မဟုတ်တော့ပါဘူး။

မောင် ဆေးရုံသွားမယ့်အချိန်ကို စောင့်ပြီး မောင့်စာကြည့်ခန်းထဲမှာ သဲလွန်စ ရှာဖွေဖို့ပါပဲ။

မောင့်ဗီရိုကြီးကို ဖွင့်ပြီး ဓါတ်ပုံအယ်လ်ဘန် စာအုပ်ထပ်ကြီးကို ယူချလိုက်တယ်။

ဆေးရုံမှာ ရိုက်ထားတဲ့ အုပ်စုဓါတ်ပုံတွေကို ကျွန်မ တစ်ပုံချင်းစီ ကြည့်နေမိတယ်။

မောင့်မှာ တပည့်မတွေက မှိုလိုပေါများနေတာ ဆရာမကြီးပြောတဲ့ မိန်းကလေးကို ဘယ်လိုရှာရပါ့လို့ စိတ်အိုက်ဆဲ...။

ဓါတ်ပုံတစ်ပုံကို ကြည့်ဆဲမှာ ကျွန်မ လက်ချောင်းတွေဟာ မီးစနဲ့ အထိုးခံလိုက်ရသလို ပူခနဲ ဖြစ်သွားခဲ့ရတယ်။

"အား..."

ခနဲတောင် အော်မိပြီး ကျွန်မ ဓါတ်ပုံကို ကပျာကယာ လွှတ်ချလိုက်





မိတယ်။

ဓါတ်ပုံကလည်း ကြမ်းပြင်ပေါ်မှာ မှောက်လျက်သား အနေအထားနဲ့ ပြုတ်ကျသွားခဲ့တယ်။

ကျွန်မ အံ့သြထိတ်လန့်နေဆဲမှာပဲ။

ဓါတ်ပုံရဲ့နောက်ကျောမှာ...

S.S.C...ဆိုတဲ့စာလုံးသုံးလုံး ပေါ်လာခဲ့တယ်။

S.S.C

ကျွန်မ မေ့နေခဲ့တဲ့ S.S.C ။

ကျွန်မ ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ အောက်ထပ်ကို ပြေးဆင်းခဲ့မိတယ်။

♦ ♦ ♦

အောက်ထပ်မှာ ကွန်ပျူတာဟာ..ဖွင့်လျက်သားအနေအထားနဲ့ ကျွန်မကို အသင့်ဆီးကြိုနေတယ်။

ကျွန်မ ကြည့်လိုက်မိတဲ့အချိန်မှာ ကွန်ပျူတာမှာ S.S.C ဆိုတဲ့ စာလုံးပေါ်နေပြန်တယ်။

သေချာတယ်...

ဒါဟာ တိုက်ဆိုင်မှု မဟုတ်တော့ဘူး။

ဒါဟာ ထူးခြားမှုပဲ။

ကျွန်မ ကွန်ပျူတာမှာ ကျောင်းသူတွေရဲ့ အတ္ထုပ္ပတ္တိကို အမြန်ဖွင့်ရှာလိုက်တယ်။

စက္ကန့်ပိုင်းအတွင်းမှာပဲ ကျွန်မ S.S.C ဆိုတာကို ရှာတွေ့ခဲ့ပါပြီ။

**စိမ့်စမ်းချို...( S.S.C )**

**( ၁၃.၃.၈၈ )**

**ဒုတိယနှစ် ဘေးတက္ကသိုလ်။**





အက်စ်..အက်စ်..စီ..ဆိုတာ စိမ့်စမ်းချိုပါလား။

ကျွန်မ သူ့ရဲ့အတ္ထုပ္ပတ္တိကို အမြန် မှတ်ဉာဏ်ထဲ မှတ်လိုက်မိတယ်။

စိမ့်စမ်းချိုရဲ့ဓါတ်ပုံ ကွန်ပျူတာမျက်နှာပြင်မှာ ပေါ်လာတဲ့အချိန်မှာတော့ ကျွန်မဟာ အရမ်းကို အံ့ဩသွားမိတယ်။

သူမရဲ့လည်တိုင်မှာ ဆွဲထားတဲ့လည်ဆွဲဟာ မဂ်လာဦးဓါတ်ပုံမှာ ကျွန်မဆွဲထားတဲ့လည်ဆွဲနဲ့ တထေရာတည်းပါလား။

မြတ်စွာဘုရား။

ဒါဆို ဆရာမကြီး ဒေါ်သန်းသန်းပြောတဲ့ လည်ဆွဲနဲ့ မိန်းကလေးဟာ...။

ကျွန်မခေါင်းထဲ ကိုက်ခဲရှုပ်ထွေးလို့ လာတော့တယ်။

"စိမ့်စမ်းချို...စိမ့်စမ်းချို..."

အဲ့ဒီနာမည်တစ်ခုကို ကြက်တူရွေးတစ်ကောင်လို ကျွန်မ အဆက်မပြတ် ရွတ်ဆိုနေမိတယ်။

ကျွန်မ ဘာဆက်လုပ်ရမှာလဲ။

သူမ အခု ဘယ်မှာလဲ။

◆ ◆ ◆

# အခန်း(၁၀)

ငြိမ်သက်လို့နေတဲ့ သစ်သားအိမ်ပြာကလေးရှေ့မှာ ကျွန်မဟာ ခြေအစုံရပ်ပြီး အသက်ကို တစ်ဝကြီး ရှူသွင်းလိုက်မိတယ်။

ခုချိန်ကစပြီး...ကျွန်မ ဟန်ဆောင်ခြင်း အတတ်ပညာကို ကောင်းကောင်းကြီး အသုံးချရတော့မယ်လေ။

ကျွန်မ ဟန်ဆောင်နိုင်မှာပါ။

ကျွန်မ တံခါးကို ခပ်ဖွဖွ ခေါက်လိုက်တယ်။

သိပ်ကြာကြာမစောင့်လိုက်ရဘဲ တံခါးဟာ ပွင့်လာခဲ့တယ်။

တံခါးကို လာဖွင့်ပေးသူဟာ ကျွန်မထက် အသက်အနည်းငယ်ကြီးနိုင်တဲ့ အမျိုးသမီးတစ်ယောက်ပါ။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

သူမလေသံက မနွေးထွေးလှဘူး။





ကျွန်မ ကြိုတင်လေ့ကျင့်ထားတဲ့အတိုင်း နှစ်နှစ်လိုလို ပြုံးပြလိုက်ပြီး...

"စိမ့်စမ်းချိုနဲ့ တွေ့ချင်လို့ပါရှင်"

"ရှင်..."

အမျိုးသမီးဟာ နောက်ကို လဲကျတော့မလို အထိတ်တလန့် ဖြစ်သွားတော့တယ်။

"ရှင်...ရှင် ဘယ်သူလဲ"

"ကျွန်မ မေမြတ်မိုးပါ"

"မေမြတ်မိုး...ဘယ်က မေမြတ်မိုးလဲ"

ကျွန်မ တံတွေးတစ်ချက် မျိုချလိုက်ပြီး...

"ဒေါက်တာငြိမ်းချမ်းအေးရဲ့ အမျိုးသမီးပါရှင်...ဒီဘက်ရောက်ဘာနဲ့ သတိရလို့ ဝင်လာလည်တာပါ၊ စိမ့်စမ်းချိုက ဒီမှာ နေတယ်လို့ သတိရလိုက်မိလို့ပါ၊ ဒါ စိမ့်စမ်းချိုရဲ့အိမ် ဟုတ်ပါတယ်နော်"

ကျွန်မစိတ်ထဲ ဇဝေဇဝါဖြစ်လာပြီး အမျိုးသမီးကို သေချာအောင် မေးလိုက်မိတယ်။

အမျိုးသမီးက ကျွန်မမျက်နှာကို အတော်ကြာအောင် စိုက်ကြည့်ပြီးမှ ခေါင်းညိတ်ပြတယ်။

"ဟုတ်ပါတယ်...ဒါ စိမ့်စမ်းချိုရဲ့အိမ်ပါ"

ကျွန်မ သက်ပြင်းရှိုက်လိုက်မိတယ်။

"ဒါနဲ့ စိမ့်စမ်းချိုရော မရှိဘူးလား၊ ဘယ်များသွားလဲ မသိဘူးနော်"

ကျွန်မစကားအဆုံးမှာ အမျိုးသမီးရဲ့မျက်နှာဟာ မှုန်မှိုင်းသွားတယ်။

မျက်ဝန်းတွေဟာ တစ်စထက်တစ်စ အေးခဲသွားပြီး တိုးသဲ့သဲ့လေသံနဲ့ တစ်လုံးချင်း ပြောပါတယ်။

"သူ..တ..မ..လွန်..မှာ..ပါ"

"ရှင်..."

ဒီတစ်ခါ ချောက်ချားထိတ်လန့်သွားရသူက ကျွန်မကိုယ်တိုင်ပါ

"သူ-သူ-တမလွန်မှာ ဟုတ်လား၊ ဒါဆို သူ..သူ..မရှိတော့ဘူးပေါ့နော်"

အမျိုးသမီးက မျက်တောင်ကို အကြိမ်ကြိမ်ခတ်ပြီး ခေါင်းကို ခပ်လေးလေး ညိတ်ပြပါတယ်။

ဒါဆို ကျွန်မတို့အိမ်ရဲ့ရေချိုးခန်းမှာ ရှိနေတဲ့ဝိညာဉ်ဟာ စိမ့်စမ်းချိုပေါ့။

မှန်ပြတင်းပေါ်မှာ...

ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ...

ပေါ်လာတတ်တဲ့ S.S.C ဆိုတဲ့ စာလုံးဟာ သူမရဲ့ဖော်ပြမှုပေါ့။

သူမ ဘာကြောင့် သေခဲ့ရတာလဲ။

မောင်နဲ့ရော ဘယ်လိုပတ်သက်ခဲ့တာလဲ။

"ဒါနဲ့ သူဆုံးတာ ဘယ်လောက်ကြာပြီလဲဟင်"

"ခြောက်လ...ခြောက်လ ရှိပြီ"

"ဩော်...ဒါကြောင့် ကျွန်မ မသိခဲ့တာ၊ လွန်ခဲ့တဲ့ ခြောက်လလောက်တုန်းက ကျွန်မ အက်ဆီးဒင့်တစ်ခုဖြစ်ပြီး ဆေးရုံပေါ်မှာ"

"အင်း...ဆရာငြိမ်းချမ်းအေးကတော့ သမီးလေးရဲ့ နောက်ဆုံးခရီးမှာ ရောက်လာခဲ့ပါတယ်၊ ကျွန်မတို့က သားအမိနှစ်ယောက်ထဲ ရှိတာလေ ဘာမှမလုပ်တတ်ဘူး၊ ဆရာပဲ သမီးလေးရဲ့နောက်ဆုံးခရီးကို အလှပဆုံးဖြစ်အောင် အစအဆုံး တာဝန်ယူပေးခဲ့တာ၊ ဆရာ့ကို သိပ်ကျေးဇူးတင်ပါတယ်"

မောင်က အစအဆုံး တာဝန်ယူပေးခဲ့တယ်ဆိုပါလား။

စိမ့်စမ်းချိုရဲ့အသုဘဟာ မောင်နဲ့ ဘယ်လိုပတ်သက်ခဲ့လို့လဲ။

"သမီးလေးက သူ့ဆရာကို သိပ်လေးစားတာ၊ ဆရာကလည်း သမီးက စာကြိုးစားရှာတော့ အားပေးပါတယ်၊ လိုအပ်တဲ့ အကူအညီမှန်သမျှလည်း ပေးပါတယ်၊ အမှန်အတိုင်းဝန်ခံရရင် ကျွန်မက မုဆိုးမဆိုတော့ သမီးလေးက ဆေးကျောင်းသာ တက်ရရှာတာ ချို့တဲ့ပါတယ်၊ ဆရာ့,ဆရာမတွေ စောင့်ရှောက်ပေးကြလို့ပါပဲ"





ဒီအမျိုးသမီး မောင့်ကို လိုအပ်တာထက်ပိုပြီး ချီးမွမ်းခန်း ဖွင့်နေတာ ဘာကြောင့်လဲ။

ကျွန်မဟာ မောင့်ရဲ့တရားဝင် ပွဲတက်မယားဆိုတာ မေ့နေတာလား။

သူမ မျက်နှာကို စူးစမ်းကြည့်တော့လည်း ပကတိ ရိုးသားပွင့်လင်းမှုကိုပဲ တွေ့ရတယ်။

ကျွန်မ မသက်မသာနဲ့ သက်ပြင်းပဲ ရှိုက်လိုက်မိတယ်။

"ဒါနဲ့လေ...ရိုင်းတယ် မထင်ပါနဲ့နော်၊ သူ..သူ ဘာကြောင့်ဆုံးရတာလဲဟင်"

ကျွန်မ သိချင်စိတ် အရမ်းပြင်းထန်ပြီး..မေးသင့်မမေးသင့် မစဉ်းစားမိတော့ဘဲ မေးချလိုက်မိတယ်။

အမျိုးသမီးဟာ မျက်လုံးတွေကို ကျပ်နေအောင် မှိတ်လိုက်ပြီး တစ်ချက်ရှိုက်လိုက်ပါတယ်။

ပြီးတော့...

တိုးသဲ့သဲ့ လည်ချောင်းထဲက အစ်ပြီး ထွက်လာတဲ့ ရှိုက်သံစွက်တဲ့အသံနဲ့ တိုးသဲ့သဲ့ ပြောပါတယ်။

"ရေနစ်တာ"

"ဘုရားရေ..."

ကျွန်မပါးစပ်က မထိန်းချုပ်နိုင်ဘဲ အာမေဋိတ်သံ ထွက်သွားမိပါတော့တယ်။

"အို..အဲ့..အဲ့ဒါ မတော်တဆလား၊ ဒါ..ဒါမှမဟုတ်"

အမျိုးသမီးဟာ မျက်ရည်မကျဘဲ ထပ်ရှိုက်ရင်း...ခေါင်းကို ခပ်ဖွဖွလေး ခါယမ်းပြပါတယ်။

"အဲ့ဒါကိုတော့ ဘုရားသခင်ပဲ သိမှာပါ၊ သူ့ကြမ္မာသူ စီရင်သွားတာလား၊ သူတပါးကပဲ လုပ်ကြံခဲ့တာလားဆိုတာ ဘယ်သူမှ မသိနိုင်ခဲ့ပါဘူး၊ ကျွန်မတို့ သိတဲ့အချိန်မှာတော့ အရာရာဟာ နောက်ကျသွားခဲ့ပါပြီ"

အမျိုးသမီးရဲ့အသံဟာ ဆို့နစ်နေတယ်။

အမေတစ်ခု သမီးတစ်ခု နေခဲ့တဲ့ဘဝမို့ သူ့ရင်ထဲက ကြေကွဲမှုကို မှန်းဆလို့ ရနိုင်မယ်တောင် မထင်ဘူး။

"လာလေ...သမီးလေးဓါတ်ပုံတွေ လိုက်ကြည့်ပါလား သူ့အခန်းထဲကို..."

သူမ ဖိတ်ခေါ်တော့ ကျွန်မ ခပ်လေးလေး ခေါင်းညိတ်ပြလိုက်မိတယ်။

ကြေကွဲဆို့နစ်နေရှာတဲ့ အမေတစ်ယောက်ရဲ့ခံစားချက်ကို ကျွန်မ လျစ်လျူမရှုသင့်ဘူး မဟုတ်လား။

အမျိုးသမီးက ဦးဆောင်ပြီး ရှေ့ကသွားတယ်။

စိမ့်စမ်းချိုဆိုတဲ့ မိန်းကလေးရဲ့အခန်းကို ချဉ်းကပ်နေမိတဲ့ ကျွန်မရဲ့ ခြေတစ်လှမ်းတိုင်းဟာ ချောက်ချားမှုတွေနဲ့ ပြည့်နှက်နေမိတယ်။

ကျွန်မရဲ့နောက်ကျောဟာ အေးစက်ခြောက်ကပ်နေမိတယ်။

"ဒါ..သမီးလေးရဲ့အခန်းလေ"

အမျိုးသမီးက အခန်းရှေ့က ကန့်လန့်ကာစကို လှပ်ဟပြတယ်။

S.S.C

ဆိုတဲ့ စာလုံးသုံးလုံးကို မြင်တွေ့လိုက်ရချိန်မှာ ကျွန်မ ရင်နှလုံးဟာ ဒိန်းခနဲ ဆောင့်ခုန်တယ်။

ဓါတ်ပုံတွေ...။

လမ်းလျှောက်တတ်ခါစ အရွယ်ကတည်းက ရှာပနဓါတ်ပုံအထိ အသက်အရွယ်အလိုက် ဓါတ်ပုံတွေကို နံရံအပြည့် တွေ့လိုက်ရတယ်။

အမျိုးသမီးဟာ ဓါတ်ပုံတွေကို တွေတွေကြီးငေးရင်း ဖွဖွပွတ်သပ်ပေးနေတယ်။

ကျွန်မလည်း ဓါတ်ပုံတွေကို တစ်ပုံချင်းစီ သေသေချာချာ ကြည့်နေမိတယ်။

မိန်းကလေးဟာ ငယ်ရွယ်မှုနဲ့ နုပျိုလန်းဆန်းလို့နေတယ်။

သူမရဲ့အလှက ကြည်လင်စူးရှတယ်။ ဆန့်ကျင်ဘက် ယောကျ်ားသားတွေကို ကောင်းကောင်းကြီး ဆွဲဆောင်ညှို့ငင်နိုင်မယ့် တောက်ပမှု





မျိုးလည်း ရှိတယ်။

အဲ့ဒီအလှမှာ မောင်လည်း အညှုံ့ခံချင် ခံခဲ့ရမှာပေါ့။

ဓါတ်ပုံတစ်ခုချင်းစီ ကြည့်နေမိရာကနေ တစ်ပုံဆီအရောက်မှာ ကျွန်မဟာ ငြိမ်သက်ရပ်တန့်သွားခဲ့ပါတယ်။

လည်ဆွဲ...။

"လည်ဆွဲလေးက လှလိုက်တာနော်"

"အဲ့ဒါ သမီးရဲ့မွေးနေ့လက်ဆောင်လေ ကျွန်မကတော့ မဝယ်ပေးနိုင်ပါဘူးရှင်၊ သူ့ကို တစ်ယောက်ယောက်က မွေးနေ့လက်ဆောင် ပေးခဲ့တာထင်ပါရဲ့"

"ဩော်..."

ကျွန်မ ဆက်ပြောစရာစကား မရှိတော့ပါဘူး။

ဓါတ်ပုံရဲ့နံဘေးမှာ တွဲလောင်းကျနေတဲ့အရာတစ်ခုဆီ ကျွန်မ အကြည့်ရောက်သွားမိပြန်တယ်။

ကျစ်ဆံမြီး ကျစ်ထားတဲ့ မဟော်ဂနီရောင် ဆံပင်စု။

"အဲ့ဒါ သမီးလေးရဲ့ဆံပင်လေ၊ နောက်ဆုံးတော့ သမီးနဲ့ ပတ်သက်ပြီး ကျွန်မဘဝမှာ ကျန်ရစ်ခဲ့တာက အဲ့ဒီဆံပင်လေးပါပဲ"

ကျွန်မ အဲ့ဒီဆံစုလေးကို အချိန်အကြာကြီး စိုက်ကြည့်နေမိပါတော့တယ်။

ကျွန်မစိုက်ကြည့်နေဆဲမှာပဲ ဆံစုလေးဟာ သိသိသာသာကြီး လှုပ်ခတ်လာခဲ့တယ်။

ကျွန်မ ချက်ချင်း နှလုံးသွေးခုန် ရပ်တန့်သွားသလို ခံစားလိုက်မိတယ်။

ကျွန်မမျက်စိထဲ မဟော်ဂနီရောင် ဆံစုလေးဟာ တစ်စထက်တစ်စ သက်ရှောင်းလေးများလို လေထဲလွင့်မျောပြီး ကျွန်မကို လက်ယပ်ခေါ်နေသလို မြင်ယောင်နေမိတော့တယ်။

ჯ ჯ ჯ

## အခန်း(၁၁)

S.S.C

ကျွန်မဦးနှောက်ထဲမှာ အချိန်ပြည့် လွှမ်းမိုးနေတာ ဒီစာလုံးပဲ။

စိမ့်စမ်းချို။

သူမဟာ မောင်နဲ့ ဘယ်လိုပတ်သက်ခဲ့လဲ။

ဒီအိမ်မှာ ရှိနေတဲ့ဝိညာဉ်ဟာ သူမဆိုရင် သူမဟာ ဘာကြောင့် ဒီအိမ်မှာ ကပ်ငြိနေရသလဲ၊ ကျွန်မသိချင်တယ်။

မောင့်ကို ဒီအကြောင်းတွေ ကျွန်မ ဘယ်လိုစကားစရမလဲ။

စွပ်စွဲတဲ့လေသံမျိုး မဖြစ်ရအောင် ကျွန်မ ဘယ်ကစပြောရမလဲ။

ဘာပဲဖြစ်ဖြစ် ကျွန်မမှာ ခိုင်လုံတဲ့ သက်သေတစ်ခုတော့ ရှိမှဖြစ်မှာ။

ကျွန်မ နာရီကို တစ်ချက်ကြည့်လိုက်တယ်။

မောင် ပြန်လာတော့မှာ။





အပြင်မှာ မှောင်ရိပ်သန်းနေပြီ။

မိုးသည်းသည်းမည်းမည်း ရွာဦးမယ့်ပုံပဲ။

လေထဲမှာ မိုးနံ့ရတယ်။

လေရောမိုးရော ကြမ်းဦးမှာ ထင်ပါရဲ့။

နေပါဦး။

စိမ့်စမ်းချိုအကြောင်း ပြောတဲ့အခါ မောင့်ကို လက်ဆုပ်လက်ကိုင်ပြရမယ့် တစ်ခုတည်းသော...ပြီးတော့ အကောင်းဆုံးသက်သေကို ကျွန်မ ဆုပ်ကိုင်လိုက်တယ်။

မဟော်ဂနီရောင် ကျစ်ဆံမြီးဆံစုလေးက ကျွန်မလက်ချောင်းတွေ ဘဲမှာ ပကတိ ငြိမ်သက်လို့နေတယ်။

ကျွန်မ ထွက်သက်ကို ရှိုက်ထုတ်ပြီး စိတ်ကို လျှော့ချလိုက်တယ်။

ထိုစဉ်မှာပဲ....

ကျွန်မဟာ တဖြည်းဖြည်း ပေါ့ပါးသွားပြီး လေဟာနယ်ထဲ လွင့်မျောသွားသလိုပဲ...။

အဲ့ဒီလေဟာနယ်ဟာ အေးစက်ပြီး ဆိတ်ငြိမ်လွန်းလှပါတယ်။

♦ ♦ ♦

"မိုးရေ..."

ကျွန်တော် လေကလေး ချွန်ပြီး အိမ်ထဲဝင်လိုက်မိတယ်။

ဒီနေ့ ခါတိုင်းထက်ပိုပြီး ကျွန်တော့်စိတ်တွေ ပေါ့ပါးကြည်လင်လို့နေတယ်။

ဒီနေ့ ဆေးရုံမှာ အလုပ်သိပ်မများလို့လည်း ဖြစ်မယ်ထင်ပါရဲ့။

"ဝေး...မိုးရေ၊ မောင်ပြန်လာပြီဟေ့"

ကျွန်တော် ခပ်မြူးမြူးလေး လှမ်းအော်လိုက်မိတယ်။ မိုးဆီက ဘာတုန့်ပြန်သံမှ မကြားရဘူး။

မိုး ဘယ်များသွားနေလဲ။

ကျွန်တော်တို့ အိမ်ထောင်ရေးဟာ သက်တမ်းကြာမြင့်လှပြီ ဖြစ်တဲ့အတွက် အနည်းငယ် အေးစက်ခြောက်သွေ့နေပြီ ဖြစ်ပေမယ့် ကျွန်တော်ဟာ သူ့ကို နှမငယ်တစ်ယောက်လို ရဲဘော်ရဲဘက် တစ်ယောက်လိုတော့ သံယောဇဉ် ရှိနေသေးတာ အမှန်ပါပဲ။

အထူးသဖြင့် သူ အက်ဆီးဒင့်ဖြစ်ပြီးလို့ အလုပ်က အငြိမ်းစားယူပြီး အရင်လို မှတ်ဉာဏ်တွေ ကောင်းကောင်းအလုပ်မလုပ်နိုင်သေးတဲ့အချိန်





မှာ ကျွန်တော်ဟာ သူ့အပေါ် ပိုပြီးနွေးထွေးပေးဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။

"မိုးရေ...ဟေး...ဘယ်မှာလဲကွ"

ကျွန်တော် တကြော်ကြော်အော်ခေါ်ရင်း တစ်ခန်းဝင် တစ်ခန်းထွက်လိုက်ရှာရာက နောက်ဆုံး ကျွန်တော့်ရဲ့စာကြည့်ခန်းထဲမှာ သူ့ကို တွေ့လိုက်ရပါတယ်။

"ဟေး...မိုး ကိုယ်ခေါ်နေတာ ကြာလှပြီ၊ ဘာလို့ ပြန်မထူးတာလဲ"

"ကျွန်မကို ခေါ်နေတာလား"

မိုးအသံက အေးစက်ခြောက်ကပ်နေတယ်။

ပြီးတော့ ပြာအက်အက်ကြီး ဖြစ်နေတယ်။

"မင်းအသံက ဘယ်လိုကြီး ဖြစ်နေတာလဲ"

ကျွန်တော် မျက်မှောင်ကြုတ်ပြီး မေးလိုက်မိတယ်။ မိုးက ကျွန်တော့်ကို မမြင်ဖူးသလို အကြာကြီး စိုက်ကြည့်တယ်။

မိုးမျက်ဝန်းတွေထဲမှာ မျက်ရည်ကြည်တွေ ရစ်ဝဲစို့ရွဲလို့နေတယ်။

"ဘာဖြစ်လဲဟင် မိုး...ဘာဖြစ်လဲ"

ကျွန်တော် စိုးရိမ်တကြီး မေးလိုက်မိတယ်။

မိုး ပြန်မဖြေဘူး။

မိုးအကြည့်တွေက ဆွေးနင့်လို့နေတယ်။

ကျွန်တော့်ဆီ ဖြည်းညင်းစွာ တိုးကပ်လာတယ်။

"ဘာဖြစ်လို့လဲဟင်...ကိုယ့်ကို ပြောပြလေ"

ကျွန်တော် ထပ်မေးတယ်။

မိုးက ဘာမှမကြားသလိုပဲ။

ဖြုန်းဆို ကျွန်တော့်ရင်ခွင်ထဲ ကလေးငယ်တစ်ယောက်လို တိုးဝင်လာတယ်။

ကျွန်တော် ဂရုဏာသက်သွားမိတယ်။

မိုးရဲ့ကျောပြင်ကို ဖွဖွညင်သာစွာ ပွတ်သပ်ပေးနေမိတယ်။

မိုးရဲ့ကျောပြင်ဟာ တသိမ့်သိမ့် ခါနေတယ်။

"မိုး...မင်း ငိုနေတာလားဟင်...ဘာဖြစ်လို့လဲ၊ ဒီမှာ ကိုယ့်ကိုကြည့်

စမ်း၊ ကိုယ့်မျက်နှာကို အသေအချာကြည့်ပြီး ပြောပြစမ်း၊ မင်းကို ဘယ်သူက ခေါ်ကားလဲ၊ မင်းကို ဘယ်သူက ဒီ့အောင်လုပ်လိုက်လဲ"

ကျွန်တော် သူမကို ရင်ခွင်ထဲက ပြန်တွန်းခွာပြီး ပူပင်တကြီး မေးလိုက်တယ်။

သူမက မျက်ရည်တွေ စိုလူးရွှဲနစ်နေတဲ့ အငိုမျက်နှာနဲ့ ကျွန်တော့်ကို မော့ကြည့်တယ်။

သိပ်သနားစရာကောင်းတာပဲ။

"ဆရာ"

မိုး နှုတ်ခမ်းလှုပ်ရုံ ခေါ်လိုက်တာဖြစ်ပေမယ့် ကျွန်တော့်ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားရတယ်။

မိုး ကျွန်တော့်ကို တစ်ခါမှ ဆရာလို့ မခေါ်ဖူးဘူး။

အဲ့ဒီအချိန်မှာပဲ လျှပ်စီးက ဖြန်းခနဲ လက်သွားတယ်။

မိုး လေ့ကားရင်းဆီ ဖျတ်ခနဲ လှည့်ကြည့်ပြီး...

"အိုး...ဆရာ့အမျိုးသမီး ပြန်လာပြီ...ဒုက္ခပါပဲ၊ ဘယ်လိုလုပ်မလဲ ဟင် ဆရာ"

သူမ ပြူးကျယ်ဝိုင်းစက်နေတဲ့မျက်နှာနဲ့..အထိတ်တလန့် ထအော်တယ်။

"ဘာ..."

ကျွန်တော် ဦးခေါင်းတစ်ခုလုံး ပွင့်ကွဲထွက်သွားသလို ခံစားလိုက်ရတယ်။

တုန်လှုပ်ချောက်ခြားစွာနဲ့ သူမကို အားကုန် ဆောင့်တွန်းပစ်လိုက်မိတယ်။

သူမ ကြမ်းပြင်ပေါ် အရှိန်ပြင်းပြင်းနဲ့ ပစ်လဲကျသွားခဲ့တယ်။

အဲ့ဒီအချိန်မှာပဲ သူမရဲ့ခန္ဓာကိုယ်ထဲက ပြာနှမ်းနှမ်း အရိပ်ကြီးတစ်ခု လွင့်ခါထွက်သွားတာ ကျွန်တော် အသေအချာ မြင်လိုက်ရတယ်။

ဘုရားရေ...

အဲ့ဒါ ဘာလဲ...။





ဝိညာဉ်လား၊ မကောင်းဆိုးဝါး တစ္ဆေသရဲလား။

ဒါဆို...

ခုနက မေမြတ်မိုးရဲ့ခန္ဓာကိုယ်ထဲ မကောင်းဆိုးဝါးတစ်ကောင် ပူးကပ်ဝင်ရောက်နေခဲ့တာပေါ့။

ဒါဆို...အဲ့ဒီမကောင်းဆိုးဝါးက...

"ရှစ်ထိ"

ကျွန်တော် ခါးခါးသီးသီး ဆဲရေးလိုက်မိတယ်။

သူမလက်ထဲက လွင့်ကျသွားတဲ့ တစ်စုံတစ်ရာကို တွေ့လိုက်ရတယ်။

အသေအချာ စူးစိုက်ကြည့်လိုက်တော့ ကျစ်ဆံမြီး ကျစ်ထားတဲ့ ဆံစုတစ်ခု ဖြစ်နေတယ်။

"အဲ့ဒါ ဘာလဲ မေမြတ်မိုး"

သူမ ကျွန်တော့်အမေးကို ဘာမှပြန်မဖြေဘဲ စိမ်းစိမ်းကြီး စူးစိုက်ကြည့်တယ်။

"မိုး...မင်း ဘာတွေဖြစ်နေတာလဲ ပြောစမ်း"

ကျွန်တော် တုန်လှုပ်စွာ အော်ဟစ်ပြီး မေးလိုက်တယ်။

သူမ ကျွန်တော့်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေရာကနေ ခါးခါးသီးသီး ပြုံးတယ်။

သူမရဲ့အပြုံးဟာ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးကို ဝါးမျိုလိုက်သလိုပဲ ခံစားရစေတယ်။

"သိပြီ...ကျွန်မ အားလုံးကို ပြန်မှတ်မိပြီ ဦးငြိမ်းချမ်းအေး"

သူမ တစ်လုံးချင်း ပြောတယ်။

ကျွန်တော် အသက်တောင် မရှူမိဘဲ သူမကို မျက်လုံးပြူးကြီးနဲ့ စူးစိုက်ကြည့်နေမိတယ်။

"ကျွန်မ နယ်ကနေ ခွင့်ယူပြီး ပြန်လာတဲ့နေ့တစ်နေ့မှာ"

သူမ ကျွန်တော့်ကို နီရဲနေတဲ့မျက်ဝန်းတွေနဲ့ စိုက်ကြည့်ပြီး တံတွေး တစ်ချက် မျိုချလိုက်တယ်။

ပြီးမှ ဆက်ပြောတယ်။

"မိုးတွေ အရမ်းရွာနေခဲ့တယ်၊ အဲ့ဒီအချိန်မှာ ကျွန်မအပေါ်ထပ်တက်လာတော့ လှေကားရင်းကနေ စာကြည့်ခန်းဆီ လှမ်းကြည့်လိုက်မိတယ်၊ စာကြည့်ခန်းထဲမှာ...စာကြည့်ခန်းထဲမှာ"

သူမ အသံတွေ အက်ကွဲလာတယ်။

သွားပြီ။

မိုး အားလုံးကို ပြန်မှတ်မိသွားခဲ့ပြီ။

ကျွန်တော့်ရဲ့ သိက္ခာ...

ကျွန်တော့်ရဲ့ဂုဏ်ဒြပ် တန်ဖိုးတွေအားလုံးဟာ...

"ရှင်နဲ့ မိန်းကလေးတစ်ယောက်နဲ့ နီးနီးကပ်ကပ်..."

ကျွန်တော် သူမဆီက မျက်နှာလွှဲပြီး ခေါင်းငိုက်စိုက် ချထားလိုက်မိတယ်။

"မိန်းကလေးက ဝမ်းနည်းပန်းနည်း ငိုကြွေးလို့ ရှင်ကလည်း ဖေးဖေးမမနဲ့ နှစ်သိမ့်ချော့မော့လို့၊ ဟုတ်တယ်မဟုတ်လားဟင် ဦးငြိမ်းချမ်းအေး၊ ရှင် ဘယ်လိုငြင်းမလဲဟင်...၊

ကျွန်မ အံ့ဩမိလွန်းလို့ တုန်လှုပ်ချောက်ချားပြီး အပြင်ကို ကားမောင်းထွက်ခဲ့မိတယ်၊

သတိလက်လွတ်တွေဖြစ်ပြီး ကားမောင်းနေခဲ့မိတာမို့ မိုးသည်းသည်းထဲမှာ ကျွန်မ သစ်ပင်ကြီးတစ်ပင်ကို အရှိန်ပြင်းပြင်းနဲ့ ဝင်တိုက်ခဲ့မိတယ်၊

ဆေးရုံပေါ်မှာ ကျွန်မဟာ ရက်ရှည်လများ ဆေးကုသခံခဲ့ရတယ်၊ ဆေးရုံက ပြန်ဆင်းရတော့လည်း မှတ်ဉာဏ်က နဂိုအနေအထား ပြန်မရောက်နိုင်သေးလို့ အလုပ်ကနေ နှစ်မစေ့ခင် အငြိမ်းစားယူခဲ့ရတယ်၊

ကျွန်မဘဝ အညွန့်ကျိုးခဲ့ရတာ ရှင့်ကြောင့်၊ ရှင်ဟာ ကျွန်မအပေါ် သစ္စာမဲ့ခဲ့တယ်၊ ကျွန်မဘဝကိုလည်း ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တယ်၊ ရှင်ဟာ မကောင်းဆိုးဝါးပဲ၊ ရှင်ဟာ လူလိမ်ပဲ"

သူမဟာ ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး နာနာ





ကျည်းကျည်း ခါးခါးသီးသီး စွပ်စွဲတယ်။

သူမ စွပ်စွဲပြစ်တင်သမျှဟာ အမှန်တရားတွေချည်း ဖြစ်နေပေမယ့် ကျွန်တော့်ရင်ထဲမှာ မခံရပ်နိုင်အောင် နာကျင်နေမိတယ်။

"မိုး...ကိုယ်ရှင်းပြမယ် နားထောင်ဦး"

ကျွန်တော် အရဲစွန့်ပြီး သူမကိုရှင်းပြဖို့ ကြိုးစားလိုက်တယ်။

သူမပုခုံးကို နှစ်သိမ့်သလို ခပ်ဖွဖွ ဆုပ်ကိုင်ဖို့ ကြိုးစားလိုက်မိတော့ ကျွန်တော့်လက်ကို အားကုန်ပုတ်ချတယ်။

"မထိနဲ့...ခုချိန်ကစပြီး ရှင် ကျွန်မအသားကို ထိဖို့မကြိုးစားနဲ့တော့ ဦးငြိမ်းချမ်းအေး၊ ကျွန်မ ရှင့်ကို သိပ်ရွံတယ်"

ရွံတယ်။

သူမက ကျွန်တော့်ကို ရွံတယ်တဲ့။

ကျွန်တော့်ဇနီးက ကျွန်တော့်ကို ရွံသတဲ့...။

ကျွန်တော့်လို လူတကာက အားကျလေးစားရတဲ့ အထူးကုဆရာဝန်ကြီးတစ်ယောက်အတွက်တော့ 'ရွံတယ်' ဆိုတဲ့စကားဟာ မုန်းတယ်ဆိုတဲ့စကားထက် ခံပြင်းဖို့ကောင်းပါတယ်။

"နေပါဦး...မင်းကရော ငါတို့အိမ်ထောင်ရေး နွေးထွေးအောင် ဘယ်လောက်များ ကြိုးစားခဲ့ပေးလို့လဲ၊ မင်းအတွက် ငါ့အတွက် ဘယ်လောက်များ အချိန်ပေးခဲ့လို့လဲ၊ မင်းလည်း မင်းအလုပ် မင်းအသိုင်းအဝိုင်းမှာ အတ္တကြီးကြီးနဲ့ ပျော်နေခဲ့တာပဲ မဟုတ်လား၊

ငါလည်း ယောက်ျားတစ်ယောက်ပဲကွ၊ သွေးနဲ့သားနဲ့ တည်ဆောက်ထားတဲ့ ယောက်ျားတစ်ယောက်ပဲ၊

အဲ့ဒီတော့ ငါ့အတွက်အချိန်ပေးတဲ့၊ ငါ့ကို ပျော်ရွှင်မှု ပေးနိုင်တဲ့၊ ငါ့ကို စိတ်ချမ်းသာအောင် ထားနိုင်တဲ့ တစုံတစ်ယောက်ရဲ့ ရင်ခွင်ထဲ ငါ ဝင်မိတာ မှားသလား၊ ပြောစမ်း...ငါ မှားသလား"

ကျွန်တော်လည်း ခံပြင်းလွန်းလို့ တစ်သက်လုံး မျိုသိပ်ထားခဲ့သမျှ ဖွင့်ဟပေါက်ကွဲလိုက်မိတယ်။

"တော်တော့ ဦးငြိမ်းချမ်းအေး၊ ဒီအချိန်ဟာ ရှင်နဲ့ကျွန်မ တစ်

ယောက်ကိုတစ်ယောက် လက်ညှိုးထိုးပြီး အပြစ်ပုံချရမယ့်အချိန် မဟုတ်တော့ဘူး"

ကျွန်တော် သက်ပြင်းရှိုက်လိုက်မိတယ်။

"ဘာပဲဖြစ်ဖြစ် ကိုယ်တောင်းပန်ပါတယ် မိုး"

သူမ ပြုံးတယ်။

အေးစက်လှတဲ့ မဲ့ပြုံးတစ်ခုကို သူမ ပြုံးလိုက်တယ်။

"အခုချိန်မှာ ရှင်တောင်းပန်လည်း အပိုပဲ၊ ကျွန်မဆီက ခွင့်လွှတ်ပါတယ်ဆိုတဲ့စကားကိုတော့ သေတဲ့အထိ ရှင်ကြားရလိမ့်မယ်လို့ မမျှော်လင့်နဲ့၊ ကျွန်မ ရှင့်ကို ဘယ်တော့မှခွင့်မလွှတ်ဘူး"

သူမ ကြမ်းပြင်ပေါ်က တစ်စုံတစ်ရာကို ဆတ်ခနဲ ကောက်ယူပြီး ကျွန်တော့်ကို ကျောခိုင်းသွားတော့တယ်။

သူမ လက်ချောင်းတွေထဲမှာ မဟော်ဂနီရောင် ကျစ်ဆံမြီးတစ်ချောင်းဟာ လှုပ်ခတ်လို့နေတယ်။

ဖျတ်ခနဲဆို စိမ့်စမ်းချိုဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော် သတိရလိုက်မိတယ်။

တစ်ချိန်က ချိုလေးလို့ ကျွန်တော်ချစ်မြတ်နိုးလှစွာ ခေါ်ခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဝိညာဉ်ဟာ တကယ်ပဲ ဒီအိမ်ကြီးထဲမှာ ရှိနေခဲ့သလား။

မေမြတ်မိုး ရေချိုးခန်းထဲမှာ တွေ့ခဲ့ဖူးတယ်ဆိုတဲ့ မကောင်းဆိုးဝါးဟာ တကယ်ပဲ စိမ့်စမ်းချိုလား။

သူမ ဘာလို့ ဒီအိမ်ကြီးထဲမှာ ရှိနေရတာလဲ။

ဘာကို လိုချင်လို့လဲ...။

ဘာကို လိုချင်လို့လဲ...။

ကျွန်တော် ကတုန်ကယင်ကြီးဖြစ်ပြီး ချောက်ချားလို့လာတယ်။

◆ ◆ ◆





# အခန်း(၁၂)

ကျွန်မ သိချင်တာတွေအားလုံးကို ထင်ထင်ရှားရှား သိခဲ့ရပြီ။

ကျွန်မတို့အိမ်မှာရှိနေတဲ့ နာနာဘာဝဝိညာဉ်ဟာ စိမ့်စမ်းချိုဆိုတာ သေချာခဲ့ပြီ။ မောင်နဲ့ ပတ်သက်ခဲ့ဖူးတယ်ဆိုတာလည်း သိခဲ့ရပြီ။

ဒါပေမယ့် သူမဟာ ဘာလို့ ကျွန်မကို ဆက်သွယ်ခဲ့ရတာလဲ။

ပြီးတော့...

သူမ ဘယ်နည်းနဲ့ သေဆုံးခဲ့ရတာလဲ။

ကျွန်မရင်ထဲမှာ သံသယမေးခွန်းတွေ ပဟေဠိတွေနဲ့ ဆူဝေပြည့်နှက်နေတယ်။

ကျွန်မ စားပွဲပေါ်မှာ တင်ထားတဲ့ မဟော်ဂနီရောင် ကျစ်ဆံမြီး ဆံစုလေးဟာ လေမတိုက်ပါဘဲ တဖျတ်ဖျတ် လွင့်ခါနေတယ်။

"မင်းဘာပြောချင်လို့လဲ"

ကျွန်မ လေသံကို တည်ငြိမ်အောင် ထိန်းပြီး မေးလိုက်တယ်။

ခုနက တဖျတ်ဖျတ် လှုပ်ခတ်နေတဲ့ ဆံစုလေးဟာ ပကတိ ပြန်ပြီး ငြိမ်သက်သွားတယ်။

ရုပ်ခနဲ ခြေသံကြားလို့ ကျွန်မ လှည့်ကြည့်လိုက်တဲ့အချိန်မှာ... မျက်ရည်စတွေ စို့ရွှဲနေတဲ့ မျက်လုံးစိမ်းတစ်စုံကို တွေ့လိုက်ရတယ်။

"အား..."

ကျွန်မ ရုတ်တရက် သတိလက်လွတ် အော်လိုက်မိပြီးမှ စိတ်ကို အမြန်ပြန်ထိန်းလိုက်ရတယ်။

ကျွန်မ လက်ချောင်းတွေက မဟော်ဂနီရောင် ဆံစုဆီ တရွေ့ရွေ့ ချဉ်းကပ်လိုက်တယ်။

စိမ့်စမ်းချိုအတွက် ကျွန်မ တစ်ခုခု လုပ်ပေးနိုင်မှာပါ။

ဆံစုလေးကို ထိလိုက်မိတာနဲ့ ဓါတ်လိုက်ခံရသလို ကျဉ်ခနဲ ဖြစ်သွားရတယ်။

ကျွန်မ ဖွဖွလေး ကိုင်ပြီး ဝတ္ထုစာအုပ်တစ်အုပ်ထဲ ညှပ်ထည့်လိုက်တယ်။

ပြီးတော့...

သူရှိတဲ့ စာကြည့်ခန်းဆီ ထွက်လာခဲ့တယ်။

အခန့်သင့်ပဲ သူ့ကို စာအုပ်ထူထူတစ်အုပ် ဖတ်နေတာ တွေ့လိုက်ရတယ်။

ဆေးပညာစာအုပ်ပဲ ဖြစ်မယ်ထင်ပါရဲ့။

ထားပါ...ဒါ ကျွန်မကိစ္စ မဟုတ်ပါဘူး။

ကျွန်မကိစ္စက...

"ကျွန်မ ရှင်နဲ့ ပြောစရာရှိတယ်"

စာအုပ်ကို ရင်ဘတ်မှာကပ်ရင်း ကျွန်မ လေသံမှန်နဲ့ ပြောလိုက်တယ်။

သူ ဖတ်လက်စစာအုပ်ကို ဘေးချပြီး မော့ကြည့်တယ်။

"စိမ့်စမ်းချိုနဲ့ ပတ်သက်တာပဲ မဟုတ်လား"





ကျွန်မရင်ထဲနှလုံးထဲက အောင့်ခနဲ ခံစားလိုက်ရတယ်။

"ထိုင်ပါဦး"

သူ ဘေးကခုံကို ညွှန်ပြတယ်။

ကျွန်မ တမင် စားပွဲပေါ်ပဲ တက်ထိုင်လိုက်တယ်။

သူ မချိပြုံးပြုံးတယ်။

"သစ္စာတရားကို ဘုရားတစ်ဆူလို ကိုးကွယ်တတ်တဲ့ ကျွန်မဟာ ရှင့်ထက်ပိုပြီး မြင့်မြတ်တယ် မဟုတ်လား ဒေါက်တာ ဦးငြိမ်းချမ်းအေး"

"ကိုယ်မှားခဲ့ပါတယ်၊ ကိုယ်ဝန်ခံပါတယ်မိုး၊ ကိုယ် မင်းကို တောင်းပန်ပြီးပါပြီ"

"ဒါပေမယ့် ရှင် ကျွန်မကို ဖုံးကွယ်ခဲ့တယ်"

ကျွန်မ နာနာကျည်းကျည်း ပြောလိုက်မိတယ်။

သူ့မျက်ဝန်းတွေ မှိုင်းဖျော့သွားတယ်။

"မင်းကျန်းမာရေးအခြေအနေနဲ့ ဒီကိစ္စကို ဖွင့်ဟရလောက်အောင်တော့ ကိုယ် မရက်စက်နိုင်ခဲ့ဘူး မေမြတ်မိုး"

ကျွန်မ ဟင့်ခနဲ အသံထွက်ပြီး မဲ့ပြုံးပြုံးလိုက်မိတယ်။

"ရှင် ကျွန်မဘက်ကို တကယ်ငဲ့ညှာတတ်ရင် ဒီကိစ္စ အစောကြီးကတည်းက မဖြစ်ပေါ်ရအောင် ကာကွယ်စောင့်ထိန်းခဲ့သင့်တာပေါ့ ဆရာဝန်ကြီးရဲ့"

"ကိုယ်ပြောပြမယ်...အစကနေအဆုံး ပြောပြမယ်၊ မင်း တဆိတ်သည်းခံပြီး နားထောင်ပေးပါ"

"ဆောရီးပဲ...ကျွန်မ ရှင်တို့ဇာတ်လမ်းကို စိတ်မဝင်စားဘူး၊ ကျွန်မ သိချင်တာ တစ်ခုပဲရှိတယ်"

ကျွန်မ လေသံမာမာနဲ့ ဖြတ်အော်လိုက်တယ်။

သူ ပြူးကြောင်နေတဲ့မျက်ဝန်းတွေနဲ့ ကျွန်မကို ငေးကြည့်တယ်။

"သူနဲ့ရှင် ဘယ်လိုပုံစံမျိုးနဲ့ ဇာတ်သိမ်းခဲ့တာလဲ"

ကျွန်မ တစ်လုံးချင်း မေးလိုက်တယ်။

ကျွန်မ မေးခွန်းအဆုံးမှာ သူ နောက်ကို လန်ကျသွားတော့မလိုပဲ။

အရုပ်ကို တုန်လှုပ်ချောက်ချားသွားတယ်။

ကျွန်မ စိတ်ထဲက ကြိတ်ပြီးပြုံးလိုက်မိတယ်။

သူ လက်သီးကို တင်းတင်းဆုပ်ပြီး စားပွဲပေါ်မှာ အချိန်အတော်ကြာအောင် မျက်နှာမှောက်ချလိုက်တယ်။

“ကျွန်မမေးတာ ဖြေလေ ဦးငြိမ်းချမ်းအေး၊ ရှင်မဖြေရဲဘူးလား”

ကျွန်မ ထပ်ပြီးစိန်ခေါ်လိုက်တော့မှ သူ မော့ကြည့်တယ်။

သူ့မျက်ဝန်းတွေ နီရဲကြည်ထနေတယ်။

“ပြောမယ်...ကိုယ်ပြောပြမယ်၊ အားလုံးကို အမှန်အတိုင်း ပြောပြမယ်၊ ဒါပေမယ့် ကိုယ်ပြောတဲ့စကားကို ကျေးဇူးပြုပြီး မင်း ယုံကြည်ပေးပါ”

ကျွန်မ ပခုံးတွန့်ပြလိုက်မိတယ်။

သူ ကျွန်မမျက်နှာကို တောင်းပန်သလို ကြည့်ပြီး စပြီးပြောတော့တယ်။

“တကယ်တမ်းကျတော့ သူ့အပေါ် စိတ်ဝင်စားပြီး သာယာခဲ့မိပေမယ့် ကိုယ် မင်းကိုမစွန့်လွှတ်နိုင်ဘူး မိုး...ရှေ့မဆက်ဖို့ ကိုယ်ဆုံးဖြတ်ခဲ့တယ်၊ ကိုယ် သူ့ကို ဇာတ်လမ်းဖြတ်ဖို့ ပြောပြခဲ့တယ်၊ သူ လုံးဝလက်မခံနိုင်ဘူး၊

အဲ့ဒီအချိန်မှာ သူ ကိုယ့်ကို အရူးအမူးဖြစ်နေပြီ၊ မင်း နားလည်နိုင်တယ် မဟုတ်လား၊ သူက လုံးဝအတွေ့အကြုံ မရှိတဲ့သူလေ”

ကျွန်မ လုံးဝ စကားထောက်မပေးဘူး။

စိတ်ထဲကတော့ အချစ်အူရှိင်းလေးကို သွားပြီးလှည့်စား ဆော့ကစားချင်တဲ့ ရှင့်ရဲ့မိုက်မဲမှုသက်သက်ပဲလို့ ပြောလိုက်ချင်တယ်။

“ကိုယ် သူ့ကို ချော့ပြီးပြောပြတယ်...မရဘူး၊ အဲ့ဒီအချိန်မှာ မင်းတွေ့သွားတာ၊ ကိုယ် သဘောပေါက်သွားတယ်၊ မင်းကို သူနဲ့ လုံးဝမလဲနိုင်ဘူးဆိုတာ ကိုယ် သူ့ကို အပြတ်ပဲပြောလိုက်တယ်၊

အဲ့ဒီတော့ သူ အရမ်းကို နာကျင်သွားခဲ့တယ်၊ အသက်မရှိတော့သလို သူ လုံးဝငြိမ်သက်သွားခဲ့ပြီး...”

သူ့အသံတွေ အက်ပြီး တိမ်ဝင်သွားတယ်။

ကျွန်မ သူ့ကို အရမ်းမုန်းတီးစက်ဆုပ်နေမိပေမယ့် မိန်းကလေး





ကိုတော့ သနားနေမိတယ်။

သူမ ဘာလုပ်ခဲ့သလဲ။

အဲ့ဒီအချိန်မှာ စိမ့်စမ်းချို ဘာလုပ်ခဲ့ပါလိမ့်။

“သူ ရေချိုးခန်းထဲ ဝင်သွားခဲ့တယ်”

“ရေချိုးခန်း”

ကျွန်မရင်ဘတ်ထဲက စာအုပ်လေးဟာ ဟုန်းခနဲ ခုန်ထလာသလိုပဲ။

ကျွန်မ ရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်နေမိတယ်။

“ပြီး...ပြီးတော့ရော...”

“အချိန်အကြာကြီးပဲ သူ ရေချိုးခန်းထဲက ထွက်မလာခဲ့ဘူး၊ ကိုယ်လည်း မင်းနောက်ပဲ လိုက်ရမလား၊ သူ့ကိုပဲ..အင်း..သူ့ကိုပဲ နှစ်သိမ့်ပေးရမလား ဝေခွဲမရ ဖြစ်နေတဲ့အချိန်မှာ ဟင်းခနဲဆိုတဲ့ ညည်းညူသံကြီး ကြားလိုက်ရတယ်၊

ဆရာဝန်တစ်ယောက်ရဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် အဲဒါ နောက်ဆုံးထွက်သက်ကို ရှိုက်ထုတ်လိုက်တဲ့အသံပဲ၊ ကိုယ်အရမ်း တုန်လှုပ်သွားခဲ့တယ်၊

ရေချိုးခန်းထဲက ထွက်လာတဲ့အသံဟာ ဘာလို့ ဒီလောက်တောင် ကျယ်ရသလဲလို့လည်း ထိတ်လန့်သွားမိတယ်...ကိုယ် ရေချိုးခန်းထဲ အပြေးအလွှား သွားကြည့်တဲ့အချိန်မှာ...”

သူ့အသံ တိမ်ဝင်သွားတယ်။

“သူ...သူ...”

ကျွန်မ အလောတကြီး မေးလိုက်မိတယ်။

သူ မျက်လုံးစုံမှိတ်ပြီး ခေါင်းကို ဖြေးလေးစွာ ယမ်းပြတယ်။

“သူ အသက်မရှိတော့ဘူး”

ဟိုးအဝေးကြီးကလာတဲ့ တိုးရှရှလေသံမျိုးနဲ့ သူ ဆက်ပြောတယ်။

“ကြမ်းပြင်ပေါ်မှာ ဆေးပုလင်းကို တွေ့ခဲ့ရတယ်”

ဆေးပုလင်း...။

စိမ့်စမ်းချိုဟာ သူမအသက်ကိုသူမ ကြံစည်စတေးခဲ့တာလား။

ဘာမှ အသုံးမကျတဲ့ အချစ်အတွက် ကိုယ့်ဘဝကိုယ် အဆုံးရှုံးခံခဲ့သူလား။

ယောကျ်ားတစ်ယောက်ကို အသက်နဲ့အချစ် လဲပြတဲ့အထိ မိုက်မိုက်မဲမဲ ချစ်ပြခဲ့တာလား။

မိုက်မဲလှတဲ့ မိန်းကလေး။

သနားစရာ ကောင်းလှတဲ့ မိန်းကလေး။

စိမ့်စမ်းချို။

အခု မင်းအလိုရှိနေတာ ဘာလဲကွယ်...။

•





စာကြည့်ခန်းရှေ့က အဖြတ်မှာ မျက်လုံးထောင့်ကနေ သူ့ကို တစ်ချက်ကြည့်လိုက်မိတယ်။

အလုပ်ကိစ္စ ထင်ပါရဲ့...။

ဖုန်းပြောနေတယ်။

အခုတလော...ဆေးရုံကို သူ အရမ်းအရေးကြီးတဲ့အချိန်လောက်ပဲ သွားတော့တယ် ထင်ပါရဲ့...အိမ်မှာ အနေများနေတယ်။

ကျွန်မကို အချိန်တိုင်းမှာ ဂရုစိုက်ပြီး စောင့်ကြည့်နေသလိုပဲ။

ကျွန်မ မွန်းကြပ်လှောင်ပိတ်နေမိတယ်။

ကျွန်မ ထွက်လာတာ မြင်သွားပြီး ဖုန်းပြောရင်းကနေ လှမ်းကြည့်တယ်။

ကျွန်မ မမြင်ချင်ယောင်ဆောင်ပြီး ထွက်လာခဲ့တယ်။ အင်္ကျီ အိတ်ထဲ ထည့်ထားတဲ့လက်ကို လှုပ်ရှားလိုက်မိတယ်။

ကျွန်မလက်ထဲမှာ နူးညံ့ပျော့ပျောင်းတဲ့ ကျစ်ဆံမြီးဆံစုကလေး။

ကျွန်မ အိမ်ပြင်ထွက်လာခဲ့တယ်။

ရမ်ဘိုဟာ ကျွန်မကို မြင်တော့ အီခနဲ အသံပြုပြီး အမြီးကုတ်လို့

အဝေးကို ထွက်သွားတယ်။

ကျွန်မ နားမလည်စွာ မျက်မှောင်ကုတ်လိုက်မိတယ်။

အထူးအဆန်းပဲ။

ဒီကောင် ဘာဖြစ်နေတာလဲ။

ကျွန်မခြေလှမ်းတွေဟာ အစိုးမရဘဲ ရွေ့လျားနေသလိုပဲ။

မြနောက်ဘက်ဆီ တရွေ့ရွေ့ လျှောက်လာခဲ့မိတယ်။

ကျွန်မ ဘာဖြစ်လို့ ဒီနေရာကို ရောက်လာခဲ့ရတာလဲ။

စဉ်းစားလို့မရဘူး။

ကျွန်မစိတ်တွေ အေးစက်ပြီး စိမ်းမြတဲ့လေဟာနယ်ထဲ လွင့်မျော နေရသလိုပဲ။

တဖြည်းဖြည်းနဲ့ ချောင်းစပ်ဆီ ရောက်လာခဲ့တယ်။

တံတားပေါ် တရွေ့ရွေ့ လျှောက်နေမိတယ်။

တံတားစွန်း ရောက်လာတယ်။

ကျွန်မ ဘာလုပ်ဖို့ ဒီကိုရောက်လာခဲ့ရတာလဲ။

ကျွန်မ ဘာကိုမှ စဉ်းစားလို့မရဘူး။

မျက်လုံးကို ဖွဖွမှိတ်ပြီး အင်္ကျီအိတ်ထဲက လက်ကိုထုတ်လိုက်မိ တယ်။

မဟော်ဂနီရောင် ဆံစုလေးက ကျွန်မရဲ့ငြိမ်သက်တဲ့ လက်ချောင်း များကြားမှာ တဖျတ်ဖျတ် လှုပ်ခါနေတယ်။

အဲ့ဒီနောက်...

ကျွန်မရင်ထဲ ကြောက်စရာကောင်းလောက်အောင် စိမ့်ခနဲ ဖြစ်သွား ခဲ့ရပြီး...

ကျွန်မဟာ တစ်စုံတစ်ယောက်က ဆွဲခေါ်ချလိုက်သလို ရေထဲ ပြုတ်ကျသွားခဲ့ရတော့တယ်။

ရေထဲကို ကျွန်မဟာ ဇောက်ထိုးကြီး ကျဆင်းသွားခဲ့ရပြီး..ဟိုး..ရေ အောက်ကြမ်းပြင်ဆီ တဟုန်ထိုး ရောက်သွားခဲ့ရတယ်။

ကြောက်စိတ်ဟာ ကျွန်မတစ်ကိုယ်လုံးကို ဝါးမျိုထားတယ်။





ကျွန်မ သေရတော့မှာလား။

ကျွန်မကို ရေထဲ ဆွဲခေါ်နေတာ ဘယ်သူလဲ။

စိမ့်စမ်းချိုလား။

သူမ ဘာကြောင့် ကျွန်မကို ခုလိုလုပ်ရတာလဲ။

ကျွန်မက သူမကို သနားနေမိတာ။

သူမဘက်က ရပ်တည်ပြီး အမှန်တရားကို ဖော်ထုတ်ပေးဖို့ ကြိုး စားနေခဲ့မိတာ။

"စိမ့်စမ်းချို..မလုပ်..မလုပ်ပါနဲ့..မသတ်ပါနဲ့၊ ငါ့ကိုမသတ်ပါနဲ့၊ ငါ့မှာ ဘာအပြစ်ရှိလို့လဲ၊ ငါက မင်းဘက်ကပဲ နေပေးခဲ့တာ၊ ဒီလိုမလုပ်ပါနဲ့"

ကျွန်မ အသံကုန်အော်ပြီး တောင်းပန်နေခဲ့မိပေမယ့် ကျွန်မအသံက လည်ချောင်းထဲက ထွက်မလာခဲ့ပါဘူး။

ကျွန်မ လုံးဝရုန်းကန်လှုပ်ရှားလို့ မရဘူး။

ကျွန်မ သေရတော့မှာလား။

ဆောက်တည်ရာမရတော့အောင် ကျွန်မ အရမ်းချောက်ခြား ထိတ် လန့်နေမိတယ်။

အဲ့ဒီအချိန်မှာပဲ...

ကျွန်မရဲ့လက်ဟာ မာကျောတဲ့ တစ်စုံတစ်ရာနဲ့ ထိခတ်မိသွား ခဲ့တယ်။

ကျွန်မ အသေအချာကြည့်လိုက်တော့ သေတ္တာတစ်လုံး။

သေတ္တာငယ်လေးတစ်လုံး။

ဘာသေတ္တာပါလိမ့်။

ဒီသေတ္တာထဲမှာ ဘာပစ္စည်း ရှိနေမှာပါလိမ့်။

ကျွန်မ စူးစိုက်ကြည့်နေမိဆဲမှာပဲ သေတ္တာရဲ့ဘေးမှာ တစ်စုံတစ် ယောက် ပေါ်လာခဲ့တယ်။

"စိမ့်စမ်းချို"

ဒီသေတ္တာဟာ စိမ့်စမ်းချိုနဲ့ ဘယ်လိုပတ်သက်နေခဲ့သလဲ။

သေတ္တာဆီ ကျွန်မ လက်လှမ်းဖို့ ကြိုးစားလိုက်စဉ်မှာပဲ...

ကျွန်မကို တစ်စုံတစ်ယောက်က အနောက်ကနေ သိမ်းကြုံးဖမ်းချုပ်တာ ခံလိုက်ရတယ်။

မြတ်စွာဘုရား။

ဘယ်သူလဲ။

ကျွန်မကို ဖမ်းချုပ်လိုက်တာ ဘယ်သူလဲ။

အား...။





## အခန်း(၁၃)

"မင်း ဘာအရူးထတာလဲဟင် မေမြတ်မိုး...ပြောစမ်း"

ကျွန်မ ခိုက်ခိုက်တုန်နေမိတယ်။

သူ့တစ်ကိုယ်လုံးလည်း ရေတွေစိုရွှဲပြီး အဝတ်အစားတွေဟာ ရေတွေနဲ့ကပ်နေတယ်။

"ငါသာမရှိရင် မင်းဘယ်လိုလုပ်မလဲ၊ ငါသာမမြင်ခဲ့ဘူးဆိုရင် မင်းဘယ်လိုလုပ်မလဲဟင်၊ မင်း ကိုယ့်အသက်ကိုယ် လုပ်ကြံတာလား ပြောစမ်း"

ကျွန်မ ဘာမှပြန်မပြောမိဘူး။

ဘာပြန်ပြောရမှန်းလည်း မသိတော့ဘူး။

ကျွန်မ ငူငူကြီးသာ ထိုင်နေမိတယ်။

"ပြောလေ...ကိုယ်မေးနေတယ်လေ မေမြတ်မိုး"

ငုံ့စုံပစ်နေတဲ့ ကျွန်မကို သူ အားမလိုအားမရနဲ့ ဆောင့်တွန်းတယ်။

ရှတ်တရက်မို့ ကျွန်မ အရှိန်နဲ့ လဲကျသွားတယ်။ မမျှော်လင့်ဘဲ ကျွန်မလက်ထဲက မဟော်ဂနီရောင် ဆံစုလေးဟာ လွတ်ကျသွားခဲ့တယ်။

သူ့အကြည့်က ကျွန်မဆီကနေ ဆံစုလေးဆီ ကူးရောက်သွားတယ်။

"အဲ့ဒါ ဘာလဲ မေမြတ်မိုး"

ကျွန်မ သက်ပြင်းရှိုက်လိုက်မိတယ်။

တံတွေးတစ်ချက် မျိုချလိုက်ပြီး…

"စိမ့်စမ်းချို့ရဲ့ဆံပင်"

"ဘာ…ဒါ ချိုလေးရဲ့ဆံပင်တွေ ဟုတ်လား"

ကျွန်မ ခေါင်းငုံ့ထားလိုက်မိတယ်။

"မင်း ဘယ်ကရတာလဲ"

"သူ့အမေဆီက"

"မင်းရောက်သွားခဲ့တယ်ပေါ့"

ကျွန်မ ဘာကိုမှ ပြောချင်စိတ် မရှိတော့ဘူး။

စိတ်ပျက်လက်ပျက်သာ ထိုင်နေမိတော့တယ်။

"လက်စသတ်တော့ မင်းသွေးပျက်နေတာ ဒါကြောင့်ကိုး၊ မင်းပုံစံကြည့်ရတာ ကယောင်ချောက်ခြား ဖြစ်နေပါတယ်လို့ထင်မိတာ လက်စသတ်တော့ ဒီမကောင်းဆိုးဝါးကြောင့်ကိုး"

သူ ကြမ်းပြင်ပေါ်က ဆံစုကို ဆတ်ခနဲ ဆွဲယူတယ်။

ရေအောက်ကြမ်းပြင်ထိ ရောက်ခဲ့ပေမယ့် ဒီဆံစုလေးဟာ ထူးဆန်းလှစွာ ရေတစ်စက်မှ မစိုခဲ့ဘူး။

သူ မီးဖိုခလုတ်ကို ဖွင့်လိုက်တယ်။

ပြီးတော့…

ဆံစုလေးကို ဒေါသတကြီး ပစ်တင်လိုက်တယ်။

မီးတောက်တွေကြားထဲမှာ…

ကျွန်မ ဆတ်ခနဲ မျက်နှာလွှဲလိုက်မိတယ်။

နာကျင်အေးရှတဲ့ ရှိုက်ငင်သံကို ကျွန်မနားထဲ ပီပီသသ ကြားလိုက်ရသလိုပဲ။





ကျွန်မရင်နှလုံးထဲ နင့်ခနဲ ကြေကွဲသွားမိတယ်။

စိမ့်စမ်းချိုရေ…

ငါ့ကို ခွင့်လွှတ်ပါကွယ်။

ဒါပေမယ့်…

ငါ လက်မလျှော့သေးပါဘူး။

မင်းနဲ့ငါဟာ တသွေးတည်း တစ်သားတည်း ဖြစ်စေရပါမယ်။

♦ ♦ ♦

သူ အိပ်မောကျတဲ့အထိ ကျွန်မဟာ စိတ်ရှည်စွာ စောင့်ဆိုင်းခဲ့ပါတယ်။

သူ အိပ်ပျော်တော့မှ ကျွန်မဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ စတင်ကြိုးစားတော့တယ်။

အချိန်တိုအတွင်းမှာ ကျွန်မရဲ့အစီအစဉ်ကို အလျင်အမြန် အကောင်အထည် ဖော်ရပါတယ်။

မိနစ်အနည်းငယ်အတွင်းမှာပဲ ကျွန်မအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့တယ်။

အဲ့ဒါဟာ စိမ့်စမ်းချိုရဲ့အကူအညီလည်း ပါတယ်လို့ ကျွန်မယုံကြည်နေမိတယ်။

ကျွန်မတစ်ကိုယ်လုံး ရေတွေ စိုရွှဲနေပြီ။ ညဥ့်နက်သန်းခေါင်ထဲမှာ ချောင်းရေရွှဲရွှဲစိုနေတဲ့ ကျွန်မဟာ ခိုက်ခိုက်တုန်အောင် ချမ်းနေမိတယ်။

ဒါပေမယ့် ကျွန်မဟာ ချမ်းရစီးရမှန်း မသိနိုင်အောင်ပဲ တစ်စုံတစ်ရာပေါ်မှာ အာရုံဇောကပ်နေမိပြီလေ။

ကျွန်မရှေ့ကြမ်းပြင်ပေါ်မှာ ရွှံ့နွံအထပ်ထပ်နဲ့ သေတ္တာငယ်တစ်လုံး။





ကျွန်မလည်ပင်းမှာ ဆွဲထားတဲ့ကြိုးကို အလျင်အမြန် ဖြုတ်လိုက်တယ်။

ကြိုးနဲ့ဆွဲထားတဲ့ သော့တစ်ချောင်းဟာ တဆတ်ဆတ် တုန်ခိုက်နေတဲ့ ကျွန်မလက်ချောင်းတွေကြားထဲမှာ ဟိုသည်ရွေ့နေတယ်။

ဒါ သူ့စာကြည့်ခန်း ခေါက်ပုံအောင်ထဲက တွေ့ခဲ့တဲ့သော့။

လိုရမယ်ရ ကျွန်မသိမ်းဆည်းခဲ့တာ ခုတော့ အသုံးဝင်ပြီ ထင်ပါရဲ့။

ကျွန်မ တုန်ယင်နေတဲ့ လက်ချောင်းတွေနဲ့ သေတ္တာကို ခပ်မြန်မြန် ဖွင့်လိုက်တယ်။

ကျွန်မ မျှော်လင့်ထားသလိုပဲ ကျွန်မတွေ့ရှိခဲ့တဲ့သော့ဟာ ဒီသေတ္တာရဲ့သော့ပဲ။

သေတ္တာဖွင့်လိုက်တဲ့အချိန်မှာ ကျွန်မတွေ့လိုက်ရတဲ့ တစ်စုံတစ်ရာဟာ...။

သိပ်ကို လှပဆန်းကြယ်တဲ့ လည်ဆွဲကလေးပါပဲ။

ကျွန်မတို့ရဲ့မင်္ဂလာဦးခေါက်ပုံထဲက လည်ဆွဲ။

ဆရာမကြီး လက်ဖွဲ့ပေးခဲ့တယ်ဆိုတဲ့ လည်ဆွဲ။

စိမ့်စမ်းချိုရဲ့တစ်ခုသောမွေးနေ့မှာ ဆင်ယင်ခဲ့တဲ့လည်ဆွဲ။

ဒီလည်ဆွဲဟာ ဘာလို့များ ဒီသေတ္တာထဲ ရောက်ရှိနေခဲ့ရတာလဲ။

ပြီးတော့...

ဘယ်သူကများ ရေအောက်ကို ပစ်ချနစ်မြှုပ်ခဲ့တာလဲ။

"စိမ့်စမ်းချို...ဒီလည်ဆွဲလေးဟာ မင်းနဲ့ဘယ်လိုများ ပတ်သက်ခဲ့သလဲဟင်"

ကျွန်မ လည်ဆွဲကို လက်ပေါ်တင်ရင်း ပြောလိုက်မိတယ်။

"မင်းကို သူ လက်ဆောင်အဖြစ် ပေးခဲ့တာလား"

လည်ဆွဲဟာ ကျွန်မလက်ပေါ်မှာ တဖျတ်ဖျတ် ခါနေတယ်။

"အရင်တုန်းကတော့ ဒါဟာ ငါ့လည်ဆွဲပေါ့"

ကျွန်မရင်ထဲ စူးခနဲ အောင့်သွားရပြန်တယ်။

မရိုတင်ကဲ ပြုံးလိုက်မိတယ်။

"ဒါက အရေးမကြီးဘူး မဟုတ်လားဟင် စိမ့်စမ်းချို၊ ငါ သိချင်နေတာက ဒါမဟုတ်ဘူး"

ကျွန်မလည်ဆွဲကို လက်တကမ်းအကွာမှာ ထားလိုက်ပြီး အသေအချာကြည့်ရင်း တိုးညင်းစွာ ပြောလိုက်မိတယ်။

"စိမ့်စမ်းချို...မင်း ဘယ်လိုသေခဲ့ရတာလဲ၊ ငါ့ကို တစ်နည်းနည်းနဲ့ အသိပေးပါလား"

လည်ဆွဲဟာ သိသိသာသာကို ဖြောင်းဆန်လှုပ်ယမ်းသွားခဲ့တယ်။

အဲ့ဒီနောက်...

အရိပ်တစ်ခုဟာ ကျွန်မရှေ့ ပြူန်းဆို ထိုးကျလာတယ်၊

မီးတွေလည်း တစ်ပြိုင်နက်တည်း လင်းသွားခဲ့တယ်။

ကျွန်မ ဒိန်းခနဲ ရင်ဆောင့်ခုန်မိပြီး ထိတ်လန့်တကြား နောက်ကို လှည့်ကြည့်လိုက်မိတဲ့အခါ...

◆ ◆ ◆





"မင်းက စိမ့်စမ်းချိုကို ကိုယ်သတ်ခဲ့တယ်လို့များ ထင်နေသလား"

ကျွန်မ လုံးဝမထင်မှတ်ဘဲ သူ့ကို တွေ့လိုက်ရတာမို့ ကြောက်လန့်တကြားနဲ့ လည်ဆွဲကို ခေါင်းကနေ စွပ်ချလိုက်မိတယ်။

ထိုစဉ်မှာပဲ မျက်နှာသုတ်ပဝါတစ်ထည်နှင့် ကျွန်မမျက်နှာကို သူ လာသုတ်ပေးသဖြင့် အသာငြိမ်နေလိုက်တယ်။

ဒါဟာ ကျွန်မရဲ့ ကိုယ်သေတွင်းကိုယ် တူးလိုက်မိတဲ့အမှားပဲဆိုတာ မသိလိုက်မိဘူး။ ထိုပဝါတွင် လူကို လှုပ်၍မရအောင် မူးဝေထုံထိုင်းစေသော ဆေးတစ်မျိုး ပက်ဖြန်းထားတယ်။

ထိုအချိန်ကစပြီး ကျွန်မရဲ့စိတ်အစဉ်နဲ့ ခန္ဓာကိုယ်တစ်ခုလုံးဟာ အရမ်းကို အင်အားကြီးတဲ့အရာတစ်ခုက စုပ်မျိုလိုက်သလို လေးလံထိုင်းမှိုင်းတဲ့ ခံစားချက်ကြီးကို ခံစားလိုက်ရတယ်။

ကျွန်မဟာ သူ့ကို မြင်တွေ့နေရတယ်။

သူပြောနေတာကိုလည်း ကြားသိနေရတယ်။

ဒါပေမယ့်...

ကျွန်မဟာ လုံးဝလှုပ်ရှားလို့ မရတော့ဘူး။

အရမ်းကို လေးလံထိုင်မှိုင်းပြီး ချက်ချင်း ခြေကုန်လက်ပန်းကျသလို ဝင်ပန်းနွမ်းခြောက်သွားမိတယ်။

ကျွန်မ ဘာဖြစ်သွားရတာလဲ။

ကိုယ့်ကိုယ်ကို လုံးဝနားမလည်နိုင်တော့ဘူး။

သူကတော့ ကျွန်မအဖြစ်ကို မသိကျိုးကျွန်ပြုကာ ဆက်ပြောနေခဲ့တယ်။

"ဟင်...မင်း ကိုယ့်ကို သံသယဝင်နေတယ် မဟုတ်လား မိုး...၊ မဟုတ်ပါဘူး မိုးရယ်...ကိုယ်ပြောတာ ယုံပါ၊ ကိုယ်တွေ့တော့ သူ သေနေပါပြီ၊ ကိုယ် အမှုပတ်နေမှာစိုးလို့ သူ့အလောင်းကို အိတ်ထဲထည့်ပြီး..."

ကျွန်မ သူပြောတာတွေကို အားလုံးကြားနေရတယ်...။

မယုံဘူး။

လုံးဝ မယုံဘူးလို့ ပြန်အော်လိုက်ချင်ပေမယ့် ကျွန်မရဲ့နှုတ်ခမ်းတွေက လုံးဝ ဖွင့်ဟလို့မရဘူး။

"ကိုယ် သူ့အလောင်းကို ကားနဲ့ သယ်ပြီး ချောင်းထဲမျှောခဲ့တာ"

ချောင်းထဲ...

သနားစရာကောင်းလှတဲ့ စိမ့်စမ်းချိုဆိုတဲ့ မိန်းကလေးရဲ့အလောင်းဟာ ချောင်းရေစီးနဲ့ မျောပါသွားခဲ့မှာပေါ့။

ဒါပေမယ့်...

သူမရဲ့စိတ်ဝိညာဉ်ကတော့ ဟော့ဒီအိမ်က ရေချိုးခန်းထဲမှာ နေရစ်ခဲ့မယ် ထင်ပါရဲ့။

"ဘယ်လိုလဲ မိုး၊ မင်း ကိုယ်ပြောတာတွေ ယုံရဲ့လား"

သူ ကျွန်မရဲ့ ဒူးထောက်ထိုင်ချပြီး ကျွန်မမျက်နှာကို အသေအချာ စိုက်ကြည့်တယ်။

"မယုံပါဘူး...မင်း ဘာမှမပြောပေမယ့် မင်းမျက်လုံးတွေက မယုံဘူး...ကိုယ်သိတယ်"

သူ ကျွန်မမေးဖျားကိုကိုင်ပြီး မျက်နှာကို ဆတ်ခနဲ ဆွဲမော့တယ်။ သူ့အသားနဲ့ ထိလိုက်ရတာနဲ့ ကျွန်မရင်ထဲ ကြောက်စိတ်ဟာ စိမ့်ခနဲ စီးဖြန်း





သွားခဲ့တယ်။

ကြောက်တယ်...

ကျွန်မ သူ့ကို ကြောက်တယ်...

သူ ကျွန်မကို ရှင်သန်ခွင့်ပေးတော့မှာ မဟုတ်ဘူး။

ကျွန်မကို သူ သတ်တော့မှာ။

သူ ဘယ်လိုပဲ ဟန်ဆောင်နေပေမယ့် ကျွန်မရင်နှလုံးထဲက ခံစားသိနဲ့ သိနေတယ်။

ဘယ်လိုလုပ်ရမလဲ။

ကျွန်မကို ဘယ်သူမှ မကယ်နိုင်တော့ဘူးလား။

စိမ့်စမ်းချို...မင်းရော ငါ့ကို မကယ်နိုင်တော့ဘူးလား။

"တူ...တူ..."

အဲ့ဒီအချိန်မှာပဲ ဖုန်းမြည်သံ ဝင်လာတယ်။

ကျွန်မခေါင်းထဲ လင်းခနဲ ဖြစ်သွားပါပြီ၊ ဖုန်းကိုင်ဖို့ ကြိုးစားကြည့်လိုက်တယ်။ မရ။

သူက အဟွန်းခနဲ ရယ်ပြီး ဖုန်းပလပ်ကို ဆွဲဖြုတ်လိုက်တယ်။

အဲ့ဒီနောက် သူ ကျွန်မကို သတ်ဖို့ကြိုးစားနေပြီ။

ဟင့်အင်း...

ကျွန်မ မသေချင်သေးဘူး။

ကျွန်မ သူ့လက်ထဲက..ရုန်းအင်အားလေးနှင့် အတင်းရုန်းကန်ထွက်တယ်။

မရဘူး။

သူဟာ ကျားရဲတစ်ကောင်လို သန်စွမ်းခက်ထန်လွန်းနေတယ်။

ကျွန်မ အနိုင်နိုင်ရုန်းကန်ဆဲ သူက စိတ်မရှည်နိုင်တော့သလို ဒေါသတကြီးနဲ့ ကျွန်မကို ဆောင့်တွန်းလိုက်တယ်။

ကျွန်မ ကြမ်းပြင်ပေါ် ရုပ်ပျက်ဆင်းပျက် လဲကျသွားခဲ့ရတယ်။

နာကျင်မှုဟာ လိပ်ပြာလွင့်စင်တော့မတတ်ဘဲ။

တစ်ကိုယ်လုံး ကိုင်ရိုက်ချလိုက်သလို ကျွန်မ ခန္ဓာကိုယ်တစ်ခုလုံး

ပြင်းပြင်းထန်ထန် နာကျင်နေမိတယ်။

ကျွန်မ အသက်တောင် ခဲခဲယဥ်းယဥ်း ရှူနေရတယ်။

"မင်းက ငါ့ကို စိန်ခေါ်ချင်တယ်ပေါ့ ဟုတ်လား မေမြတ်မိုး၊ မင်း ငါ့ကို အတော်လျှော့တွက်ခဲ့တာပဲ"

သူ့အသံက ကြောက်စရာကောင်းလောက်အောင် အေးစက် ကြမ်းရှနေတယ်။

တစ်စထက်တစ်စ သူ ကျွန်မနား တိုးကပ်လာတယ်။

ကျွန်မ ကြောက်လန့်တကြား ထွက်ပြေးဖို့ ကြိုးစားချင်ပေမယ့် ကြမ်းပြင်ပေါ်မှာ တရွတ်ဆွဲအနေအထားနဲ့ တစ်လက်မလောက် ရွှေ့ဖို့တောင် ခက်ခက်ခဲခဲ ကြိုးစားနေရတယ်။

နာကျင်မှုဟာ ကျွန်မတစ်ကိုယ်လုံးကို ရက်ရက်စက်စက် ကိုက်ခဲနေတယ်။

သူ ကျွန်မ လက်မောင်းရင်းကို ခြေထောက်နဲ့ ဖိနင်းပြီး လက်ကို နောက်ပြန်လိမ်ချိုးတယ်။

"အား..."

ကျွန်မ သွေးရူးသွေးတန်း အော်ဟစ်လိုက်မိတယ်။

သွားပြီ...ကျွန်မလက်တစ်ဖက်တော့ ကျိုးကြေမွသွားခဲ့ပြီ ထင်သည်။

ရက်စက်လိုက်တဲ့လူ။

ဒီလူ့လက်ထဲမှာ လည်စင်းပြီး ကျွန်မ အသေခံရတော့မှာလား။

ကျွန်မဟာ လုံးဝမလှုပ်ရှားနိုင်လောက်အောင် ပြင်းပြင်းထန်ထန် နာကျင်နေမိတယ်။

"မင်းက အတော်စိတ်ဓါတ်ပြင်းတဲ့မိန်းမပဲ မေမြတ်မိုး၊ အဲ့ဒီအတွက် မင်းသိပ်ပင်ပန်းနေပါပြီ၊ သူများကိုကူညီဖို့ ကြိုးစားရင်း မင်း ကိုယ့်သချိုင်းကိုယ် ဆောက်ခဲ့တာပဲ၊ အင်း...မင်းကိုအနားပေးဖို့ ကိုယ့်မှာတာဝန်ရှိပါတယ်...ကဲ"

သူဟာ ဘာမပြောညာမပြောနဲ့ ကျွန်မကို ပွေ့ချီလိုက်ပါတော့တယ်။

သူ တရွေ့ရွေ့နဲ့ လှေကားပေါ်တက်တယ်။

သူ ဘယ်ကိုသွားနေတာလဲ ကျွန်မ သိတယ်။





ကျွန်မရဲ့အနာဂတ်ကိုလည်း ကျွန်မ ကြိုမြင်နေရပြီ။

ကျွန်မ ခန့်မှန်းထားတဲ့အတိုင်း သူ ရေချိုးခန်းထဲ ဝင်လိုက်တယ်။

မလှုပ်ရှားနိုင်တော့တဲ့ ကျွန်မရဲ့ခန္ဓာကိုယ်အတွက် ပါးပြင်နှစ်ဖက်ဟာ နွေးခနဲ ဖြစ်သွားခဲ့ရတယ်။

ကျွန်မ မျက်လုံးအစုံက ပူနွေးစွတ်စိုတဲ့ မျက်ရည်တွေ ကျဖို့ကလွဲပြီး ခုချိန်မှာ ဘာမှအသုံးမဝင်တော့ဘူး။

"စိမ့်စမ်းချို့ အဖော်ရအောင် ကိုယ် မင်းကို ဒီမှာသိပ်ပေးမယ် သိလား မိုး"

ကျွန်မ မျက်လုံးအစုံကို မှိတ်ပြီး စိတ်ကို လျှော့ချလိုက်တယ်။ သူဟာ ကျွန်မကို bathtub ထဲထည့်ပြီး ရေဖွင့်ချလိုက်တယ်။

"ရေတွေက သိပ်အေးနေလားဟင် မေမြတ်မိုး၊ မင်းစိတ်တွေ လန်းဆန်းသွားပြီ မဟုတ်လား"

ညသန်းခေါင်ယံအချိန်ကြီးမှာ မြေအောက်ကလာတဲ့ရေဟာ ကျွန်မ အသည်းနှလုံးကို ပြိုကွဲတော့မတတ် စိမ့်အေးလွန်းလှတယ်။

"မေမြတ်မိုး...မင်း ငါ့ကိုမယုံကြည်ခဲ့ဘူး မဟုတ်လား၊ အိုကေ... မင်း မယုံကြည်တဲ့အတူတူ...ငါ မင်းကို ဖွင့်ဟဝန်ခံပါ့မယ်၊ ဟုတ်တယ်... စိမ့်စမ်းချိုကို ဟော့ဒီကြွေဇလားထဲမှာ ငါ ရေနှစ်သတ်ခဲ့တာ၊ သူ့ဆီက ငါလိုချင်တာတွေ အားရအောင် ရပြီးပြီဆိုတော့ သိပ်မပတ်သက်ချင်တော့ဘူးလေ၊ ငါက အသစ်အသစ်တွေကို အမြဲတောင့်တနေတာကွ...သူ့ကိုရိုးအီသွားပြီ၊ မိတ်ဆွေတွေလိုပဲ ဆက်နေကြဖို့ ပြောတာကို မရဘူး၊ အတင်းတွယ်ကပ်ပြီး အကြပ်ကိုင်လာလို့ ရေနှစ်သတ်ခဲ့တာ"

ဘုရား...ဘုရား...။

သူ့ကို ကြောက်လန့်တကြား ကြည့်လိုက်မိတယ်။

ကြောက်လွန်းလို့ ကျွန်မလိပ်ပြာဟာ လွင့်ထွက်သွားတော့မတတ် ဘဲ။

"မကြောက်ပါနဲ့ မေမြတ်မိုးရယ်၊ တစ်ကိုယ်လုံး မလှုပ်ရှားနိုင်တဲ့ မင်းကိုတော့ ရေထဲနှစ်သတ်ရလောက်အောင် ငါ မရက်စက်ပါဘူး၊ အချိန်တန်

လို့ ဒီကြွေဇလားထဲမှာ ရေပြည့်သွားခဲ့ရင်..."

သူ စကားမဆက်ဘဲ ကျွန်မကို အေးစက်တဲ့အပြုံးမျိုးနဲ့ ပြုံးကြည့်တယ်။

"ရှန်းရင်းဆန်ခတ် မဖြစ်ဘဲ မင်းဘာသာ အလိုအလျောက် ညင်သာစွာ အိပ်ပျော်သွားတာကို ငါ ပိုပြီးလိုလားပါတယ်"

ကျွန်မ ရှိုက်ရှိုက်ပြီး ငိုကြွေးနေမိတယ်၊

ရေဟာ တဖြည်းဖြည်း မြင့်တက်လာပြီ။

အဲ့ဒီအချိန်မှာပဲ။

ကျွန်မ ရင်ဘတ်ပေါ်မှာ ငြိမ်သက်နေတဲ့ ဆွဲကြိုးကလေးဟာ ဖျတ်ခနဲ လက်သွားခဲ့တယ်။

သူ ခုမှ လည်ဆွဲကို သတိထားလိုက်မိတဲ့ပုံပဲ။

"ဝမ်းနည်းပါတယ် မေမြတ်မိုး၊ ဒီလည်ဆွဲက မင်းနဲ့မှ လိုက်ဖက်တာ"

သူ လည်ဆွဲကို ကိုင်ကြည့်တယ်။

အဲ့ဒီနောက်...

တစ်ခုခုဆက်ပြောဖို့ ကျွန်မမျက်နှာကိုအကြည့်...

ကျွန်မရဲ့ မျက်နှာဟာ ကြောက်စရာအလွန်ကောင်းသော ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် စိမ့်စမ်းချို၏ သရဲမရုပ်သွင် ချက်ချင်းပြောင်းသွားတော့တယ်။

"စိမ့်စမ်းချို...အား...သရဲ"

လို့ ကျွန်မမျက်နှာကို ကြည့်ပြီး အော်တယ်။

သူ အတော်လေး သွေးပျက်ခြောက်ခြားသွားပုံရတယ်။

လန့်ပြီး 'အား' ခနဲ အော်ကာ နောက်ကို လန်ကျသွားတယ်။

လန်ကျသွားတဲ့အရှိန်နဲ့ သူ ကိုယ်ဟန်ပျက်ပြီး ပိုက်ကြိုးကိုလှမ်းဆွဲတယ်။

ပိုက်ကြိုးကောလူပါ ဝရုန်းသုန်းကား ပြုတ်ကျသွားပြီး ဟန်ချက်မထိန်းနိုင်ဘဲ ဦးခေါင်းနှင့် ကြွေ basin အရှိန်ပြင်းစွာ ဆောင့်မိကာ...





ရင်ခေါင်းထဲကလာတဲ့ 'အား' ခနဲ မချိမဆန့် အော်သံကြီး သူ့ဆီကထွက်လာခဲ့တယ်။

သူ့ခေါင်းမှာ သွေးတွေ ချင်းချင်းရဲသွားခဲ့တယ်။

အဲ့ဒီအချိန်မှာပဲ...

ကျွန်မဟာ တစ်စုံတစ်ယောက်က ဆွဲခေါ်လိုက်သလို ကြွေဇလားထဲက ထလာနိုင်ခဲ့တယ်။

"မေမြတ်မိုး...မင်းဘယ်သွားမလို့လဲ...လာစမ်း"

သူ ကြမ်းပြင်ပေါ်မှာ လူးလိမ့်နေရင်းက ကျွန်မကို လှမ်းအော်တယ်။

ကျွန်မဟာ ဘာခွန်အားမှ စိုက်စရာမလိုပဲ မမြင်ရတဲ့ တစ်စုံတစ်ယောက်ရဲ့ဆွဲခေါ်ရာနောက် လိုက်ပါနေမိတယ်။

ကျွန်မကို ကယ်တင်ခဲ့တာ ဘယ်သူလဲ။

"စိမ့်စမ်းချိုလား"

ကျွန်မ ခပ်တိုးတိုး ခေါ်လိုက်မိတယ်။

ဘာမှ တုံ့ပြန်မှု မရှိခဲ့ဘူး။

ကျွန်မဟာ တဖြည်းဖြည်းနဲ့ ခြံနောက် ရောက်လာခဲ့တယ်။

"မေမြတ်မိုး...ရပ်စမ်း၊ မင်း ထွက်မပြေးနဲ့၊ ဘယ်နည်းနဲ့မှ ငါ့လက်က မလွတ်ဘူး၊ ရပ်စမ်း...အခုရပ်"

ခေါင်းမှာ သွေးချင်းချင်းနီရဲနေတဲ့သူဟာ အရူးတစ်ယောက်လို သွေးရူးသွေးတန်းနဲ့ ကျွန်မနောက် ပြေးလိုက်လာနေတုန်းပဲ...။

ချောင်းစပ်ရောက်လာတော့ ကျွန်မခြေလှမ်း တုံ့ခနဲ ရပ်သွားတယ်။

သူကလည်း မလှမ်းမကမ်းမှာ ရောက်လာပြီ။

ကျွန်မ ဘာလုပ်ရမလဲ။

တုန်လှုပ်ချောက်ချားမှုဟာ ကျွန်မ ရင်နှလုံးကို ဆုပ်ညှစ်ခြေမွနေတယ်။

"စိမ့်စမ်းချို...ငါ့ကို ကယ်ပါဦး...၊ ဒီလူ့လက်ထဲမှာ ငါ အသည်းခံပြီး သေပါရစေနဲ့"

ကျွန်မ အရူးတစ်ယောက်လို မမြင်ရတဲ့ဝိညာဉ်ကို ခပ်တိုးတိုး

တိုင်တည်လိုက်မိတယ်။

အဲ့ဒီအချိန်မှာပဲ...

ကျွန်မဟာ ဆတ်ခနဲ ဆောင့်ဆွဲတာ ခံလိုက်ရပြီး ရေထဲကို ဖြည်းညင်းစွာ ပြုတ်ကျသွားခဲ့ပါတယ်။

"မေမြတ်မိုး..."





## ဇာတ်သိမ်း

ခေါ်သံနှင့်အတူ သူဟာ ရေထဲအထိ ကျွန်မနဲ့ ထက်ကြပ်မကွာ လိုက်ပါလာခဲ့တယ်။

သူဟာ ရေကူးသိပ်ကျွမ်းကျင်တဲ့ လူတစ်ယောက်မို့ မကြာခင်မှာပဲ ကျွန်မကို မိသွားခဲ့တော့တယ်။

ရေထဲမှာ သူ ကျွန်မကို အတင်းနစ်သတ်ဖို့ ကြိုးစားတယ်။

ကျွန်မ သတိကြီးစွာထားရင်း သူ့လက်တွေကို မနည်းလွတ်အောင် ရှောင်နေရတယ်။

သူ့ရဲ့သန်မာတဲ့ လက်ချောင်းတွေဟာ ကျွန်မလည်ပင်းဆီကို မကြာခဏ ရစ်ပတ်လာခဲ့တယ်။

တစ်ချိန်မှာ ကျွန်မ မရှောင်တိမ်းနိုင်တော့ဘဲ သူ့လက်ချောင်းတွေထဲ ရောက်သွားခဲ့ရတယ်။

ကျွန်မ ကြောက်အားလန့်အားနဲ့ အတင်းဆောင့်ရုန်းလိုက်တဲ့အခါ မှာ...သူ့လက်ထဲ လည်ဆွဲလေး ပြတ်ပါသွားခဲ့ပြီး...

တစ်စုံတစ်ယောက်က တွန်းတင်လိုက်သလို ကျွန်မလည်း ရေပေါ်ကို ပေါ့ပါးစွာ လွင့်ကူးရောက်ရှိသွားတော့တယ်။

ကျွန်မ မျက်နှာကိုမော့ပြီး အသက်ကို ဝအောင်ရှူလိုက်မိတယ်။

ကျွန်မအသက်အတွက် ကျွန်မ စိတ်မချနိုင်သေးဘူး။

စိတ်မလုံစွာ ရေထဲ ပြန်ငုံ့ကြည့်လိုက်တဲ့အချိန်မှာ...

ပြတ်ကျနေတဲ့လည်ဆွဲကို တင်းတင်းဆုပ်ကိုင်ရင်း..ကျွန်မ နောက် လိုက်လာဖို့ ကြိုးစားနေတဲ့ သူ့ကို တွေ့လိုက်ရတယ်။

ဒါပေမယ့်...

သူ ကျွန်မဆီ ရောက်မလာနိုင်ခဲ့ပါဘူး။

ရေအောက်မှာ ပြာနှမ်းပြီး အရိုးပြိုင်းပြိုင်းကျနေတဲ့ ကြောက်မက် ဖွယ်ရာ မကောင်းဆိုးဝါးတစ်ကောင်ဟာ သူ့လက်ကို ဖမ်းဆွဲလိုက်တာ တွေ့ ရတယ်။

သူဟာ ကြောက်အားလန့်အားနဲ့ မကောင်းဆိုးဝါးလက်ထဲက အလွတ်ရုန်းဖို့ ကြိုးစားရင်း ကြိုးစားရင်းနဲ့ပဲ ရေအောက်ကြမ်းပြင်ဆီ တဖြည်း ဖြည်း နစ်မြုပ်ငြိမ်သက်သွားတော့တယ်။

သူ ငြိမ်သက်သွားတာနဲ့ တစ်ပြိုင်နက်...

သူ့လက်ထဲက လည်ဆွဲဟာလည်း..ဟိုး..ရေအောက်ကြမ်းပြင်ဆီ လျှောကျသွားခဲ့ပြီး...ကြောက်မက်ဖွယ်ရာ အရိုးပြိုင်းပြိုင်းကျနေတဲ့ ပြာနှမ်းနှမ်း မကောင်းဆိုးဝါးကောင်ဟာ...

ပကတိ ချစ်စဖွယ်ကောင်းတဲ့ လှပနူးညံ့တဲ့ မိန်းကလေးတစ်ယောက် အသွင် ပြောင်းလဲသွားပါတော့တယ်။

◆ ◆ ◆



မေမြတ်မိုး အချိန်အတော်ကြာအောင် မျက်လွှာချလို့ ခြေစုံရပ် ငြိမ်သက်နေမိတယ်။ လေပြည်အေးက ပါးပြင်ဆီ ငြင်သာဖျော့ဖျော့ တိုက်ခတ် တာ ခံလိုက်ရတော့မှ သတိပြန်ဝင်လာခဲ့တော့တယ်။

"ကျေးဇူးတင်ပါတယ်...အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်၊ ငြိမ်းချမ်းစွာ နေရစ်ခဲ့ပါ...နှုတ်ဆက်ခဲ့ပါတယ်"

မျက်တောင်စပ်မှာ ပူနွေးစွတ်စိုသွားတာ ခံစားသိလိုက်ရတယ်။

ရင်ထဲမှာ နွမ်းလျပြီး ဆို့နင့်နေမိတယ်။ ကြေကွဲခြင်းဟာ ရင်နှလုံးကို မီးလောင်တိုက်သွင်းထားသလို ကျွမ်းမြည့်နာကျင်စေတယ်။

"နှုတ်..ဆက်..ခဲ့..ပါ..တယ်"

ကျွန်မ နောက်တစ်ကြိမ်ထပ်ပြောပြီး ပန်းရောင်ပွပွ နှင်းဆီငုံလေး တစ်ငုံကို သူမရဲ့အုတ်ဂူဖြူလေးပေါ် ညင်သာဖွဖွ တင်ပေးလိုက်တယ်။

စိမ့်စမ်းချို...

ဆိုတဲ့ အုတ်ဂူပေါ်က နာမည်လေးဟာ ကျွန်မအမြင်အာရုံထဲမှာ ဝေဝါးလို့သွားခဲ့ပါပြီ.......။ ။

ကျွန်မ ကြောက်အားလန့်အားနဲ့ အတင်းဆောင့်ရုန်းလိုက်တဲ့အခါ မှာ...သူ့လက်ထဲ လည်ဆွဲလေး ပြတ်ပါသွားခဲ့ပြီး...

တစ်စုံတစ်ယောက်က တွန်းတင်လိုက်သလို ကျွန်မလည်း ရေပေါ်ကို ပေါ့ပါးစွာ လွင့်ကူးရောက်ရှိသွားတော့တယ်။

ကျွန်မ မျက်နှာကိုမော့ပြီး အသက်ကို ဝအောင်ရှူလိုက်မိတယ်။

ကျွန်မအသက်အတွက် ကျွန်မ စိတ်မချနိုင်သေးဘူး။

စိတ်မလုံစွာ ရေထဲ ပြန်ငုံ့ကြည့်လိုက်တဲ့အချိန်မှာ...

ပြတ်ကျနေတဲ့လည်ဆွဲကို တင်းတင်းဆုပ်ကိုင်ရင်း...ကျွန်မ နောက် လိုက်လာဖို့ ကြိုးစားနေတဲ့ သူ့ကို တွေ့လိုက်ရတယ်။

ဒါပေမယ့်...

သူ ကျွန်မဆီ ရောက်မလာနိုင်ခဲ့ပါဘူး။

ရေအောက်မှာ ပြာနှမ်းပြီး အရိုးပြိုင်းပြိုင်းကျနေတဲ့ ကြောက်မက် ဖွယ်ရာ မကောင်းဆိုးဝါးတစ်ကောင်ဟာ သူ့လက်ကို ဖမ်းဆွဲလိုက်တာ တွေ့ ရတယ်။

သူဟာ ကြောက်အားလန့်အားနဲ့ မကောင်းဆိုးဝါးလက်ထဲက အလွတ်ရုန်းဖို့ ကြိုးစားရင်း ကြိုးစားရင်းနဲ့ပဲ ရေအောက်ကြမ်းပြင်ဆီ တဖြည်း ဖြည်း နစ်မြုပ်ငြိမ်သက်သွားတော့တယ်။

သူ ငြိမ်သက်သွားတာနဲ့ တစ်ပြိုင်နက်...

သူ့လက်ထဲက လည်ဆွဲဟာလည်း...ဟိုး..ရေအောက်ကြမ်းပြင်ဆီ လျှောကျသွားခဲ့ပြီး...ကြောက်မက်ဖွယ်ရာ အရိုးပြိုင်းပြိုင်းကျနေတဲ့ ပြာနှမ်းနှမ်း မကောင်းဆိုးဝါးကောင်ဟာ...

ပကတိ ချစ်စဖွယ်ကောင်းတဲ့ လှပနူးညံ့တဲ့ မိန်းကလေးတစ်ယောက် အသွင် ပြောင်းလဲသွားပါတော့တယ်။

◆ ◆ ◆



မေမြတ်မိုး အချိန်အတော်ကြာအောင် မျက်လွှာချလို့ ခြေစုံရ ငြိမ်သက်နေမိတယ်။ လေပြည်အေးက ပါးပြင်ဆီ ငြင်သာဖျော့ဖျော့ တိုက်ခ တာ ခံလိုက်ရတော့မှ သတိပြန်ဝင်လာခဲ့တော့တယ်။

"ကျေးဇူးတင်ပါတယ်...အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ် ငြိမ်းချမ်းစွာ နေရစ်ခဲ့ပါ...နှုတ်ဆက်ခဲ့ပါတယ်"

မျက်တောင်စပ်မှာ ပူနွေးစွတ်စိုသွားတာ ခံစားသိလိုက်ရတယ်။

ရင်ထဲမှာ နွမ်းလျပြီး ဆို့နင့်နေမိတယ်။ ကြေကွဲခြင်းဟာ ရင်နှလုံး မီးလောင်တိုက်သွင်းထားသလို ကျွမ်းမြည့်နာကျင်စေတယ်။

"နှုတ်..ဆက်..ခဲ့..ပါ..တယ်"

ကျွန်မ နောက်တစ်ကြိမ်ထပ်ပြောပြီး ပန်းရောင်ပွပွ နှင်းဆီငုံလေ တစ်ငုံကို သူမရဲ့အုတ်ဂူဖြူလေးပေါ် ညင်သာဖွဖွ တင်ပေးလိုက်တယ်။

စိမ့်စမ်းချို...

ဆိုတဲ့ အုတ်ဂူပေါ်က နာမည်လေးဟာ ကျွန်မအမြင်အာရုံထဲ ဝေဝါးလို့သွားခဲ့ပါပြီ.......။ ။